


# မြင်းသည်တော်များ

ရသစာတမ်းစုစည်းမှု

အသက်အရွယ်၊ အတွေ့အကြုံ
အတွေးအမြင်နှင့် ကျင်လည်ရာရပ်ဝန်း
မတူညီကြသည့် ဆရာ (၂၀) ဦး၏
ရသစာများစုစည်းမှု......

30/1/2019

# မြှင်းသည်တော်များ

★

## ရသစာတမ်းစုစည်းမှု

## ကလောင်စုံ

ဆိပ်ကမ်းသာစာပေ
ဆိုင်အမှတ် ၁၃ ၊ ၃၈ လမ်းနှင့်ဆိပ်ကမ်းသာလမ်းကြား
ဖုန်း −၀၉ ၇၈၆ ၈၃၇ ၃၀၅၊ ၀၉ ၉၆၃ ၆၉၉၈၁၄
email: seikkamthar@gmail.com

## ပုံနှိပ်မှတ်တမ်း

**ပန်းချီ** ဝင်းမြင့်

**မျက်နှာဖုံးဒီဇိုင်း** မြတ်မင်း

**အတွင်းအပြင်အဆင်** ယမင်း

**ထုတ်ဝေသည့်ကာလ** ဇန်နဝါရီလ၊ ၂၀၁၉ ခုနှစ်

**ထုတ်ဝေသည့်အကြိမ်** ပထမအကြိမ်

**ထုတ်ဝေသည့်အရေအတွက်** ၅၀၀

**တန်ဖိုး** ၂,၅၀၀ ကျပ်

**ထုတ်ဝေသူ** ဦးခိုင်ညွန့် (မြ-၀၀၄၈၅)၊
ဆိပ်ကမ်းသာစာပေ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်** Yangon.School Press (၀၀၈၀၅)
အမှတ် (၅)၊ ပုဇွန်တောင်ဈေးလမ်း။
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

## မြင်းသည်တော်များ(ရသစာတမ်းစုစည်းမှု)

ကလောင်စုံ
ရန်ကုန်၊ ဆိပ်ကမ်းသာစာပေ၊ ၂၀၁၉။
စာမျက်နှာ – ၁၅၂ ၊ ၁၈ x ၂၅ စင်တီမီတာ။
(၁) မြင်းသည်တော်များ (ရသစာတမ်းစုစည်းမှု)

# မာတိကာ


၁။ နေရာ------------------------------------------**သစ္စာနီ** ၅

၂။ အကွေ့ပါသောဘဝများ------------------------**မောင်သစ်ကြည်** ၉

၃။ ကမ္ဘာပျက်လျှင် သင်ဘာလုပ်မည်နည်း----------------**ကြူးနှစ်** ၁၉

၄။ ပင်လယ်များကို ဖြတ်သန်းခြင်း----------------------**မိုယ်းဇော်** ၂၇

၅။ စာအုပ်အငှားဆိုင်လေး------------------------------**မိုးနေ** ၃၅

၆။ ငယ်ဘဝ ----------------------------------------**နိုင်မျိုး** ၄၃

၇။ အဖေကိုချစ်သော သားတစ်ယောက်အကြောင်း
(သို့မဟုတ်)သားကိုချစ်သော အဖေတစ်ယောက်
အကြောင်း--------------------------------------**ရွှေမြအောင်** ၄၉

၈။ မှိုတက်နေသော ပေါင်မုန့်များ -------------- **ဥညြ(ချယ်ရီမြေ)** ၅၉

၉။ ကျွန်တော်တို့မြို့က မြေဖြူပန်းချီဆရာ
တစ်ယောက်အကြောင်း -------------------------- **ဇာဒိမ့်ဗီဝဏ်** ၆၉

၁၀။ ဝန်ခံသတ္တိ ----------------------------------**နေစကြာနိုင်** ၇၅

၁၁။ ကျွန်တော်နှင့်အရုပ်ဆိုင်များ-------------------------**ကောင်းပိုင်** ၈၃

၁၂။ မွေးနေ့ -----------------------------------------**လင်းမွန်ခ** ၈၉

၁၃။ အေလာနှင့်ပါရာဒိုင်းအရွေ့များ-----------------------**ရဲလွန်နိုင်း** ၉၃

၁၄။ ဆောင်းခိုငှက်တို့ အိမ်ပြန်ချိန်--------------**ကိုဇော်(မလက်တို)** ၁၀၅

၁၅။ အထည်ကြီးပျက်အဆောက်အအုံ------------------ **ညီမိုးဝေ** ၁၁၃

၁၆။ မိသားစုတိုင်းပြည်--------------------**ကိုကိုလင်း(အမေ့အိမ်)** ၁၁၉

၁၇။ သိင်္ဂါရတေးနှင့်တောနက်ကြီးဝါဒ-------------------**ချမ်းငြိမ်းနိုင်** ၁၂၇

၁၈။ စစ်ကိုင်းလမ်းသို့ သွားချိန်တန်ပြီလားကွယ်-------- **ရဲရင့်ဘုန်း** ၁၃၃

၁၆။ မစားရက်သောကွတ်ကီးတစ်ထုပ်------------------**မျိုးထွန်းငြိမ်း** ၁၄၁

၁၆။ ရေစီးကြောင်းနဲ့ထပ်တူပေါလောမျောနေတဲ့
လိမ္မော်သီးတစ်လုံးရဲ့ မနက်ဖြန်--------------------**ကျော်စိုးလူ** ၁၄၇

“ကုလားထိုင်သည် ဗိနပ်ချွတ် သံဇကာနှင့်နီး၍
အလင်းရောင်ရသည်။ လေရသည်။ ထိုကုလားထိုင်တွင်ထိုင်၍
ဆေးပေါ့လိပ်တဖွာဖွာဖြင့် အဖေသည်
သတင်းစာဖတ်သည်•••”

ဆောင် ဆောင်ရွက်ပေးရသည်များရှိသည်။ ဒီဘူတာကလေးမှပင် ရန်ကုန်၊ မန္တလေး၊ သာစည်၊ မကွေး၊ တောင်တွင်းကြီး၊ ကျောက်ပန်းတောင်း စတဲ့မြို့ကြီးများဆီရောက်ဖို့ ခရီးသွားသူများ အားကိုးခဲ့ရသလို နံနံ၊ ငရုတ်၊ ကြက်သွန်၊ ပဲ၊ ပြောင်း စတဲ့ ဒေသထွက်ကုန်များ အားလုံးသည်လည်း ခြင်းကြီးခြင်းငယ် အသွယ်သွယ်ထုပ်ပိုးပြီး ဒီဘူတာကလေးမှတစ်ဆင့် အနယ်နယ်အရပ်ရပ်ကို ခရီးနှင်သွားခဲ့ကြသည်သာ။

လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ခန့် နေပြည်တော်ကြီးမပေါ်ပေါက်ခင် ပျဉ်းမနားဘူတာကြီး အလွန်စည်ကားခဲ့သလို အေလာဘူတာကလေးသည်လည်း စည်ကားခဲ့သည်။ အေလာတွင် သတ္တုသန့်စင် စက်ရုံလည်းရှိနေ၍ တာဝန်ထမ်းဆောင်လျက်ရှိသော သတ္တုစက်ရုံဝန်ထမ်းများ၊ ခရီးသွားလာလိုသူများ၊ ကုန်စည်သယ်ဆောင်လိုသူများက ကားလမ်းဖြင့်သွားကြခြင်းထက် မီးရထားခရီးကိုသာ အားကိုးအားထား သွားလာခဲ့ရသည်။ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမှာလည်း အေလာ၏အနောက်ဘက် ၃ မိုင်ခန့်တွင် ရှိသည်ဖြစ်ရာ ကားဖြင့်ခရီးသွားခြင်းထက် မီးရထားဖြင့်သွားလာရခြင်းက ပို၍အဆင်ပြေနေခြင်းကြောင့်လည်းဖြစ်သည်။ အေလာဒေသဝန်းကျင်ရွာပေါင်းနှစ်ဆယ်ကျော်မှ ဒေသထွက်ကုန်များသည်လည်း အေလာဘူတာလေးမှတစ်ဆင့် အနယ်နယ်အရပ်ရပ်ကို ခရီးနှင်ခဲ့ကြရသည်။

× × × × ×

*"ဟား. . . အစ်ကို ရထားဆိုက်တာ ကြာပြီလား"*

မေးမေးပြောပြော ဝင်လာသော မိမိအားလာကြိုသူ ညီငယ်က ဆိုလေသည်။

*"မကြာသေးပါဘူးကွာ။ ဘူတာမှာ ခရီးသွားဆိုလို့ ငါတစ်ယောက်တည်းရှိနေတာကို အံ့ဩရင်း အရင်ကစည်ကားလှတဲ့ အေလာဘူတာလေးကို ပြန်မြင်ယောင်တွေးနေမိတာပါကွာ" ဟု*

*ပြောပြီး ညီငယ်ကိုနှုတ်ဆက်လိုက်သည်။*

*"ဟာ. . . အစ်ကိုကလည်း ပါရာဒိုင်းလေဗျာ။ အေလာပါရာဒိုင်း။ (Paradigm Shift Ela) အေလာ အရွှေ့ပေါ့" ဟု*

တစ်နေ့တွင် အမေဈေးကအပြန် ပရိဘောဂအရောင်းဆိုင်မှ ကုလားထိုင်လေးတစ်လုံးကို ဝယ်လာသည်။ အမေ့နောက်မှ ကူလီကုလားကရွက်ကာ အိမ်လိုက်ပို့သည်။ အမေက

"အိမ်ကိုဆွမ်းခံကြွတဲ့ ကိုယ်တော်ထိုင်ဖို့"

ဟု တိုတိုသာမိန့်သည်။ အဖေ ဘာမှမပြော။ ဘုန်းကြီးဆွမ်းခံကြွလာလျှင် ဖျာခင်းပေးရသောအလုပ်၊ ပြန်ကြွလျှင် ဖျာသိမ်းရသည့် အလုပ်တစ်ခုတော့ ငြိမ်းတာပေါ့ဟု ကျွန်တော်ကတွေးသည်။

ဤကုလားထိုင်တွင် ထိုင်ချင်လှသော်လည်း အမေက ဆွမ်းခံကိုယ်တော်အတွက် ရည်ရွယ်သည်ဆိုသဖြင့် ကျွန်တော်တို့မောင်နှမတွေမထိုင်ဝံ့။ သို့သော် ဆွမ်းခံကိုယ်တော်က ဆွမ်းခံခိုက်သာထိုင်သဖြင့်၊ ဤကုလားထိုင်မှာ တစ်နေ့လုံး အားနေသည်မှာလည်း မသင့်တော်။ ဤပြဿနာကိုအဖေက တာဝန်ယူဖြေရှင်းလိုက်သည်။ ဘုန်းကြီးဆွမ်းခံချိန်ကလွဲ၍ ဤကုလားထိုင်တွင် အဖေထိုင်သည်။ ကုလားထိုင်သည် ဖိနပ်ချွတ် သံဇကာနှင့်နီး၍ အလင်းရောင်ရသည်။ လေရသည်။ ထိုကုလားထိုင်တွင်ထိုင်၍ ဆေးပေါ့လိပ်တဖွာဖွာဖြင့် အဖေသည် သတင်းစာဖတ်သည်။ ကက်ဆက်နားထောင်သည်။ ကုလားထိုင်တွင်ထိုင်ရတာကို အဖေသည်အတော်ပင် မွေ့လျော်နေဟန်တူ၏။ သူ့မျက်နှာပေါ်တွင် ပီတိကိုတွေ့ရသောကြောင့်ဖြစ်သည်။

အဖေကုလားထိုင်ခြေရင်းတွင် အဖေမွေးထားသော အောင်နက်ဆိုသည့် ခွေးကြီးသည် အမြဲဝယ်ဆင်းကာ သူ့ကိုငေးမောနေတတ်သည်။

× × × × ×

(၃)

အဖေလမ်းလျှောက်ထွက်သည့်အခါ ဒါမှမဟုတ်အိမ်တွင် အဖေမရှိသည့်အခါများ၌ ထိုကုလားထိုင်တွင် ကျွန်တော်တို့မောင်နှမများ၊ ဦးရာလူက တက်ထိုင်လေ့ရှိ၏။ အမေက ဘာမှမပြော။ အဖေပြန်လာတာတွေ့လျှင် ထိုင်နေသူက ထပေးလိုက်ရုံသာဖြစ်သည်။ ပြဿနာမရှိ။

ဒီတော့မှ ကုလားထိုင်မှာထိုင်ရတာ တော်တော်ဇိမ်ကျတာပဲဟု ကိုယ်တွေ့ခံစားမိသည်။ ကြမ်းပြင်ပေါ်ထိုင်ရတာထက် ပို၍စမတ်ကျသည်။ သက်သောင့်

သက်သာရှိသည်။ ကျွန်တော်ထိုင်နေတာကြာလျှင် အငယ်တွေကနေရာလာလု တတ်၏။

"အစ်ကို နင် ထိုင်နေတာကြာပြီ။ ဖယ်ပေးဦး၊ တို့လဲ ထိုင်ဦးမယ်"

ဆိုလျှင် ကျွန်တော် ထပေးရသည်။ ကုလားထိုင်ကြိုက်သော ရောဂါက သူတို့ကိုလည်း ကူးစက်နေပြီဖြစ်သည်။

တစ်ရက် ကျွန်တော်အပြင်သွားရာမှ အိမ်ပြန်လာသောအခါ လမ်းတွင် အဖေနှင့်တွေ့သည်။ ဤအချိန်က အမြဲအဖေလမ်းလျှောက်ချိန်ဖြစ်သည်။ ကျွန်တော်ပျော်သွား၏။ အငယ်တွေကလည်း ကျောင်းသွားချိန်။ အိမ်တွင် အမေပဲရှိမည်။ အမေက ကုလားထိုင်တွင်ထိုင်လေ့မရှိ။ (ဘုန်းကြီးအတွက် ရည်စူးထားသောကြောင့် မထိုင်ခြင်းဖြစ်သည်။) ကျွန်တော် ခပ်သွက်သွက်ခြေလှမ်း လှမ်းကာ အိမ်ပြန်လာခဲ့သည်။ ပြီးတော့ အားရဝမ်းသာအိမ်ထဲဝင်လိုက်သည်။

မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော်စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ ထိုင်သူကင်းမဲ့နေခိုက်၊ အောင်နက်သည် ထိုကုလားထိုင်ပေါ်တွင် တက်ကာ မိန့်မိန့်ကြီးခွေအိပ်နေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

× × × × ×

(၄)

ဤအဖြစ်များဖြစ်ပျက်ခဲ့သည်မှာ ကြာတော့ကြာခဲ့ပြီ။ အနှစ် ၅၀ ကျော်ခဲ့ပြီ ဖြစ်သည်။

**သစ္စာနီ**

■

ဤသို့ဖြင့် ဘဝကအသိကို အပြန်အလှန်ပြဋ္ဌာန်းပေးခဲ့သည်။
ကျွန်တော်၏မအောင်မြင်ခဲ့သော မပြီးမြောက်ခဲ့သော
အတိတ်ကိုသင်ခန်းစာယူဖို့ နောက်ပြန်မကြည့်ခဲ့လျှင်
ကျွန်တော်၏ဆင်ခြင်တုံတရားသည်...

# အကွေ့ပါသောဘဝများ

**မောင်သစ်ကြည်**

(၁)

ငါ့ဘဝမှာ နောက်ပြန်ကြည့်တာတွေ
ကိုယ်ရေးကိုယ်တာ ခံစားချက်တွေ
အတွေးတွေနဲ့ ဆန္ဒတွေ
မကြာခဏ ကြုံခဲ့ရတယ်
ဘဝရဲ့ညီညာတဲ့အကွေ့တွေ
လမ်းကြောင်းတွေမှာ
ရက်ရောတဲ့ စေတနာတွေကို တွေ့ပါရဲ့
ဒါပေမဲ့ ဘာမှမပြီးမြောက်ခဲ့လေဘူး။

Zima Junction ဆိုတဲ့ 'ဇီမာလမ်းဆုံ' ကဗျာရှည်တစ်ပုဒ်ထဲက ဒီစာပိုဒ်တွေက ကျွန်တော့်ရင်ကို လာထိပါသည်။

ထိုဇီမာလမ်းဆုံဆိုတဲ့ တောဘူတာရုံလေးရှိတဲ့ မြို့ကလေးမှာ ရုရှားကဗျာဆရာ 'ယက်တူရှန်ကို' Yevtushenko ဟာ သူ့ဇာတိမြို့လေးနဲ့ သူ့ဘဝကို ခြသေ့်လည်ပြန် အတွေးတွေနဲ့ရေဖွဲ့တဲ့ကဗျာဖြစ်ပါသည်။

*ကဗျာဆရာက*
*သေးငယ်တဲ့ မြို့ကလေးမှာ*
*ငါကြီးပြင်းခဲ့ရတယ်*
*နှင်းယွန်းတဲ့တောမြိုင်ကို ချစ်တဲ့စိတ်*
*လွမ်းစရာရှုခင်းကိုချစ်တဲ့စိတ်*
*နွမ်းပါးတိတ်ဆိတ်တဲ့ အိမ်ကလေးတွေကို*
*ချစ်တဲ့စိတ်နဲ့*
*ငါတရိပ်ရိပ် ကြီးပြင်းခဲ့တယ်*

ဟု ရိုးသားစွာ ဝန်ခံထားပါသည်။

ပြီးတော့ 'ငါ့ဘဝမှာ အရေးကြီးတဲ့မြို့ကလေးဖြစ်တဲ့' ဇီမာဆိုတဲ့ လမ်းဆုံကို ပြန်လာခဲ့တယ်ဟု ဖော်ကျူးထားပြန်သည်။

ကျွန်တော်လည်း ကျွန်တော့်ဘဝကို နောက်ပြန်ကြည့်မိသည့်အခါတိုင်း ကိုယ်ရေးကိုယ်တာခံစားချက်တွေ အတွေးတွေ၊ ဆန္ဒတွေနဲ့ ပြည့်သိပ်လေးလံနေတာကိုလည်း မကြာခဏကြုံတွေ့ခဲ့ရပါသည်။

ဘဝဟာ အကွေ့ပါမှ ပိုလှသလား။

မြစ်ဟာအကွေ့ပါမှပိုလှသလားဟု ကျွန်တော့်ကိုယ်ကျွန်တော် အင်တာဗျူးခဲ့ပေါင်းလည်း မနည်းတော့ပါဘူး။

ကျွန်တော့်ဘဝရဲ့ ညီညာတဲ့ အကွေ့တွေလမ်းကြောင်းတွေမှာ ရက်ရောတဲ့ စေတနာတွေကိုလည်း မှတ်မှတ်ရရ တွေ့မိပါရဲ့။ ဒါပေမဲ့ မည်မည်ရရ ဘာမှ မပြီးမြောက်ခဲ့ပါဘူး။ ဘဝသည် တိုက်ပွဲဟုဆိုလျှင် ကျွန်တော်ရရှိခဲ့သောအရာသည် အောင်ပွဲမဟုတ်ဘဲ အရှုံးတွေသာ ထပ်တလဲလဲ။

× × × × ×

(၂)

လူတွင် ဗီဇနှင့်ပတ်ဝန်းကျင်နှစ်ခုရှိသည်။ လူသည် ဗီဇနှင့်ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုဒဏ်ကို အနည်းနှင့်အများ အလူးအလဲခံရသည့် သတ္တဝါဖြစ်သည်။

ဗီဇသည် မွေးရာပါ အခွင့်အရေးတစ်ခုဖြစ်၍ ဘာမှနောက်ထပ်ရွေးချယ်ပိုင်ခွင့်မရှိတော့ပါ။ ပတ်ဝန်းကျင်ကိုမူ ရွေးချယ်ပိုင်ခွင့်ရှိသည်။ ဤပတ်ဝန်းကျင်က မိမိအတွက် သဟဇာတဖြစ်လျှင် ဆက်လက်နေထိုင်နိုင်သည်။ ဤပတ်ဝန်းကျင်

သည် မိမိနှင့်အဆင်မပြေလျှင် အခြားပတ်ဝန်းကျင်တစ်ခုသို့ ပြောင်းရွှေ့နိုင်သည်။

ဘဝအသိကား ပတ်ဝန်းကျင်ကိုမှီ၍ ဖြစ်ပေါ်လာရသည်ဟု ကျွန်တော်နိုင်ခိုင်မာမာ ယုံကြည်ပါသည်။ ဘဝကအသိကို ပြဋ္ဌာန်းပေးပါသည်။

တစ်ခါတစ်ရံ ပတ်ဝန်းကျင်က ကျွန်တော်တို့ကို ပြောင်းလဲပေးသည်။

တစ်ခါတစ်ရံ ကျွန်တော်တို့က ပတ်ဝန်းကျင်ကို ပြောင်းလဲပစ်ဖို့ ကြိုးစားကြသည်။

ဤသို့ဖြင့် ဘဝကအသိကို အပြန်အလှန်ပြဋ္ဌာန်းပေးခဲ့သည်။ ကျွန်တော်၏မအောင်မြင်ခဲ့သော မပြီးမြောက်ခဲ့သော အတိတ်ကိုသင်ခန်းစာယူဖို့ နောက်ပြန်မကြည့်ခဲ့လျှင် ကျွန်တော်၏ဆင်ခြင်တုံတရားသည် အဓိပ္ပာယ်ကင်းမဲ့ပေလိမ့်မည်။

ထိုညီညာသော မညီညာသော ဘဝအကွေ့များကား . . .။

× × × × ×

(၃)

တိတ်ဆိတ်ငြိမ်သက်နေသော ဘူတာရုံကလေး၏ အနီးပတ်ဝန်းကျင်တွင် တိတ်ဆိတ်ငြိမ်သက်နေသော ဈေးကလေးလည်းရှိပါသည်။

တောဈေးတန်းကလေးကား ကျိုးတိုးကျဲတဲ။ အင်ဖက်အမိုး။ ဝါးတိုင်ထူမြေစိုက်။ ဈေးဆိုင်ကျောက်ဖြုန်း၊ ဖုန်တလုံးလုံးနှင့် ရှုန်းကန်လှုပ်ရှားနေသည့် ကျေးလက်၏အသက်ရှူသံများကိုကြားရပါသည်။

အညာဒေသ၏ ထုံးစံဓလေ့အတိုင်း ဈေးကလေးအား ငါးရက်တစ်ဈေးအလှည့်ကျ ဈေးခင်းနေရ၏။ ရှားရှားပါးပါး ဈေးထဲတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ငုတ်တုတ်ထိုင်နေလေရဲ့။ ဈေးသည် ကျဲကျဲ၊ ဈေးဝယ်ကျဲကျဲ၊ နေရောင်ရဲရဲ ဖုန်မှုန့်ဝဲဝဲ။ နွားလှည်းတွေက ကစဉ့်ကရဲနဲ့။

နှလုံးသားတွင် နာကျင်စွာဖြင့် ဒုတိယကမ္ဘာစစ်လက်ကျန် ခေါင်းတွဲမည်းမည်း လော်ကယ်ရထား ဥဩသံကို လွမ်းလွမ်းဆွေးဆွေး ပြန်လည်ကြားယောင်လာသည်။ ဂျုန်းဂျုန်းဂျက်ဂျက်ခုတ်မောင်းသံကြီးနှင့်အတူ ကျောက်မီးသွေးလောင်စာကို ဝါးမျိုထားသည့်စက်ခေါင်းကြီးထဲမှ ရှူးရှူးရှဲရှဲ နှာမှုတ်သံအဖြစ်ပြန်လည်မှုတ်ထုတ်လိုက်သော ရေနွေးငွေ့များကိုလည်း ဂဏ္ဌဝင်မြောက်စွာ ပြန်

လည်မြင်ယောင်လာသည်။

ဘဝအလွမ်းဝတ္ထုများကို ဆွေးဆွေးမြည့်မြည့် ရေးသားလေ့ရှိသော စာရေးဆရာကြီး သောမတ်စ်ရှဖ်က မီးရထားဥသြသံဟာ ဘဝမှာ လွမ်းဆွေးစရာ အကောင်းဆုံးပဲဟု ရေးသားခဲ့ဖူးသည်။ အဆိုတော် ထူးအိမ်သင်၏ သီချင်းသံကလေး လွမ်းလွမ်းငင်ငင်ရင်ထဲကို ပြေးဝင်လာပါသည်။

မွေးမြေရပ်ကို လော်ကယ်ရထား
ဆိုက်ရောက်ချိန် ×××
ရထားပေါ်ကအဆင်းနှင့် နှင်းကြားမှာ
ကြိုသူမဲ့ တစ်ဦးတည်း ရပ်နေစဉ်
ငေးမောရင်းနဲ့အားငယ်လာ×××

တမာပင်ညီနောင် လွင်တီးခေါင်ကနေရောင်စူးစူးအောက်မှာ ညောင်လွန့်ဆိုတဲ့ တောဘူတာရုံကလေးက ကျွန်တော်တို့မိသားစုကို တစိမ်းတရံလိုလို ဧည့်သည်လိုလို ပြူးကြောင်ကြောင်မျက်နှာထားနဲ့ ကြည့်နေတာလား။ ကြိုသူမဲ့တဲ့ ကျွန်တော့်တို့ဘဝကို သနားနေတာလား။ ဘာမှမရေရာမသေချာတဲ့ ခံစားမှုများကို ခံစားရင်း ကျွန်တော်တို့မိသားစု ရထားပေါ်မှ ကသုတ်ကရက် ဆင်းခဲ့ရဖူးသည်။

ဤဘူတာလေး၌ လော်ကယ်ရထားရပ်နားချိန်သည် သုံးမိနစ်ပဲ ခွင့်ပြုပါသည်။ ဖုန်တောထဲက ညောင်လွန့်ဘူတာရုံကလေးကို ငေးမောကြည့်နေစဉ်မှာပင် မီးခိုးတလူလူ ရှက်လွှင့်၍ လော်ကယ်ရထားကြီးသည် ဥသြသံပေးပြီး ခုတ်မောင်းသွားသည်။

နေကြာပန်းတွေကြားမှ မီးခိုးငွေ့တန်းနှင့် လော်ကယ်ရထားကြီးအဝေးရောက်သွားပုံလှမ်းမြင်ရသည်။ ကျွန်တော့်ဘဝမှာ အလွမ်းရဆုံးနှင့် အတမ်းတဆုံး ပန်းချီကားတစ်ချပ် ဗင်းဆင့်ဗန်ဂိုးကို လက်တို့ပြီး သည်ပန်းချီကားချပ်ကိုပြလိုက်ချင်စမ်းပါဘိ။

စက်ခေါင်းမည်းမည်း လော်ကယ်ရထားကြီးကဖြင့် လှပပေရဲ့။ Stopping by woods on a snowy evening ကဗျာရေးတဲ့ အမေရိကန်ကဗျာဆရာ ရောဘတ်ဖရော့စ်တ်ပြောခဲ့သလို

"ဒါပေမဲ့ ငါ့မှာ တည်ရမယ့်
ကတိတွေနဲ့ပါလား

မအိပ်ခင်သွားရဦးမယ့်
ခရီးမိုင်တွေနဲ့ပါလား"

ကျွန်တော်သွားရဦးမယ့် ခရီးရှိရာ အရှေ့ဘက် အရှေ့ရိုးမ တောင်ခြေကို လှမ်းမျှော်ကြည့်လိုက်တော့ သွားရမည့် ခရီးမိုင်တွေက ၁၀ မိုင်မကပါလား. .။

× × × × ×

(၄)

"သေချင်ရင် စိန်မစားနဲ့ 'တောင်ပို့သာ' 'ချင်းစု'သွား"တဲ့။

လူထုဗေဒဖြင့် စကားလုံးလှလှအောက်မှာ ဝက်ဝှတ္ထိအဓိပ္ပာယ်တစ်ခုအား ဖော်ကျူးထားမှန်းသိနိုင်ပါသည်။ သေချင်သည့်သူများ သံပုရာသီနဲ့စိန်ကို စားရန်မလို ငှက်ဖျားထူပြောသည့် 'တောင်ပို့သာရွာ' 'ချင်းစုရွာ'သို့သာ သွားပါဟု ဖော်ညွှန်းထားမှန်း သိရပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တာဝန်ကျရာ တောင်ပို့သာ ကျေးလက်ဆေးပေးခန်းလေးရှိရာအရပ်သို့ ပျံသန်းရဦးမည်။ ကျွန်တော်သည် ကျန်းမာရေးမှူးတစ်ယောက်ဖြစ်၍ မိမိကျရာနေရာ မိမိကျရာ တာဝန်ကို ထမ်းဆောင်ရန်အတွက် ကျွန်တော့်မှာလည်း တည်ရမယ့် ကတိတွေနဲ့မို့ ဘယ်လောက်ဝေးဝေး သွားရပါဦးမည်။

ငှက်ဖျားရောဂါဆိုတာ ငှက်ပျောသီးစားလို့ဖြစ်တဲ့ရောဂါမဟုတ်ပါဘူး။

ငှက်ဖျားရောဂါဆိုတာ စိမ့်ရေစမ်းရေသောက်လို့ ဖြစ်တဲ့ရောဂါမဟုတ်ပါဘူး။

ငှက်ဖျားရောဂါဆိုတာ အနော်ဖလီဆိုတဲ့ ခြင်ကိုက်လို့ဖြစ်တဲ့ ရောဂါပါ။ အနော်ဖလီခြင်က ငှက်ဖျားရောဂါပိုးကို သယ်ဆောင်ပေးသူမို့ ခြင်မရှိရင် ငှက်ဖျားရောဂါလည်း မရှိနိုင်ပါဘူး။ ဒါကြောင့် ခြင်ကိုက်မခံပါနဲ့။ ခြင်ထောင်နဲ့အိပ်ပါ။ တုန်ချမ်းပြီး ဖျားတယ်ဆိုတာ ငှက်ဖျားပိုးကြောင့် သွေးနီဥတွေကွဲလို့ ဖြစ်တာဆိုတာ သူတို့ကို အသိပညာပေးရဦးမယ်။ ငှက်ဖျားရောဂါဆိုတာ ကာကွယ်ကုသလို့ရတဲ့ ရောဂါဖြစ်ကြောင်း သူတို့ကိုသိအောင် Knowledge မှတစ်ဆင့် Concept သို့ ပြောင်းလဲလက်ခံလာအောင် ကြိုးစားရဦးမယ်။

ကျွန်တော်တို့တာဝန်သည် ချမ်းတုန်၍ တက်ဖျားကျဖျား ဖျားနာသူမှန်သမျှ ငှက်ဖျားဟု မသင်္ကာသူမှန်သမျှကို သွေးဖောက်စစ်ဆေးပေးရမည်။ အနုကြည့်

မှန်ဘီလူးအောက်မှာ ငှက်ဖျားပိုး Positive ဖြစ်သူအား ချက်ချင်းကုသပေးရမည်။ (ဟိုတုန်းက R.D.T ခေါ်တဲ့ ငှက်ဖျားပိုးရှိမရှိ အမြန်စစ်ဆေးနိုင်တဲ့ Stick မရှိသေးပါ)

ဪ. . . ကျွန်တော့်မှာလည်း တည်ရမယ့် ကတိတွေနှင့်ပါလား။

သွားရမည့် ခရီးမိုင်တိုင်အနေအဖြင့် (၁၀) မိုင်ကျော်ခရီးဖြစ်၍ နွားလှည်းတစ်စီးငှားပြီး ကျွန်တော်တို့မိသားစု (ကျွန်တော်ရယ်၊ ဇနီးရယ်နှင့်သားကြီး (၆) လအရွယ်ရယ်ပါ) တောင်ပို့သာရွာကလေးရှိရာ မှန်းဆရော်ရမ်း ထွက်ခွာခဲ့သည်။

ရွာမှထွက်ပြီး ရှားစောင်းပင်ပုပြတ်ပြတ်နဲ့ လယ်ကွင်းစပ်နံဘေးက သတ္တုမိုင်းသို့သွားသော မီးရထားသံလမ်းဟောင်း၏ တစ်ဖက်တွင် သွပ်ပြားလန်နေသည့် သုသာန်ဇရပ်တစ်ခုကို လှမ်းမြင်ရ၏။

ဘော်စတွန် သချိုင်းက အုတ်ဂူကျောက်ပြားပေါ် ရေးထိုးထားသည့် သံဝေဂရဖွယ် စာတန်းကလေးကို သတိရမိ၏။

'မိတ်ဆွေ သင် ငါ့အနားဖြတ်သွားတဲ့အခါ သတိရလိုက်စမ်းပါ။ ငါလည်း မင်းလိုတစ်ခါတုန်းက အသက်ရှင်ခဲ့တယ်။ မင်းလည်း ငါ့လို တစ်နေ့ကျရင် သေရမှာ။ ပြင်စရာရှိတာ မှန်သမျှ ပြင်ဆင်ပြီး ငါ့နောက်လိုက်ခဲ့ပါ'

ဤသချိုင်းကလေးကတော့ သည်လိုစာတန်းမျိုး ရေးထိုးနိုင်လောက်အောင် မကြွယ်ဝပါ။ ပြီးတော့. . .

ဤနေရာသည် အင်ဒရူးမာဘယ်လ် လဲလျောင်းရာဖြစ်သည်ဟု ဂုဏ်ယူစရာ သချိုင်းစာတန်းမျိုးလည်း ခမ်းနားစွာ ဘယ်သူမှ မရေးထိုးနိုင်ပါ။

ဤနေရာ ဤဒေသမှာ မြို့စား နယ်စားမရှိ တောင်သူလယ်သမားဆင်းရဲသား သူရင်းငှားများသာ နေထိုင်ရာဖြစ်သည်။ သင်ခမ်းခမ်းနားနား ကမ္ပည်းရေးထိုးချင်လျှင် ကျေးလက်၏ချွေးစက်များကိုသာ မော်ကွန်းရေးထိုးလိုက်ပါတော့။

× × × × ×

(၅)

နှင်းတွေ ထူထူထဲထဲ တဖွဲဖွဲကျနေသောနေ့၊ မြောက်ပြန်လေက အေးစိမ့်စိမ့် အပ်ချွန်တွေနဲ့ အရိုးထဲ ထိုးစိုက်နေသောနေ့၊

'မောင်ရယ်. . . သားကြီးကို ကြည့်ပါဦး။ တစ်ညလုံး တအင့်အင့်နဲ့ ကိုယ်

တွေခြစ်ခြစ်တောက်ပူပြီး အဖျားတွေတက်နေလိုက်တာ၊ ဟော. . . သားကြီး မျက်ဖြူလန်နေပြီ၊ တက်နေပြီထင်တယ်၊ သတိလည်း မရတော့ဘူး။ လုပ်ပါဦး လုပ်ပါဦး"

ကျွန်တော် အလန့်တကြားဖြစ်သွားသည်။ သားကြီးအခြေအနေ စိုးရိမ်ရေမှတ်ရောက်နေပြီ။

"ဟုတ်တယ် ဟုတ်တယ်၊ နမိုးနီးယားထင်တယ် မိန်းမရယ်"ဟု အလျင်စလိုကျွန်တော် ဝင်ပြောလိုက်သည်။

"ဒါဆို ဆေးရုံသွားကြမလား"

အားကိုးတကြီးနှင့်ကျွန်တော့်ကို မော့ကြည့်၍ သားကြီးကိုပွေ့ထားသည့်ကြားမှာ ဇနီးသည်က အကြံဉာဏ်တောင်းခံနေသည်။

'ရမှ ရဦးမလား'ဟု စိုးစိတ်နှင့်ထပ်မေးပြန်သည်။

ချက်ချင်း လှည်းစီစဉ်နိုင်ရန် ဆေးခန်းစောင့်မောင်ညိုအား ရွာထဲသို့ကျွန်တော် ခိုင်းလိုက်သည်။ တအောင့်လောက်အကြာ. . .

"လှည်းရောက်ပြီ ဆရာ" ဟု မောင်ညိုသတင်းပို့လာသဖြင့်

စောင်၊ ခြင်ထောင်၊ ဓာတ်ဘူးစသည့် ဆေးရုံသုံးရန် ပစ္စည်းအားလုံးကို ဇနီးဖြစ်သူအား အိတ်ထဲသို့ ထည့်ခိုင်းလိုက်သည်။

"ထည့်ပြီးပြီ၊ လာ သွားစို့ ကျွန်မကို သားကြီးပေး"ဟု ဇနီးသည်က တောင်းခံသည်။

ကျွန်တော်သည် ဟန်ကိုယ့်ဖို့ဆိုပြီ ယောက်ျားပီပီ ရှေ့ဆုံးမှထွက်လာခဲ့သည်။

သားကြီးကို လှည်းဆောင့်လျှင် နာကျင်မည်စိုးသဖြင့် သားဖွားဆရာမလေးမစိန်ရီက မိခင်သဖွယ်ကလေးကို စောင်နှင့်ထွေး၍ သူမ ပခုံးပေါ် ပွေ့တင်ထားသည်။ တစ်လျှောက်လုံး လှည်းနောက်က လိုက်ခဲ့သည်။ ထဘီအနီ ဆရာမလေး၏ ကရုဏာစိတ်ထားကို လေးစားမိသည်။

ကျွန်တော်ကလည်း သားကြီးကိုတစ်လှည့် ပခုံးပေါ် ပွေ့လိုက်ချင်ကြောင်းတောင်းဆိုသော်လည်း ကျွန်တော့်ကို မပေးဘဲ ဖွဲ့နှင့်သားကြီးကို ကိုယ်ငွေ့ပေးထားပါသည်။ ကျွန်တော်တို့ကျေးလက်ကျန်းမာရေးဌာနကလေး၏ မိသားစုစိတ်ဓာတ်နွေးနွေးကလေးကို အမြဲတမ်းလွမ်းဆွတ်မိသည်။

ညောင်လွန့်ဘူတာရုံကလေးဆီရောက်တော့ တော်တော်နေမြင့်နေပြီ။ ခရိုင်

ဆေးရုံရှိရာ ရမည်းသင်းမြို့သို့သွားဖို့ လော်ကယ်ရထားကို လည်ပင်းတဆန့်ဆန့်နှင့် စောင့်မျှော်နေမိသည်။

ဩော်. . သွားရဦးမယ့် ခရီးမိုင်တွေကလည်း တမျှော်တခေါ်ပါလား။

(၆)

လော်ကယ်ရထား၏ ဥဩသံကို နားစွင့်နေစဉ် မုတ်ဆိတ်မွေးဖြူဖြူနှင့် လူကြီးတစ်ယောက်ရယ်သံကို ကျွန်တော်ကြားလိုက်ရသည်။

"ခင်ဗျားစစ်နဲ့ငြိမ်းချမ်းရေးဝတ္ထုကြီးကို နိုဗယ်ဆုရတဲ့အထိ အောင်မြင်ခဲ့တဲ့ ရုရှားစာရေးဆရာကြီးတော်လ်စတွိုင်း မဟုတ်လား"ဟု ကျွန်တော်က မေးလိုက်တော့

"ဟုတ်ပ ဟုတ်ပ မောင်ရင်လူကဲခတ် ဘယ်ဆိုးလို့တုန်း"ဟု ချက်ချင်းပြန်ဖြေ၏။

"ကျုပ်လည်း ဒီလိုတောဘူတာရုံကလေး အက်စတာပိုဗို (Astapovo) မှာပဲ နမိုးနီးယားရောဂါနဲ့ သေဆုံးခဲ့ရတာ ခင်ဗျားလည်း သိမှာပေါ့။ ဝတ္ထုရေးဆရာ ဂျေဖာရီနီက နောက်ဆုံးဘူတာရုံ The Last Station ဆိုပြီး ကျုပ်ကွယ်လွန်တာ နှစ်တစ်ရာပြည့်အနေနဲ့ ရုပ်ရှင်တောင်ရိုက်ပြီး ခုဆိုလန်ဒန်မှာ ပြသနေပြီ။ ဒါကြောင့် ခင်ဗျားသားလည်း နမိုးနီးယားဖြစ်လို့ ဆေးရုံသွားမယ်ဆိုတော့ လော်ကယ်ရထားဆိုတာ အချိန်မှန်တာမဟုတ်ဘူး။ တော်ကြာ ခင်ဗျားသားလည်း ကျုပ်လိုဘူတာရုံကလေးမှာ တစ်ခုခုဖြစ်သွားမှာ စိုးရိမ်လို့ပြောတာ"

"ဗျာ"

ကျွန်တော် တုန်လှုပ်ချောက်ခြားသွားပါသည်။

ကျွန်တော် ဆုံးဖြတ်ချက်ပြင်ဆင်လိုက်ပြီး ကားဖြင့် ရမည်းသင်းဆေးရုံသွားရန် ဇနီးဖြစ်သူကို ပြောလိုက်၏။ ဇနီးဖြစ်သူသည် အံ့အားသင့်ပြီး ကျွန်တော့်ကိုကြည့်နေသည်။

စင်စစ် ကျွန်တော် အတွေးလွန်ပြီး တော်လ်စတွိုင်းနှင့်တွေ့ဆုံရာမှ ကျွန်တော့်အစီအစဉ်ပြောင်းလဲသွားခြင်းဖြစ်ပါသည်။ သားကြီးကိုမြန်မြန်အတက်ကျစေချင်ပါပြီ။

ကားဖြင့် သွားရာတွင် ကုန်ကားတစ်စီးတွေ့ရ၍ ကျွန်တော်က ကားနောက်ပိုင်းတွင် စီးခဲ့ရပြီး၊ ဇနီးနှင့်သားကြီးရယ် သားဖွားဆရာမလေးက ကားရှေ့ခေါင်း

ခန်းထဲမှာ နေရာပေးခံရပါသည်။ လမ်းခုလတ်တွင် သားကြီးကတစ်ခါ ထပ်မံတက်သွားပြန်ရာ ကလေးအဖေကို ကားစပယ်ယာက လှမ်းခေါ်သဖြင့် အရေးတကြီးဆင်းပြီး သားကြီးကို အတတ်ကျဆေးတစ်လုံး ထိုးပေးရပါသည်။

ကျွန်တော့်သားကြီး ရမည်းသင်းဆေးရုံကြီးကို အချိန်မီရောက်မှ ရောက်နိုင်ပါ့မလား။ အကယ်၍ ကျေးရွာလူထုပြောသလို လမ်းတွင်သေဆုံးသွားရင် ဘယ်နှယ့်လုပ်မလဲ။ ဆေးရုံသွားတာ ကျွန်တော်မှန်ပါသည်။

စင်စစ် ကျွန်တော်တို့သည် မသိနားမလည်သေးသော ဆေးရုံကြောက်တောသူတောင်သားများကို ကျန်းမာရေး အသိပညာများများဖွင့်ပေး၍ ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်မည်ဆိုလျှင် 'သေချင်ရင် စိန်မစားနဲ့ တောင်ပို့သာ ချင်းစုသွား'ဆိုတဲ့ သမားရိုးကျ မှားယွင်းသော ရိုးရာအစွဲအလမ်းကြားမှ သူတို့ဘဝကို ဆွဲထုတ်ကယ်တင်နိုင်မည်မဟုတ်ပါလား။

**မောင်သစ်ကြည်**

■

" ရွာတစ်ရွာ၌ စစ်ပြိုင်တပ်ပွဲနှစ်ခု
တိုက်ခိုက်နေကြပြီဆိုလျှင် ထိုရွာမှာကမ္ဘာပျက်ခြင်းမည်သည်။
စစ်ပြေးဒုက္ခသည်ဆိုသူများမှာ စင်စစ်ကမ္ဘာပျက်ဒုက္ခသည်များသာ
ဖြစ်ကြတော့သည်... "

# ကမ္ဘာပျက်လျှင် သင်ဘာလုပ်မည်နည်း

**ကြူးနစ်**

လွန်ခဲ့သော နှစ်အနည်းငယ်လောက်က ဖြစ်မည်ထင်သည်။ ကျွန်တော်၏ ရှုပ်ထွေးပွေလီသော ဦးနှောက်ထဲသို့ “အနာဂတ္တိဝတ္ထု” Fututristic novel ဇာတ်လမ်းတစ်ပုဒ် ဘယ်ဝယ်ဘယ်ဆီကနေ လမ်းရှာပြီး ဝင်ရောက်လာခဲ့သည်မသိ။ ကျွန်တော် အံ့ဩဝမ်းသာသွားသည်။ ထိုဇာတ်လမ်းကို မဖြစ်ဖြစ်အောင် ရေးသားမည်ဟု စိတ်ဆုံးဖြတ်ခဲ့သည်။ ဇာတ်လမ်းမှာ ဤသို့. . . .။

သဘာဝတရားဖောက်ပြန်ကာ ရေအောက်မီးတောင်များပေါက်ကွဲရာက အာရှတိုက်အရှေ့ခြမ်းတွင် “ရစ်ချတာစကေး” (၈) ထက်ကျော်သော ငလျင်ကြီးများဆက်တိုက်လှုပ်သည်။ ပျက်စီးပြိုကွဲမှုမှာ ကြောက်ခမန်းလိလိယုံနိုင်စရာပင် မရှိ။ မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့ပါဝင်သော ပထဝီမြေထုကြီးသည် ကိတ်မုန့်ကိုဓားဖြင့်လှီးချလိုက်ဘိသကဲ့သို့ ပြည်မြို့အောက် ဘက်ရွှေတောင်မြို့နေရာကနေ တိတိရိရိပြတ်ထွက်သွားသည်။ ပြတ်ထွက်သွားသည့် ပထဝီမြေထုကြီးသည် ပင်မမြန်မာနိုင်ငံကိုယ်ထည်မှ ကွဲကွာပြီး ဘင်္ဂလားပင်လယ်အောက်ထဲတွင် သီးခြားမျောပါနေသည်။

တစ်ရွေ့ရွေ့မျောပါ ပျက်စီးနေသော ပထဝီမြေထုကြီးဆီသို့ မည်သို့သော ဘယ်ဆယ်ရေးအဖွဲ့မျှ စွန့်စွန့်စားစားသွားရောက်ဝံ့ခြင်းမရှိကြ။ ထိုသို့ဖြစ်ပျက်ပြီး မကြာလေးမှာ ရောက်နေသော ဇာတ်လိုက်က ပြတ်ထွက်သွားသော နယ်မြေ

ပေါ်မှာပါသွားခဲ့သည့် ချစ်သူမိန်းကလေးကို စွန့်စားသွားရောက်ကယ်တင်သည်။

မင်းမဲ့ကမ္ဘာ့ကဲ့သို့ဖြစ်နေသည့် ပထဝီမြေသား အပိုင်းအခြားပေါ်တွင် လူအုပ်စုအမျိုးမျိုး ရည်ရွယ်ချက်အမျိုးမျိုးနှင့် ဗရုန်းသုန်းကားဖြစ်နေသည်။ နေရာတကာမှာ လုယက်သတ်ဖြတ်မှုတွေဖြစ်ပွားနေကြသည်။ ဇာတ်လိုက်သည် သူ၏ချစ်သူမိန်းကလေးကို ခက်ခက်ခဲခဲကယ်တင်ခဲ့ရသည်။ ပြိုထွက်ရွေ့နေသော ပထဝီအပိုင်းအစပေါ်တွင် ရှင်သန်ရေးအတွက် ဇာတ်လိုက်တို့စုံတွဲသည် ကျားကုတ်ကျားခဲ အသက်မွေးနေရသည်။ လချို့ကြာပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များ ရဟတ်ယာဉ်များဖြင့် ရောက်လာကာ ဇာတ်လိုက်နှင့်အခြားကျန်ရစ်သူများကို ကယ်ထုတ်သွားနိုင်သည်။ ဇာတ်လိုက်နှင့်သူ၏ချစ်သူတို့သည် ပြင်ဦးလွင်မြို့ရှိ ဒုက္ခသည်စခန်းတစ်ခုသို့ ရောက်ရှိသွားကြသည်။ မိန်းကလေးမှာ သည်းခြေပျက်၍ သွက်သွက်လည်အောင် ရူးသွပ်နေခဲ့ရှာပြီလည်းဖြစ်သည်။ ကယ်ဆယ်ရေးစခန်းရောက်ခဲ့ကြ၍ နာရီအနည်းငယ်အကြာမှာ ဇာတ်လိုက်ကိုယ်တိုင် ဦးနှောက်ပျက်မတတ်ချောက်ချားတုန်လှုပ်သွားသည်။ မြန်မာနိုင်ငံအောက်ပိုင်းမှ ပြတ်ထွက်သွားသော ပထဝီမြေသားထုသည် အလုံးစုံပျက်စီးတော့မည့်အစွန့်ပစ်ခံပစ္စတ္တရာဇ်ဧရိယာဖြစ်နေပြီး မြန်မာပြည်အထက်ပိုင်းမှာ တရုတ်နိုင်ငံနယ်နိမိတ်ထဲသို့ ဆွဲသွင်းခြင်းခံလိုက်ရကြောင်း ဇာတ်လိုက်သိလိုက်ရသောကြောင့်ဖြစ်သည်။ ဇာတ်လမ်းက ဒါပဲဖြစ်သည်။

ထိုဇာတ်လမ်းကို ကျွန်တော်မရေးဖြစ်ခဲ့ပါ။ ရေးရမှာကိုပင် ထိတ်လန့်တုန်လှုပ်နေသောကြောင့်ဖြစ်သည်။ ထိုဇာတ်လမ်းတွေးမိချိန်က မြန်မာနိုင်ငံမှာ နာဂစ်မုန်တိုင်းမကျရောက်သေးပါ။

စာပေတွင် ကမ္ဘာတည်၊ ကမ္ဘာပျက်ခြင်းကို ရေးသားဖော်ပြခဲ့သည်များက ကြာညောင်းခဲ့ပါပြီ။ ကျွန်တော်လူမဖြစ်မီ နှစ်ကာလရာပေါင်းများစွာကတည်းက အာဒိကပ္ပကျမ်းများရှိခဲ့ကြပြီး ထိုကျမ်းများကို ဦးလေးအရင်း တောကျောင်းဘုန်းကြီး၏ ပဋိကတိုက်(ခေါ်)စာအုပ်ဗီရိုကြီးများထဲရှိ ပိုးဟတ်ချေးစော်နံသည့် သားရေဖုံးစာအုပ်အချို့ကြားမှာ ညှိုးညှိုးမှိန်မှိန်ကျက်သရေမရှိစွာတွေ့ခဲ့ရ။ ကောင်းစွာနားမလည်ဘဲ ဗူးလုံးနားမထွင်း ဖတ်ရှုခဲ့ရသည်။ ကျွန်တော်အရွယ်ရင့်မှ ဆင်ခြင်မိခဲ့သည်မှာ ကမ္ဘာတည်ကမ္ဘာပျက်ကျမ်းများမှာ ဗုဒ္ဓဝါဒလာဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်တည်းပျက်) အယူကို ဖော်ထုတ်တင်ပြခြင်းဟု နားလည်သည်။

ကျွန်တော်တို့ လက်ရှိနေထိုင်ရှင်သန်ရာ 'ဘဒ္ဒကမ္ဘာ'သည် မီးဖြင့်ပျက်ရမည့်ကမ္ဘာဟု ဗျာဒိတ်စကားရှိသည်။ လက်ရှိကမ္ဘာမှာ အနုမြူလက်နက်များစွာရှိနေကြ၍ "မီးဖြင့်ပျက်ရမည့်ကမ္ဘာ" အယူအဆကို ကျွန်တော်လက်ခံယုံကြည်ချင်သည်။ သို့သော် 'ရေဖြင့်ပျက်ရမည့်ကမ္ဘာ' လည်းဖြစ်သွားနိုင်သည်။ 'လေဖြင့်ပျက်ရမည့်ကမ္ဘာ' ကော မဖြစ်နိုင်ပေဘူးလား။

နာဂစ်မုန်တိုင်း၏ ---ခံတွင်းမှ ပွတ်ကာသီကာ လွတ်လာခဲ့သူတစ်ဦးက ကျွန်တော့်ကို လိပ်ပြာမလုံသည့်လေသံ၊ မျက်နှာထားဖြင့် ပြောပြခဲ့ဖူးသည်။

"ကျွန်းကလေးတစ်ကျွန်းပေါ်မှာ ယောက်ျား၊ မိန်းမအရွယ်မျိုးစုံလူ ငါးယောက်လောက်ခိုကပ်မိခဲ့ကြတယ်။ တစ်ယောက်မှ အဝတ်အစားမရှိတော့ဘူး။ (ကဲ) ဘယ်လိုနေကြမလဲ။ (ကဲ) ဘာတွေဖြစ်ကုန်နိုင်သလဲ။ မင်းစဉ်းစားကြည့်လေ။ ကမ္ဘာပျက်နေပြီလေ။ ဘာကို တွေးတောဆင်ခြင်နိုင်ကြဦးမှာလဲ။ အားလုံးရူးကြောင်ကြောင်ဖြစ်နေကြပြီ လုပ်ချင်ရာလုပ်ကြပြီး ဖြစ်ချင်ရာဖြစ်ကုန်ကြမှာပဲ"

ထိုပုဂ္ဂိုလ်ပြောပြပုံက မပြည့်စုံသေးဟု ထင်ပါသည်။ ကျွန်တော့်အထင် ကမ္ဘာပျက်ပြီဆိုလျှင် လူသားသည် ဆောက်တည်ရာမရ၊ ကတိမ်းကပါးဖြစ်သွားရာက လူမပီသတော့သောလူ၊ အမနုဿ Underdog ဘဝသို့ရောက်သွားနိုင်ပါသည်။

"အဲ့သည်ကာလမှာ ဖိုနဲ့မဟာ ထိန်းသိမ်းစောင့်စည်းမှုကိုနားမလည်တော့ဘဲ ကိလေသာ၊ ရာဂ၊ ကာမဂုဏ်အာရုံတွေ အုံကြွပေါက်ကွဲကြတော့တာပဲ" ဟု ကျွန်တော်၏အာစရိယတစ်ပါးက သင်ကြားပေးခဲ့ဖူးပါသည်။

ကမ္ဘာကျော်ဂျာမန်စာရေးဆရာ 'ရီမတ်' Eric Maria Rimarque ၏ A time to love and a time to die ဝတ္ထုတိုကော၊ ဝတ္ထုကိုရုပ်ရှင်ရိုက်ကူးသည့် ရုပ်ရှင်ကိုပါ ဖတ်ရှုခံစားခဲ့ဖူးသည်။ စစ်ကာလ ဗုံးမိုးရွာနေစဉ် အခြေအနေမဲ့သွားသော မောင်နှမတို့သည် (အခြားကာလများနှင့်မတူဘဲ) နီးစပ်ရင်းနှီး၊ ဖူးကပ်ယှက်လိမ်ရန် ပိုမိုလွယ်ကူကြောင်း စစ်ကာလအတွေ့အကြုံကောင်းစွာရှိခဲ့သူစာရေးဆရာက သရုပ်ဖော်တင်ပြထားသည်။ စစ်ဖြစ်သွားခြင်းမှာ ကမ္ဘာပျက်ခြင်းတစ်မျိုးသာဖြစ်သည်။ ရွာတစ်ရွာ၌ စစ်ပြိုင်တပ်ဖွဲ့နှစ်ခုတိုက်ခိုက်နေကြပြီဆိုလျှင် ထိုရွာမှာကမ္ဘာပျက်ခြင်းမည်သည်။ စစ်ပြေးဒုက္ခသည်ဆိုသူများမှာ စင်စစ်ကမ္ဘာပျက်ဒုက္ခသည်များသာ ဖြစ်ကြတော့သည်။

စစ်ပွဲပယောဂတစ်ခုတည်းကြောင့် ကမ္ဘာပျက်တတ်သည်မဟုတ်။ ရှေးရိုးစဉ်လာအဆိုအရ စစ်ပွဲသည် လူလျှင်လူချင်း သတ်ဖြတ်ညှဉ်းဆဲ။ ထိုးခွဲခုတ်ထစ်ကြသည့် သတ္တန္တရကပ်မျှသာဖြစ်သည်။ အလုံးစုံငတ်မွတ်ဆင်းရဲခြင်း ဒုဗ္ဘိက္ခန္တရကပ်နှင့် အလုံးစုံရောဂါဖိစီးဖျက်ဆီးသေကြေခြင်းဟူသော ရောဂန္တရကပ်ဟူ၍ ရှေးရိုးစဉ်လာအယူကပ် (၂) ပါးရှိသေးသည်။ 'ကပ်ကြီးသုံးပါး' ယုံကြည်ချက်ကို ကျွန်တော်နှိုက်နှိုက်နဲနဲလေ့လာပြီးနောက် ကျွန်တော်စိတ်နှလုံး ဒုံးဒုံးချပြီး လက်ခံထားပါသည်။ မည်သည့်လူ့အဖွဲ့အစည်းမဆို ကပ်သုံးပါးထဲမှ တစ်ပါးပါးနှင့်လည်းကောင်း သုံးပါးစလုံးနှင့်လည်းကောင်း ရင်ဆိုင်ကြုံတွေ့ဖို့အလားအလာအများကြီးရှိပါသည်။ ကျွန်တော်၏ဆရာသခင် အာစရိယတစ်ပါးက "ရှေးဆရာတို့အလိုအရ ငါတို့လက်ရှိမြေကမ္ဘာ Earth ဟာ မီးကြောင့်ပျက်ရမှာဖြစ်တယ်။ အလွန်အနာဂတ်အမြင် ပီပြင်ကြတဲ့ ရှေးအဘိုးကြီးတွေပဲ။ သူတို့က အနုမြူလက်နက်စစ်ပွဲကို ကြိုမြင်ခဲ့ကြတယ်။ ရှေးစာတွေမှာပါတဲ့ ဝရဇိန်လက်နက်ဆိုတာ အနုမြူလက်နက်တွေကိုညွှန်းတာ၊ ငါတို့ရဲ့ခေတ်မှာ အနုမြူစစ်ပွဲမရှိလည်းငါတို့ရဲ့သားမြေးတွေခေတ်မှာ အနုမြူစစ်ပွဲပေါ်လာနိုင်တယ်။ သူတို့ခေတ်မှာမဖြစ်ဘူးထားဦး သူတို့ရဲ့သားမြေးတွေခေတ်မှာ atomicwar ပေါ်လာမှာပဲ။ လူသားဆိုတဲ့ ခြေနှစ်ချောင်းနားရွက်တိုသတ္တဝါဟာ အနုမြူစစ်ပွဲကနေထွက်ပြေးလို့မရနိုင်ပါဘူးကွာ"ဟု ဟောပြောခြင်းကို ကျွန်တော်အကြွင်းမဲ့ယုံမှတ်ထားသည်။

ယခုပဲကြည့်လိုက်ပါဦးတော့။ ကျွန်တော်တို့သည် အနုမြူလက်နက်ပိုင်ရှင်နိုင်ငံကြီးများဖြစ်ကြသော တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံကြားမှာ ဖင်မလှည့်သာခေါင်းမလှည့်သာပဲနေသည်။ သူတို့နှစ်ဦးကလည်း ရန်ဘက်နိုင်ငံတွေလို သျှားစောင်းစေးနှင့်မျက်ချေးနိုင်ငံတွေ။ သူတို့သာ အလုံးစုံစစ်ပွဲ Total War ဆင်နွှဲကြလျှင် ကျွန်တော်တို့မှာ "ကျွဲနှစ်ကောင်ခတ်သည့်ကြားမှမြေဇာပင်" ထက်ပင်မှုန့်မှုန့်ညက်ညက်ကြေသွားနိုင်သည်။ တရုတ်တွေ၊ ကုလားတွေ အရေအတွက်သန်းသုံးရာစီလောက် မြန်မာနိုင်ငံထဲ စစ်ပြေးများအဖြစ် လှိမ့်ဝင်လာကြပြီဆိုပါကဘာဖြစ်နိုင်သနည်း။ ကျွန်တော့်အထင် တရုတ်တွေကုလားတွေက ကျွန်တော်တို့ ကို ဘင်္ဂလားအော်ထဲ မောင်းချ၊ တွန်းချ၊ ကန်ချပစ်ကြမည်သာ ဖြစ်သည်။ မယုံမရှိနှင့် ကမ္ဘာမီးလောင်သားကောင်ချနင်းမဟုတ်လေဘူးလား။

ကျွန်တော့်ကို တစ်တီတူးငှက်လို အစိုးရိမ်လွန်၊ မိုးပြိုမှာစိုးပြီး ခြေနှစ်ချောင်း မိုးပေါ် ထောင်အိပ်သည့်အကောင်”ဟု ပြောချင်ပြောပါ။ အဆိုးအပျက်မြင်သမား ဟုစွပ်စွဲချင်စွပ်စွဲပါ။ ဤကမ္ဘာကြီးမှာ အကောင်းမြင်စရာများစွာမရှိလှဘဲ၊ အဆိုး မြင်စရာတွေကသာ ခွေးလေးပျားတောအနှံ့ ဖြစ်နေခြင်းကြောင့် ကျွန်တော်သည် အဆိုးအဖျက်မြင်ဝါဒီ Pessimist တစ်ဦးအဖြစ် လိပ်ပြာသန့်သန့်ခံယူထားပါ သည်။ ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးကို ကျွန်တော်စိတ်ကူးမယဉ်တတ်ပါ။ စိတ်ကူးယဉ်မိလျှင် ကျွန်တော်သည် ‘ရွာသာကြီး’ ဆေးရုံ၏အထူးအတွင်း လူနာ ဖြစ်သွားနိုင်သည်။

တိုက်တိုက်ဆိုင်ဆိုင် ဤစာတမ်းငယ်ကလေးကို ရောက်ရာပေါက်ရာ စိတ် ကူးဖြင့် ကျွန်တော်ရေးခြစ်နေစဉ် မြန်မာနိုင်ငံနေရာတချို့မှာ ရေကြီးရေလျှံ လျက်ရှိပါသည်။ ထိုသို့ရေဘေးသင့်ခြင်းကို ဘုရားရှိခိုးစာတွင် ‘ဥဒကတောဝါ’ (ရေဘေး)ဟုပါရှိသည်။ မီးဘေးသင့်ခြင်းကို “အဂ္ဂိတောဝါ”ဟု ခေါ်သည်။ ရေ ဘေး၊ မီးဘေး၊ လေဘေးတို့သည် သဘာဝဘေးအန္တရာယ်များဖြစ်ကြသည်။ တစ်နာရီလျှင် မိုင် (၂၀၀) နှုန်းလောက်ရှိသော ဆိုင်ကလုံးမုန်တိုင်းကြီး တစ်လ ကြာအောင် ကမ္ဘာကိုပတ်တိုက်လျှင် သက်ရှိသက်မဲ့တွေ စေ့စေ့ညက်ညက်ကြေ ပြီး ကမ္ဘာပျက်သွားမှာဖြစ်သလို မြောက်ဝင်ရိုးစွန်းမှ ရေခဲများအားလုံးတစ်ပြိုင် နက်တည်း အရည်ပျော်ကျလျှင်လည်း တစ်ကမ္ဘာလုံးရေမြုပ်ပြီး တာရှည်အသက် ရှင်မည့်သူကအလွန်နည်းပါသည်။ ကျွန်တော်တို့ စိုးရိမ်နေကြသော ‘မြစ်ဆုံ ရေကာတာ’ ကြီး (အကယ်၍) ပြိုကျသွားခဲ့လျှင်လည်း ကမ္ဘာမပျက်သော်လည်း မြန်မာပျက်သွားမှာကတော့သေချာသည်။

ကျွန်တော်၏မိတ်ဆွေ ကဗျာဆရာတစ်ယောက်မှာ ရေမကူးတတ်ပါ။ သို့သော် သူကရေနစ်မှာတော့မကြောက်။

“ငါက ရေမကူးတတ်တော့ ပင်လယ်မှာဖြစ်ဖြစ် မြစ်ကြီးထဲမှာဖြစ်ဖြစ် သင်္ဘောနစ်ခဲ့ရင် ရေထဲကို (ပလုံ)ခနဲကျပြီး ငါချက်ချင်းရေနစ်သေသွားမှာ ဘာဖြစ်လို့လဲဆိုတော့ ငါက ရေမကူးတတ်တဲ့အတွက် သက်သောင့်သက်သာ သေရမှာ။ မင်းတို့က ရေကူးတတ်တော့ ခြေကုန်လက်ပမ်းကျပြီးမှ သေရမှာ”ဟု သေခြင်းတရားကို မခုခံ မတိုက်ခိုက်ခြင်း၏ အားသာချက်ကို ရှာကြံတွေးတော ကာ ပြောကြားသည်။ သူက ‘အဂ္ဂတောဝါ’ ကို တီမထင်လှစွာ ဥပေက္ခာပြုနိုင်

ကြောင်းလည်းဆိုသေးသည်။

"ငါတို့အိမ်နားမှာ မီးလောင်နေပြီဆိုရင် ငါဘာလုပ်မလဲ သိလား။ အမျိုးသား မှတ်ပုံတင်နဲ့ ပိုက်ဆံအိတ်ကိုယူပြီး ငါ့အိမ်နဲ့ဝေးရာကို ထွက်သွားမှာပဲ။ တန်ဖိုးရှိတဲ့ ကွန်ပျူတာတောင်ပစ်ထားခဲ့မှာပဲ။ ဘာလုပ်မှာလဲ။ ကွန်ပျူတာကြီးလွယ်ထားရရင် ကြာလာတော့ ပခုံးနာလာမှာပေါ့"

"ကမ္ဘာပျက်ရင်တော့ မင်းဘာလုပ်မလဲ"ဟု ကျွန်တော်က သူ့ကို မေးခွန်းထုတ်လိုက်သည်။

"လွယ်ပါတယ်။ ပဌာန်း (၂၄) ပစ္စည်းကို Non Stop ထိုင်ရွတ်နေမှာပေါ့"

သူ့အဖြေကိုကြားလျှင် ဟာသတစ်ခုကို ကျွန်တော်ပြေးသတိရသည်။ (၁၈) ရာစုလောက်တုန်းက ဥရောပတိုက်၌ လျှော်မကြာခဏလှုပ်နေသောကာလတွင် လူတစ်ယောက်က 'ငလျင်ဒဏ်ခံနိုင်သော သောက်မျိုရသည့်ဆေးလုံးကလေးများ လှည့်လည်အော်ဟစ်ရောင်းချရာ လက်မလည်အောင် ရောင်းချခဲ့ရသည်" ဟူ သတတ်။ မှန်ပါသည် ကမ္ဘာပျက်လျှင် လူတွေ၏ဦးနှောက်အနေအထားပုံယွင်းတိမ်းစောင်းသွားတတ်ကြပါသည်။ အဘိညာဉ်ရသော ပုဂ္ဂိုလ်ထူးများပင်လျှင် ကမ္ဘာပျက်လျှင် ဟိမဝန္တာတောတောင်တွေပါ ပျက်စီးကုန်မှာဖြစ်၍ ခိုနားရန် ဘုံဗိမာန် တစ်ခုခုတွေ့ရှိလိုတွေ့ရှိငြား အာကာသထဲမှာ ပျံဝဲရှာဖွေနေကြရပေလိမ့်မည်။

စာရှုသူသည် ယခု ကျွန်တော်ပြောပြနေသလောက် အစိုးရိမ်ကြီးလိမ့်မည်ဟုတော့ ကျွန်တော်မထင်။ ဗုဒ္ဓဘာသာဝင်တစ်ဦးဆိုပါက ဂေါတမဘုရားသည် သဗ္ဗညုတဉာဏ်တော်ရတတ်ငြား ဤကမ္ဘာ၏အစနှင့်အဆုံးကို ဟောပြောမြွက်ကြားတော်မူခြင်းမပြုခဲ့ကြောင်း ကြားဖူးနားဝရှိပါလိမ့်မည်။ ယခုခေတ်သစ်ရှူးနှမ်းနှမ်းပုဂ္ဂိုလ်အချို့ကတော့ မည်သည့်ခုနှစ်တွင်အာကာသထဲမှ ရောမဉက္ကာပျံကြီးတစ်စင်းက လမ်းကြောင်းလွဲချော်ပြီး ကမ္ဘာမြေကို ဝင်တိုက်လိမ့်မည်ဟူ၍လည်းကောင်း၊ မည်သည့်ခုနှစ်တွင် ဂြိုလ်ကြီးရှစ်လုံးပူးပြီး စကြာဝဠာပျက်စီးလိမ့်မည်ဟူ၍လည်းကောင်း ဗျာဒိတ်ဆန်ဆန်ဟောပြောရေးသားခဲ့ကြပါသည်။

ကမ္ဘာပျက်ကိန်းနိမိတ်ဖတ်သူများထဲမှာ ကမ္ဘာအကျော်ဆုံး သွပ်ချောင်ချောင်အနာဂတ္တိကျမ်းဆရာမှာ ပြင်သစ်လူမျိုးကပြား 'နော်စထရာဒါးမတ်' Nostra damus ဖြစ်သည်။ သူ့ကို (၁၅၀၃) မှာမွေးပြီး (၁၅၆၆) မှာသေသည်။ ထိုခေတ်

ထိုအခါက ဥရောပသားတို့၏ အသိဉာဏ်ရည်သည် နော်စထရာဒါးမတ်၏ ဟောကိန်းနှင့်အလောတော်ပင်ဖြစ်လိမ့်မည်။ သူ့ဟောကိန်းတွေအရဆိုလျှင် ကျွန်တော်တို့၏ ကမ္ဘာကြီးမှာ ၂၁ ရာစုထဲသို့ပင် ကူးဝင်ခွင့်ရရှိခဲ့မည်မဟုတ်ပါ။ ၁၉၉၀ ခုနှစ်များကတည်းက နိဂုံးကမ္ပတ်ကအဆုံးသတ်ခဲ့ရတော့မလိုဖြစ်သည်။ နော်ဇတရာဒါးမတ်လို ဂျူးကပြားတစ်ယောက်ဖြစ်သော 'အဲလဘာတ်အိုင်းစတိုင်း' Albert Einstein ၏ ဟောကိန်းကတော့ 'ယဉ်'သည်။ တတိယကမ္ဘာစစ်ကြီး ဘယ်တော့ဖြစ်မည်ကို အိုင်းစတိုင်းကမဟောပါ။ သူ့အဟောက 'သင်း'သည်။ တတိယ ကမ္ဘာစစ်ကြီးပြီးဆုံးသွားပြီးနောက် စတုတ္ထကမ္ဘာကြီးဖြစ်သောအခါ တစ်ပြိုင်နက် လူသားများ သေနတ်၊ လှံ၊ ဓား၊ အမြောက်တို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း မပြုနိုင်ကြတော့ဘဲ တိုက်ပွဲများတွင် ကျောက်ခဲများဖြင့်သာ ပစ်ပေါက်နေကြရ လိမ့်မည်ဟု အိုင်းစတိုင်းက ရွှတ်နောက်နောက် နိမိတ်ဖက်သည်။ သူသေဆုံးပြီး နှစ်များစွာမကြာမီ တစ်ကမ္ဘာလုံးကိုခြေမွပစ်နိုင်သော ချူကလီးယားလက်နက်တွေ ကမ္ဘာပေါ်မှာ တောင်ပုံရာပုံဖြစ်လာခဲ့ကြောင်း ထိုဂျာမန် လောကီအဘိုးကြီး သိသွားခွင့်မရရှာပေ။

ကျွန်တော်သည် ကမ္ဘာပျက်မှာကို တွေး၍လည်းမပူ စိုးကြောက်ခြင်းလည်း တစ်မှုန်တစ်စက်ကလေးမျှမရှိပါ။ ခေတ်သစ်ဂျာမန်ဒေဿနဆရာကြီးတစ်ဦး၏ အယူအရ 'သေခြင်းကိုရဲရင့်စွာ ရင်ဆိုင်နိုင်ရန်ကျွန်တော်အသင့်ပြင်'ထားပါသည်။ သူနှင့်ရင်ဆိုင်တိုက်ခိုက်သတ်ပုတ်ခုခံဖို့မဟုတ်ပါ။ ပြည်ပတစ်နေရာရာမှာအနုမြူလက်နက်အင်အားကြီးနှစ်နိုင်ငံ၊ နဖူးတွေ့ဒူးတွေ့ဖြစ်နေကြပြီး အနုမြူစစ်ပွဲကိုလွှဲရှောင်ရန်အခွင့်အလမ်းနည်းနေပြီဟုသတင်းကြားသည်နှင့် ကျွန်တော်သည် အပြင်းဆုံးဝီစကီတစ်သေတ္တာကို အမြန်ဆုံးဝယ်ယူမည်။ စီးကရက်တစ်ကာတွန်းဝယ်ယူမည်။ 'ဇော်ဂျီ'၏ 'ဗေဒါလမ်း'ကဗျာပေါင်းချုပ်ကို လက်တစ်ကမ်းမှာထားမည်။ အိမ်ရှေ့တွင် 'အို. . လာလေ့ရှင်သေမင်း၊ သင့်အားလှိုက်လှဲစွာကြိုဆိုပါ၏။'ဟူသော စာတန်းပါဆိုင်းဘုတ်ကိုချိတ်ဆွဲထားလိုက်မည်။

ဝီစကီတစ်ကျိုက် စီးကရက်တစ်ရှိုက် ကဗျာတစ်ပိုဒ်တို့နှင့်အတူ ဘဝကူးရခြင်းကမနိပ်ပေဘူးလား။

**ကြူနှစ်**

■

ကျွန်တော့်ရဲ့ဗဟိဒ္ဓနဲ့ ကျွန်တော့်ရဲ့ အဇ္ဈတ္တတို့အာရုံခံစားမှုမှာ
ပြင်းထန်စွာထိခတ်မိတဲ့အခါ "ကဗျာ" ထွက်ပေါ်လာပါတော့တယ်။
အာရုံခံစားမှုကနေ သွန်းလောင်းပေးလိုက်တဲ့
အကြောင်းအရာနဲ့…

# ပင်လယ်များကို ဖြတ်သန်းခြင်း

မိုယ်းဇော်

လှိုင်းလုံးကြီးတွေကြားကနေ သန္တာကျောက်ဆောင်၊ အုန်းပင်တန်း၊ သောင်ပြင်နဲ့ရွှေရောင်ကမ်းစပ်ကို ကျွန်တော်မြင်နေရတယ်။ နှလုံးသားကို ဖျစ်ညှစ်ထားတဲ့ ဝိညာဉ်အပေါင်းကိုကျော်ပြီး ‘နွေဦးများ’ကို ကျွန်တော်မြင်နေရတယ်။ ‘အချင်းစာတန်း’ရဲ့ ပခုံးပေါ်ကကျော်ပြီး သုခဘုံရဲ့မုခ်ဦး တံခါးပေါက်များကို ကျွန်တော်မြင်နေရတယ်။ ကြေမွမှုများကိုကျော်ပြီး ဆောင်းမီးပုံနံဘေးက ကပွဲတလင်းပြင်များကို မြင်နေရတယ်။ နိုးထလာမယ့် နေအရုဏ်ဟာ ကျွန်တော့်ရင်ထဲမှာ အစိုင်အခဲဖွဲ့လို့။

ပင်လယ်နဲ့လှိုင်း ခွဲခြားမရသလို ရင်ခုန်သံနဲ့ ကဗျာဟာလည်း ကျွန်တော့်အတွက် ဘယ်တော့မှခွဲခြားမရခဲ့ဘူး။ ရင်ခုန်သံနဲ့ကဗျာ ခွဲခြားမရခဲ့သလို ကျွန်တော်ရပ်တည်နေရာ မြေကြီးပေါ်က သုခ၊ ဒုက္ခအဝဝဟာလည်း ကျွန်တော်နဲ့ခွဲခြားမရခဲ့ဘူး။ ကျောက်တုံးနှစ်တုံး ကြိမ်ဖန်များစွာ ပွတ်တိုက်မိတဲ့အခါ မီးတောက်ထွက်ပေါ်လာသလို ကျွန်တော့်ရဲ့ဗဟိဒ္ဓနဲ့ ကျွန်တော့်ရဲ့အဇ္ဈတ္တတို့ အာရုံခံစားမှုမှာ ပြင်းထန်စွာ ထိခတ်မိတဲ့အခါ ‘ကဗျာ’ထွက်ပေါ်လာပါတော့တယ်။ အာရုံခံစားမှုကနေ သွန်းလောင်းပေးလိုက်တဲ့ အကြောင်းအရာနဲ့ ပုံသဏ္ဌာန်အဖြစ် ကဗျာတစ်ပုဒ်ထွက်ပေါ်လာရတဲ့ဖြစ်စဉ်ဟာ ကျွန်တော့်အတွက်တော့ ‘ဂရိဒဏ္ဍာရီ’လို အံ့ဖွယ်တစ်ပါးဖြစ်နေဆဲပါ။

မှောက်ထားတဲ့ ဖဲချပ်ကလေးကို လှန်ကြည့်လိုက်တော့ ၁၉၆၄။ နှောင်တစ်ချိန်ကျရင် မီးပုံထဲ ခုန်ချတော့မယ့် လူသားကလေးငယ်တစ်ယောက်ရဲ့ ဟစ်ငိုသံကို လွတ်လပ်ရေးမီးရှူးမီးပန်းတွေ ငြိမ်သက်သွားအပြီး သုံးရက်အကြာမှာ ရန်ကုန်မြို့ကြီးက တိတ်တဆိတ်ကြိုဆိုခဲ့ပါတယ်။ ဘုရားသခင်ရဲ့သဘောထား မပါဘဲ ဒီကမ္ဘာကြီးမှာ ကျွန်တော်မွေးဖွားလာခဲ့ပြီ။

အမေရေ ငိုဖို့သာပြင်ပေတော့။

ရန်ကုန်အရှေ့ပိုင်း၊ ဗိုလ်တထောင်၊ ဟိန္ဒူဘုရားကျောင်းကလေးရှေ့၊ ဝန်ထမ်းအိမ်ရာကလေး၊ အုံ့ဆိုင်းမှိုင်းညို့နေတဲ့ ကုက္ကိုပင်တန်းတွေ၊ ကုက္ကိုပင်ပေါ် အသိုက်ဖွဲ့နေတဲ့ ကျီးကန်းတွေ၊ မိုးတွင်းဆို ကတ္တရာလမ်းမပေါ် အထိ မြစ်ရေတွေ လျှံတက်လာတတ်တဲ့ ခရစ်လမ်းရေကန်စိမ်းစိမ်း၊ ရေဒီယို သီချင်းသံလေးတွေ ကြားရတတ်တဲ့ နေ့လယ်ခင်းများ၊ မြက်ပင်ရှည်တွေ ရိုင်းထနေတဲ့ ကုန်တွဲပျက်တွေနဲ့ မီးရထားဝင်း၊ ငါးဒီးယန်းသတင်းစာတိုက်ရဲ့ ပုံနှိပ်စက်သံ၊ 'ဂန်ဂျာ' သမားများ၊ အုပ်စုလိုက်ချိန်းရိုက်လေ့ရှိတဲ့ လမ်းပေါ် ကရန်ပွဲတွေ၊ ဝိုင်အမ်စီအေ က စစ်တုရင်ခုံတွေ၊ ဟစ်ပီယဉ်ကျေးမှုနဲ့ တိုးရစ်(စ)တွေ၊ ဘုံဆိုင်ကယိုင်ထိုးပြီး ပြန်လာကြတဲ့ ဇင်ပြာယူနီဖောင်းဝတ် အလုပ်သမားတွေ၊ မြို့တော်ရဲ့အဆို့ရှင်ထဲ ကနေ ဆူပွက်ကျလာတဲ့ဆဲသံ ဆိုသံတွေ၊ ကျွန်တော် ရှစ်လသားအရွယ် အဖေနဲ့ (၅) နှစ်တာခွဲခွာခဲ့ရမှု၊ နေရောင်ဝင်ပေါက်ကလေးကနေ ကျွန်တော်ရှိရာ မျှော်ကြည့်နေတဲ့ အဖေ့ရဲ့မျက်လုံးတွေနဲ့ ကြမ်းပြင်ကိုရိုက်ပြီး အဖေ့ကိုစမ်းတဝါးဝါး ရှာကြည့်နေတဲ့ ကျွန်တော်ရဲ့လက်ချောင်းတွေ။

တင့်ကားကြီးတွေ တစ်ဟုန်ထိုး ဖြတ်မောင်းသွားသလို၊ မိုးခြိမ်းသံတွေကို ကျွန်တော်ကြားနေခဲ့ရတယ်။ လေထဲမှာ လွင့်ပျံနေတဲ့ အနီရောင်အဝတ်စတွေကို ကျွန်တော်မြင်နေခဲ့ရတယ်။ 'ပန်းဆိုးတန်း'မြေအောက်ခန်းထဲမှာ အဖေက ကျွန်တော့်ကို ဖက်ပွေ့လို့၊ အဆုံးမသတ်တဲ့ ကြေကွဲခြင်း။ အလင်းရောင်ကျရောက်လာတဲ့အခါ ငရဲမီးဖိုချောင်ဟာ သက်ဝင်လှုပ်ရှားနေတတ်ပြီး၊ အမှောင်တွေပြိုဆင်းလာတဲ့အခါ ငရဲမီးဖိုချောင်ဟာ မူးယစ်ရီဝေနေတတ်မြဲ။

စနေ၊ တနင်္ဂနွေနေ့ဆို ကျိတ်ကျိတ်တိုးနေတတ်တဲ့ မြို့လယ်ကောင်ရုပ်ရှင်ရုံတွေ၊ ကျော်ဆွေရဲ့ တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း၊ သုံးဘီး၊ ဖယ်မလီယာ၊ ဝီလီဂျစ်မီးခိုးတွေ အမျှင်တန်းလို့ ကနေဒီကျွန်း၊ လွတ်လပ်ရေးပွဲတော်၊ ကျိုက္ကဆံကွင်း၊ တန်ခိုးကြီးမားတဲ့ 'ဒေဝ'လက်အောက်ကမြို့တော်၊ ပလတ်စတစ်ကောက်

သူတွေက အနန္တစကြာဝဠာကြီးရဲ့ စွန့်ပစ်ထားတဲ့အမှိုက်ပုံမှာ သံချွန်တွေနဲ့ ထိုးဆွ မွှေနှောက်လို့၊ အလင်းရောင်ဘက်ခြမ်းမှာတော့ အဖေစုဆောင်းထားတဲ့ စာအုပ်တွေအပြည့်နဲ့ ကျွန်းဗီရိုကြီးကို ကျွန်တော်က အားအားရှိတိုင်း ဖွင့်နေကျ။ ရတနာသိုက်တွေ့သလို ရှေးဟောင်းကျွန်းဗီရိုကြီးထဲက 'အရသာ'တွေကို အငမ်းမရစုပ်ယူနေမိတယ်။ ဘာ့ကြောင့်များ စာအုပ်တွေထဲမှာ 'အရသာ'ရှိနေမှန်း ကျွန်တော်ဘယ်လိုသိနေရတာလဲ။ စာပေအမျိုးအစား အဖုံဖုံထဲကမှ 'ကဗျာ'ကို ဘာ့ကြောင့်များ ကျွန်တော်အငမ်းမရ ဖြစ်ခဲ့မိတာလဲ။ ကဗျာဆိုတဲ့အက္ခရာစာလုံးတွေကို မြင်လိုက်ရတဲ့အခါ ဘာ့ကြောင့်များ ကျွန်တော့်တစ်ကိုယ်လုံးဟာ ပီတိနဲ့တုန်ခါသွားခဲ့တာတဲ့လဲ။

**အေဒီ-၁၉၇၉၊ ၁၉၈၀။**

စိန့်ဖိလစ်ရဲ့ လူဆိုးကလေးတွေစုပြီး 'ဝေဒနာရွာ'ဆိုတဲ့ ကဗျာစာအုပ်ကလေးတစ်အုပ်ထုတ်ခဲ့ပါတယ်။ ကဗျာတွေက အများကြီး'လို'နေသေးပေမယ့် ခရီးရှည်လျှောက်လမ်းရတော့မယ့် ကဗျာလမ်းမှာ ပထမဆုံးခြေလှမ်းအဖြစ် ကျွန်တော်အမှတ်ထင်ထင်ရှိခဲ့တယ်။ ဝေဒနာရွာမှာ ကျွန်တော်နဲ့အတူ သူငယ်ချင်းတွေဖြစ်ကြတဲ့ သန်းထိုက်ဝင်း (တိုနီကျော်ဒင်)၊ မိုးမြင့်အောင် (မိုက်ကယ်)၊ ခင်မောင်ညွန့်(ချစ်ကောင်း)တို့ ပါဝင်ရေးသားခဲ့ကြတယ်။ သူတို့က ကျွန်တော့်လောက် ကဗျာကို 'ခရေဇီ'မဖြစ်ပေမယ့် ကျွန်တော့် 'လိုဘ'ကို ဝိုင်းဖြည့်ပေးခဲ့ကြတယ်။ အဲဒီနောက်မှာတော့ သန်းထိုက်ဝင်း (တိုနီကျော်ဒင်)က ဂစ်တာတီး၊ သီချင်းဆို တီးဝိုင်းထောင်၊ သူ့အဖေက စိန်ဝင်းတေးသံသွင် တည်ထောင်ခဲ့တဲ့ ဘီဘီစီဦးစိန်ဝင်းပေါ့။ တေးသံသွင်းလောကရဲ့ 'ပိုင်အိုးနီးယား'ကြီးတွေပါပဲ။ မိုးမြင့်အောင် (မိုက်ကယ်)ကတော့ ဘာမှဆက်မလုပ်တော့ဘဲ ပျော်သလိုဘဝကို နေထိုင်သွားခဲ့တာ သေတဲ့အထိပေါ့။ ယကြီး(ဟယ်ရီလင်း)ကိုလည်း တော်တော်လေး သံယောဇဉ်ရှိတဲ့ မိုက်ကယ်ပါ။ ခင်မောင်ညွန့်ကတော့ အချိုးအကွေ့တစ်ခုမှာ အဆိုတော်ချစ်ကောင်းဖြစ်သွားခဲ့တယ်။ အဲဒီအချိန်က ကျွန်တော်ရဲ့မှတ်စုစာအုပ်ထဲမှာ ၇၃ ကို ဖြတ်သန်းခြင်း(ဖော်ဝေး)၊ တစ်ဝက်အတ္တပြုပ္ပတ္တိနဲ့ဖြောင့်ချက်များ(အောင်ချိမ့်)၊ ဒုတိယရောဂါ(မောင်ချောနွယ်)၊ မဟူရာဝွန် (မောင်မှိုင်းလွင်(အင်း၀) စတဲ့ ကဗျာတွေနဲ့

နာကျင်လို့ ဝိုကွေ့းရှုမှုကို လူသား

ဆက်လက်သည်းမခံနိုင်တော့တဲ့အခါ
သဘာဝတရားက မျက်ရည်များကို ပေးရစ်တယ်၊
ငါ့အဖို့တော့ ငါ့ခံစားမှုအားလုံးကို ဖော်ထုတ်နိုင်စရာ
သဘာဝတရားက ဂီတနဲ့စကား ငါ့ကိုပေးခဲ့တယ်၊
လူသားဟာ ဒုက္ခခံစားရချိန် ဆွံ့အနေရပေမယ့်
ငါ့မှာတော့ ငါခံစားရတာကို ဖော်ကျူးဖို့ ဘုရားပေးပါရမီရှိရဲ့။

ဂတ္တား (မောင်သာနိုး-ဘာသာပြန်)စတဲ့ ကဗျာတွေ ကူးရေးထားခဲ့တယ်။

အဲဒီစာအုပ်ကလေးဟာ ဆယ်စုနှစ် နှစ်စုကျော် ဖြတ်ကျော်ခဲ့ရလို့ ဝါကျင်ယိုင်ရွဲ့နေပေမယ့် ကျွန်တော့်စာအုပ်စင်ပေါ်မှာ အခုထိ ရှိနေတုန်းပါပဲ။

## 'အမေ့အိမ်'၊ ၅၂ လမ်းထိပ်၊ ကိုစန္ဒာ စာအုပ်ဆိုင်

အရေပြားပေါ်မှာ ကဗျာတွေကို 'တက်တူး' ထိုးထားတဲ့ ကိုစန္ဒာရဲ့ 'အမေ့အိမ်'စာအုပ်အငှားဆိုင်ဟာ မော်ဒန်ကဗျာဆရာတွေ၊ ပန်းချီဆရာတွေ၊ ဆေးသမားတွေ၊ လမ်းသရဲတွေ၊ ဒေါက်ဖြုတ်သမားပါမကျန် ဝင်ထွက်သွားလာလေ့ရှိတဲ့ 'စခန်းသာ'တစ်ခုဖြစ်ပါတယ်။ ကိုစန္ဒာဆိုင်ရောက်ရင် ကိုစန္ဒာက ကဗျာတွေနဲ့ ဧည့်ဝတ်ပြုတတ်တယ်။ အကျဉ်းရုံးကဗျာရွတ်ပွဲတွေလည်း လုပ်ကြတယ်။ အဲဒီညနေခင်းတစ်ခုမှာ ကိုစန္ဒာက ကဗျာဆရာတစ်ယောက်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးခဲ့ပါတယ်။ ထိုကဗျာဆရာကတော့ ကိုအောင်ချိမ့်ပါပဲ။ အဲဒီတုန်းက ကျွန်တော့်ခေါင်းအုံးဘေးမှာ သစ်ရွက်အသေ၊ ဂန္ထဝင်မမ၊ ဂွန်မိုးရေ၊ တော်လှန်ကဗျာ၊ ဘောင်းဘီဝတ်မိုးတိမ်၊ ထင်းရှူးပင်ရိပ်၊ နတ်သျှင်နောင်၊ ပုဂံကျောင်းက ခေါင်းလောင်းသံ၊ နွေတစ်ည၊ ကျွန်တော် စတဲ့စာအုပ်တွေ အဆင်သင့်ရှိနေတဲ့အချိန်ပေါ့။

စကားများများမပြောတဲ့ ကိုအောင်ချိမ့် အိမ်အပြန် စိန်ပေါ(လ်)ကားဂိတ်အထိ ကျွန်တော်နဲ့ကိုစန္ဒာလိုက်ပို့ခဲ့ကြတယ်။ အစ်ကိုကြီးတစ်ယောက်သဖွယ် ကိုအောင်ချိမ့်ကို သိကျွမ်းခဲ့ရတဲ့ ၁၉၈၀ ညနေချမ်းကလေးဟာ နောင်အခါတွေ့ကြုံရင်းနှီးဆက်ဆံလာရတော့မယ့် ကဗျာဆရာတွေ၊ ပန်းချီဆရာတွေ၊ စာရေးဆရာတွေနဲ့ပတ်သက်လို့ ကျွန်တော့်ရဲ့ အမှတ်တရဖိုင်(လ်)ထဲက ပထမဆုံးစာမျက်နှာပဲဖြစ်ပါတယ်။

**ရွှေကြည်အေး၊ ဝါဃီ၊ ခရေ၊ ရွှေလမင်း**

ကျွန်တော့်ထက် 'ကြီး'တဲ့ ချစ်သော ကဗျာဆရာတွေ၊ ကျွန်တော်နဲ့မတိမ်းမယိမ်း လူငယ်မျိုးဆက်တွေဟာ ကိုအောင်ချိမ့်ဝိုင်းကို မဏ္ဍိုင်ပြုပြီး ဆုံတွေ့ခဲ့ကြတယ်။ ကျွန်တော်တို့ဟာ ရွှေကြည်အေးရဲ့ ကျောက်စားပွဲကြီးတွေနဲ့ မီးဖိုကြီးတွေကို လက်လှမ်းမီလိုက်တဲ့ နောက်ဆုံးမျိုးဆက်ပေါ့။ အဲဒီမျိုးဆက်တွေဟာ အခုဆိုအသက် (၄၀) ကျော် (၅၀) အတွင်းကိုရောက်ခဲ့ပြီ။ ကဗျာဆရာတွေ အယ်ဒီတာတွေနဲ့ အစောဆုံး ခင်မင်သိကျွမ်းခဲ့ပေမယ့် ကျွန်တော်ဟာ အခု ကဗျာရေး၊ အခုကဗျာပို့၊ အခု ပုံနှိပ်စာလုံးဖြစ်ဆိုတဲ့အဆင့်ကို ဘယ်တုန်းကမှ မရောက်ခဲ့ဖူးပါဘူး။ 'ဆင်ကဲ့ဖြစ်စဉ်'အရ ရွေ့လျားခဲ့ပါတယ်။ ကျွန်တော့် ကဗျာတွေကို ရင့်ကျက်ပီပြင်လာမယ့် အချိန်အထိ စိတ်ရှည်ရှည်နဲ့စောင့်ဆိုင်းနေခဲ့တယ်။ တစ်ဖက်ကလည်း ကဗျာဖတ်၊ ကဗျာရေး။ ကဗျာလုံ့လကို လျှော့မချခဲ့ဘူး။ ၁၉၈၅ မှာ သူငယ်ချင်းကဗျာဆရာ မင်းအိမ်ကျော် ကျွန်တော့်အခန်းကို ရောက်လာပြီး ကျွန်တော်ရေးထားတဲ့ ကဗျာတွေထဲက 'ဘူတာစဉ်'ကဗျာကို ပုံနှိပ် ဖို့ယူသွားချင်တယ်ဆိုတော့ ကျွန်တော်က အေးအေးဆေးဆေး ခိုင်ခိုင်မာမာ တည်ဆောက်ချင်သေးတဲ့ စိတ်ကပိုများနေလို့ မပေးဖြစ်ခဲ့ဘူး။ ၁၉၈၇ မှာ သူငယ်ချင်းကဗျာဆရာလှသန်းက သူစီစဉ်တဲ့မဂ္ဂဇင်းမှာ ပုံနှိပ်ဖို့ တစ်ကိုယ်တော် ကဗျာကဏ္ဍအတွက် ကျွန်တော့်ကဗျာတွေတောင်းတော့ ကျွန်တော်ပေးလိုက်ပြီ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် စာအုပ်မထွက်နိုင်ခဲ့ဘူး။ သူတို့တွေဟာ အဲဒီအချိန်ကတည်းက မဂ္ဂဇင်းစာမျက်နှာပေါ် ရောက်ရှိနေကြပြီ။ ဒီလိုနဲ့ ၁၉၈၇ ခုနှစ်ကို ကျော်လွန်လာခဲ့တယ်။

အက်စစ်ကန်ထဲကို ရွှေငါးကလေးတွေ ကူးခတ်သွားကြတယ်။ ငှက်တွေအုပ်လိုက်ပျံဝဲနေကြတယ်။ ကောင်းကင်ပေါ်က တချို့ပြုတ်ကျသွားကြတယ်။ တချို့ငှက်တွေလည်း မိုင်ထောင်ချီခရီးကို ပျံသန်းသွားကြတယ်။ ကျွန်တော်ဟာ ဘုရားသခင်ရဲ့ မြို့တော်ကြီးမှာ နေရာအနှံ့လေလွင့်လျှောက်သွားနေခဲ့တယ်။

မြင်းခြံက ကဗျာဆရာ'ကိုလူမှိန်'ကျွန်တော့်ထပ်ခိုးကလေးပေါ် တည်းခိုဖို့ရောက်လာတော့ ရှားရှားပါးပါး 'ရှပ်ကီ'တွေ ကျွန်တော်ဖန်တီးပေးနိုင်လို့ ကိုလူမှိန်က တပြုံးပြုံးနဲ့ပေါ့။ ၁၉၉၀ မှာ ထမံသီကို ကျွန်တော်ထွက်လာခဲ့တယ်။ ရန်ကုန်မြို့ကြီးမှာ ကျွန်တော်ငြီးငွေ့လာပြီလေ။

**၄၀၃ စခန်း၊ ရေနံရှာဖွေရေး၊ Amoco Company**

မျက်စိတဆုံးဟာ သစ်ပင်တွေချည့်၊ နေရောင်ခြည်တောင်မတွေ့ရဘူး။ ရှုန်းဆူးတွေ၊ ကြိမ်နွယ်ဆူးတွေ၊ ကွမ်းတောင်းပင်တွေ၊ လျှို့မြောင်ချောက်ကမ်းပါး၊ တောရိုင်းတိရစ္ဆာန်၊ မြွတ်တွေ၊ ဒက်တွေ၊ ခြေအိတ်ချွတ်လိုက်တဲ့အခါ အလောင်းကောင်လို ခြေထောက်တွေက ဖြူဖွေးအေးစက်လို့၊ ဖွတ်တစ်ကောင်ရလို့ ညနေစာဖွတ်သားနဲ့ ထမင်းစားရတယ်။ မမေ့နိုင်တဲ့ ဟင်းတစ်ခွက်။ ဒုတိယကမ္ဘာစစ်တုန်းက ခြသေ့တပ်တွေရဲ့ စစ်လမ်းကြောင်း။ သံချပ်ကာ ကားအပျက်ပေါ်မှာ မြင်သစ်ကော်ဖီတစ်ခွက် ထိုင်သောက်ခဲ့တယ်။

နမ့်အိမ့်ကျောင်း၊ နမ့်အိစုချောင်း၊ နာဂတောင်တန်းပေါ် ကနုင်းတွေ၊ တောင်ယာခင်း၊ သစ်မွှေးရှာသူများ၊ ကျားမုဆိုးများ၊ ငှက်ဖျားပိုး၊ ကညင်သား၊ မီးပုံကြီးများ၊ ကြေကွဲဖွယ် အဆုံးသတ်မှုများ။ ၁၉၉၃ ရန်ကုန်ကို ပြန်ရောက်တော့ ကျွန်တော့်ကဗျာမီးတောက်ကို အရှိန်မြှင့်ဖို့ အဆင်သင့်ဖြစ်ခဲ့ပြီ။ ဒီလိုနဲ့ ရွှေဝတ်မှုန်မဂ္ဂဇင်းက 'လူလေလူလွင့်များရဲ့နေ့ကဗျာ'ကို စတင်ပုံနှိပ်ခဲ့ပါတယ်။

၁၉၉၅ မှာ မန္တလေးပိုက်ကျိုးကစီစဉ်တဲ့ 'ပန်းနုရောင်ဆံပင်များ၏ချည်တိုင်' ကဗျာစာအုပ်။ ၁၉၉၆ မှာ 'ပင်လယ်မှာ ညနေ (၅) နာရီ' ကဗျာစာအုပ်။ ၁၉၉၅ မှာ 'မန်းချောင်းလရောင်ထဲသို့ အုပ်ဖွဲ့ပျံသန်းလာသော ၉၅ ကဗျာငှက်များ'ကဗျာစာအုပ်နဲ့ ၂၀၀၀ ခုနှစ်ကျတော့ 'လူစီရဲ့အမှုန်အမွှားကင်းစင်တဲ့လက်ဆောင်'ကဗျာစာအုပ်တွေမှာ ပါဝင်ခဲ့တယ်။

**၁၉၉၃၊ ၁၉၉၅၊ တောင်ဒဂုံ၊ ဘုံရိပ်သာ၊ လျှပ်စစ်မီးမရသေး၊ လွမ်းစရာနေ့များ**

၁၉၉၆၊ ၁၉၉၈။ မအူကုန်း၊ အောင်မြေ။ ကျွန်တော့်အခန်းဟာ ကဗျာဆရာတွေနဲ့ တရုန်းရုန်း။ မြို့ထဲက မြို့သစ်၊ မြို့သစ်ကနေ ယခု ယုဇနအထိ ကျွန်တော့်ဘဝဟာ တောက်လောင်နေဆဲပေါ့။

ကျွန်တော်ရပ်ခဲ့တဲ့မြေကြီး၊ မြင်ခဲ့တဲ့ရှုခင်း၊ ကြားခဲ့တဲ့အသံ၊ နမ်းခဲ့တဲ့မွှေးရနံ့၊ သောက်ခဲ့တဲ့ရေ၊ နေခဲ့တဲ့ပတ်ဝန်းကျင်၊ စားခဲ့တဲ့အာဟာရ၊ အိပ်ခဲ့တဲ့အိပ်ရာ၊ နိုးခဲ့တဲ့မနက်ခင်း၊ မက်ခဲ့တဲ့အိပ်မက်၊ မိခင်တိုင်းပြည်ရဲ့ဝေဒနာအားလုံးကို ပေါင်းခံပြီး ကျွန်တော့်ကဗျာကို ချက်လုပ်ခဲ့ပါတယ်။ တမျှော်တခေါ် လှမ်းမျှော်ကြည့်လိုက်တော့ ကျွန်တော့်ရဲ့မျိုးဆက်မြစ်ဖျား မူလဘူတဟာ အညာလွင်ပြင်ကြီးတွေဖြစ်ခဲ့တယ်။ မိဘဘိုးဘွားတွေရဲ့ 'ရေနံချောင်း' မန်ကျည်းပင်ကြီးတွေက

ကျွန်တော့်ကို အရိပ်မိုးထားခဲ့တယ်။ ရွှေကြာငုံကန်ချိန့် ခြံဝိုင်းထဲမှာ အဘွားရဲ့ ပုံပြင်တွေကို နားထောင်ခဲ့ရတယ်။ ကျောပေါ်မှာ ကုန်အပြည့်တင်ထားတဲ့ ဘတ်(စ်)ကားကြီးတွေ၊ ဧရာဝတီသောင်ပြင်ကို စနေနံဘုရားပေါ်က ထိုင်ငေးခဲ့ရတဲ့ ညနေတွေ၊ တောင်ကုန်းတွေ၊ ချိုင့်ဝှမ်းတွေ၊ မန်ကျည်းလေးပင်၊ စိန်ပန်း၊ ရေမောင်စာချက်၊ ငရုတ်သီးထောင်း။ ပင်းဘုရား၊ အနောက်ဘက်က မုန်းချောင်း ကမ်းပါး။ ရွာသာကုန်း၊ ညောင်ချို၊ ကျောက်ပန်းတောင်းဘက် အရှေ့တောက ဘိုတွင်း။ ဖုန်တထောင်းထောင်းထနေတဲ့ နွေလှည်းလမ်းကြောင်းကြီးတွေနောက်ကို ကျွန်တော်လိုက်ခဲ့တယ်။ အညာရဲ့ ပျော်မောဖွယ် မွှေးရနံ့ဟာ ကျွန်တော့်နှလုံးသားမှာ ရစ်ဝဲနေခဲ့တယ်။ ဘဝတစ်လျှောက်လုံး စွဲထင်နေတော့မယ့် အဲဒီရနံ့တွေဟာ ကျွန်တော့်သွေးထဲကို 'ဇာတိနံ့'တွေ ထိုးထည့်ပေးလိုက်တဲ့ 'အညာ' လက်ဆောင်ပဲဖြစ်ပါတယ်။

မိခင်ဧရာဝတီ၊ ဖခင်ရိုးမ ကျွန်တော့်တိုင်းပြည်ရဲ့ ဝေဒနာအဝဝဟာ ကျွန်တော့်ဝေဒနာပဲဖြစ်ပါတယ်။ အတ္တဥဒ္ဓနဲ့ပုဂ္ဂလိကဝေဒနာကို ဗားဂရာချောက်ထဲမှာ မြေမြှုပ်ထားခဲ့ပြီ။ 'မိုးယံဇော်သေတမ်းစာ'ကဗျာစာအုပ်အမှာကို ကျွန်တော် ဒီလိုနိဂုံးချုပ်ခဲ့ပါတယ်။

ကျွန်တော်ဟာ ဒုက္ခသည်တွေရဲ့ အလုပ်သမား
အာဟာရ ချို့တဲ့နေတဲ့ ကလေးငယ်တွေရဲ့ အကျိုးဆောင်
သောက၊ ဒုက္ခရောက်နေသူအပေါင်းရဲ့အမှုထမ်း
သဘာဝတရားကြီးရဲ့ကျေးကျွန်
ရုန်းကန်နေကြတဲ့ လူသန်းပေါင်းများစွာရဲ့ရှေ့နေ
အမှန်တရားရဲ့ဘဏ္ဍာစိုး
သေခြင်းတရားရဲ့လူယုံတော်
ကိုယ့်ကံကြမ္မာရဲ့အရှင်သခင်
ကွယ်လွန်သွားရှာပြီဖြစ်သော မေမေ့ကို ကျွန်တော်ကျေဇူးတင်ပါတယ်။

*မိုးယံဇော်*
*(ဝိတောက်ပွင့်သစ်မဂ္ဂဇင်း၊ ၂၀၀၆)*

■

" ဒီစာအုပ်တွေကြောင့် လူသားတွေ ဘယ်လောက် နူးညံ့သိမ်မွေ့လာမလဲ။ ယဉ်ကျေးမှုတွေ ဘယ်လောက် တိုးတက်လာမလဲ။ ပရဟိတစိတ်တွေ ဘယ်လောက် ပြန့်ပွားလာမလဲ။ ငြိမ်းချမ်းရေးယုံကြည်မှုတွေ ဘယ်လောက်··· "

# စာအုပ်အငှားဆိုင်လေး

မိုးနေ

## (၁)

ကျွန်တော်သုံးတန်းကျောင်းသားအရွယ်မှာ လောကကြီးကို ခေါင်းထောင်ကြည့်လိုက်တော့ ကျွန်တော်တို့မြို့ကလေးရဲ့ ရေကျော်လမ်းထိပ်မှ 'ထီးလှိုင်ရှင်စာပေ'ဆိုသော စာအုပ်အငှားဆိုင်ကလေးကို စတင်တွေ့ရှိခဲ့လေသည်။ ထိုဆိုင်ကလေးကို ကျွန်တော်တို့ဦးလေးအရွယ် ပုဂ္ဂိုလ်တစ်ဦးမှဖွင့်လှစ်ထားခဲ့သည်။ ဆိုင်ထဲမှာ ဝတ္ထုစာအုပ်တွေအစီလိုက်၊ အတန်းလိုက်၊ အကန့်လိုက်။ ကျွန်တော်တို့ကတော့ ထိုဆိုင်ကလေးမှ ကာတွန်းစာအုပ်လေးတွေ ငှားဖတ်ခဲ့ရဖူးပါသည်။

× × × × ×

## (၂)

နည်းနည်းအရွယ်ရောက်လာတော့ မြို့ထဲမှာ 'စိန်ဝင်းစာပေဆက်ဆံရေး'၊ သင်းလင်းစာပေ၊ စစ်မှုထမ်းဟောင်းကျောင်းဆရာကြီးတစ်ယောက်ဖွင့်သည့် မော်ကွန်းစာပေ၊ မျိုးစန္ဒာစာပေ၊ ထိုက်စာပေစသဖြင့် စာအုပ်အငှားဆိုင်ကလေးများအသီးသီး အသက အသက ပေါ်ပေါက်လာကြသည်။ ဝတ္ထုမဂ္ဂဇင်း ကာတွန်းများငှားကြရာ ကျွန်တော်တို့အကြိုက်ဖြစ်လေသည်။ ရွှေဥဒေါင်းဒဂုံရွှေမျှားနှင့် ဂျာနယ်ကျော်မမလေးတို့မှ စကားဆွေလှိုင်ဦး၊ ရောင်နီ၊ ကလျာ စသည့်ဝတ္ထု

အကြီးအငယ်၊ အရွယ်၊ အလတ်၊ စိတ်ကြိုက်ဖတ်ခဲ့ရတော့သည်။ နောက်ထပ် နည်းနည်းထပ်ကြီးလာတော့ နွမ်ဂျာသိုင်း၊ ငြိမ်းကျော်၊ မောင်စိန်ဝင်း၊ ပုတီးကုန်း စသည်ဖြင့် မနားတမ်း။ မဂ္ဂဇင်းတွေကလည်း ပိုစုံလာသည်။ စန္ဒာရုပ်စုံ၊ သွေး သောက်၊ စစ်ပြန်၊ မြဝတီ၊ ငွေတာရီတို့မှအစ မိုးဝေ၊ ချယ်ရီ၊ မဟေသီ၊ သပြေ၊ ဂီတပဒေသာ၊ ရုပ်ရှင်မျက်မှန်၊ ရုပ်ရှင်အောင်လံတို့အလယ် တိုင်းရင်းမေ ယုဝတီ တို့အထိ။

× × × × ×

(၃)

ဖတ်ရင်းမှတ်ရင်း၊ စုဆောင်းရင်းနှင့် ကျွန်တော်ကိုယ်တိုင်ပင် (၁၉၉၀)ပြည့် နှစ်မှာ စာအုပ်အငှားဆိုင်လေးတစ်ဆိုင်ဖွင့်ဖြစ်ခဲ့ပါသည်။ စာအုပ်အငှားဆိုင် ခေတ်ဖြစ်၍ ငှားကောင်းလိုက်သည့်ဖြစ်ခြင်း။ မဂ္ဂဇင်းတွေကလည်း ထပ်ထွက် လာပါသည်။ ကြီးပွားရေး၊ သင့်ဘဝအောင်မြင်ရေး၊ ခန၊ မြန်မာ့ခေ၊ ရယ်စရာ စသည့်ဖြင့်။ ဒီဘက်မှာလည်း ဂမ္ဘီရ၊ နက္ခတ္တ၊ လျှို့ဝှက်ဆန်းကြယ်စသော ဂမ္ဘီရ လိုင်း၊ နောက်၊ ပြစ်မှု၊ ရဲမှုခင်း၊ မှုခင်းရှုထောင့်၊ မှုခင်းစုံ စသည့် မှုခင်းလိုင်း၊ မြင်ကွင်း၊ ဖက်ရှင်အပျိုစင်၊ ဖက်ရှင်အင်းမေ့ချ်၊ သရဖူစသည့်အမျိုးသမီးကြိုက် များ။ စီးပွားရေးဆိုတော့လည်း ဝတ္ထုတွေကအစစုံလင်အောင်တင်ရသည်။ မီကို ဇူးဇင်၊ နီကိုဇူးဇင်၊ စောပြည့်ချမ်းသာ၊ စောပြည့်မာလာ၊ လွှန်းထားထား(ဆေး တက္ကသိုလ်)။ များမှများ။ လက်ဟောင်းကြီးတွေကလည်း ရှိသေး။ ယုဝတီခင်စိန် လှိုင်၊ လမင်းမိုမို၊ လယ်တွင်းသားစောချစ်တို့လည်း အလွတ်ပေးလို့မရ။ ဒီကြားထဲ တာရာမင်းဝေ၊ နီကိုရဲတို့ကလည်း အရှိန်အဟုန်ကောင်းလှစွာ။ စာအုပ်ဆိုင်၏ စင်အပေါ်ထောင့်ထိပ်ဆုံးမှာတော့ လူထုစိန်ဝင်း၊ မြသန်းတင့်၊ သိန်းဖေမြင့်၊ တောင် တွင်းကိုကိုကြီး၊ ပါရဂူ၊ ချစ်ဦးညို၊ အောင်လင်း၊ ဗန်းမော်တင်အောင်တို့က ခန့် ညားထည်ဝါစွာနေရာယူထားသည်။ ကောင်တာ စားပွဲခုံပေါ်မှာတော့ ကာတွန်း စာအုပ်များက နေရာယူသည်။ ဘေးတစ်ဖက်မှာ မဂ္ဂဇင်းများကို လေးထောင့် သစ်သားခွက်နှင့်ထောင်လျက်ထည့်ထားပေးရ၏။ စာဖတ်သူက တစ်အုပ်ချင်း လှန်လှောရှာဖွေရန် လွယ်ကူအောင်စီစဉ်ပေးထားရသည်။ အမေးများ အငှား လိုက်သည့် ဝတ္ထုမဂ္ဂဇင်းအသစ်များကိုတော့ ခုံအောက်တွင် ထားရသေးသည်။ နေ့စဉ်ပုံမှန် မပြတ်တမ်းအားပေးသည့် ပရိသတ်များအတွက်။ ကဗျာစာအုပ်

များကိုလည်း စင်သေးသေးဖြင့် ခန့်ညားသပ်ရပ်စွာ။

ဘာသာပြန်တွေကိုလည်း စင်သပ်ထားရသည်။ မောင်ထွန်းသူ၊ မောင်မိုးသူ၊ အထောက်တော်လှအောင်၊ မောင်မြင့်ကြွယ်၊ ထင်လင်းတို့နှင့်အခြားစုံထောက်၊ သျှို့ဝှက်သည်းဖို ဘာသာပြန်များ။

× × × × ×

## (၄)

ကျွန်တော်စာအုပ်ဆိုင်ဖွင့်တော့ မဂ္ဂဇင်းခေတ်ဖြစ်လေသည်။ မဟေသီဆို ...က်လည်အောင်သုံးအုပ်အထိထားရသည်။ ထိုနောက်မိန်းကလေးပရိသတ် အကြိုက် အပျိုစင်၊ သရဖူ၊ Beauty စသည်။ Idea, Fashion Image စသည်တို့ ... ကြော်ငြာအားကောင်းကောင်းနှင့် စာရွက်အဖြူအချော၊ Quality မဂ္ဂဇင်းဆို ...း တစ်စခန်းထလာကြပြန်သည်။ ဈေးကလည်းကြီးမှကြီး။

ကျွန်တော်က ကိုယ်တိုင်ဖတ်သူဆိုတော့ စာရေးဆရာတို့၏ ဝတ္ထုများထဲမှ အကောင်းဆုံးစာသားများ၊ ကဗျာများရွတ်ပြခြင်း၊ ဇာတ်လမ်းအကြမ်းလေးများ၊ ...ဗျာများရွတ်ပြခြင်း၊ ဇာတ်လမ်းအကြမ်းလေးတွေ ပြောပြခြင်းတို့ဖြင့် စာဖတ်သူ ...ကိုဆွဲဆောင်နိုင်ခဲ့ပါသည်။

...။ နီကိုရဲ တာရာမင်းဝေတို့ အသစ်ထွက်လျှင် နှစ်အုပ်၊ သုံးအုပ်၊ ထားရ ...တ်သည်။ တာရာမင်းဝေကတော့ ဘာထွက်ထွက်ငှားရသည်။ လူငယ်တွေက ...သည်းကြီးမဲကြီး။ ထိုအချိန်၌ တာရာမင်းဝေက မဟေသီမဂ္ဂဇင်းမှာ အခန်းဆက် ...ဌ္ဌာရှည်ရေးသည်။ တစ်ဆယ့်နှစ်လဆက်။ ကချေသည်လိုင်ရာ။ စောင့်ဖတ်သူ ...များက ဖွဲ့ကောင်းကောင်းနှင့်လစဉ်စောင့်ဖတ်သည်။ ကျွန်တော်ကလည်း ...ဟေသီကို လစဉ်မပြတ်တမ်းစုဆောင်းသည်။ ဆယ့်နှစ်လပြည့်ဇာတ်သိမ်းတော့ ...စုဆောင်းထားသည့် မဟေသီများထဲမှ တာရာမင်းဝေများကို ဖြုတ်ပြီးစုချုပ် ...သည်။ ဆိုင်ရှေ့က ဘလက်ဘုတ်မှာ တာရာမင်းဝေအရှေ့မြို့ရိုးက မိုးရေစက် ...များ ဘာညာထွက်ပြီဟု ရေဆေးရောင်စုံများဖြင့်ရေးကာ ကြော်ငြာပြီး လုံးချင်း ...ဌ္ဌာသစ် ထွက်သယောင်ငှားစားခဲ့ရာ စာအုပ်ပင်စုတ်ပြတ်သွားသည်အထိ ပက် ...တ်စက်စက်ငှားခဲ့ရသည်။

မှတ်မှတ်ရရ နောက်တစ်အုပ်ရှိသေးသည်။ Idea မဂ္ဂဇင်းမှာ လစဉ်ပါတဲ့ နီကိုရဲရဲ့လွယ်အိတ်ထဲမှ အလွဲများ။ တာရာမင်းဝေလိုပင် ဆယ့်နှစ်လဆက်တိုက်

ဖော်ပြသည်။ သရုပ်ဖော်က စောမင်းဝေနှင့်လစဉ်။ ဆယ့်နှစ်လပြည့်တော့ အထက်ကနည်းအတိုင်းပင်။ နီကိုရဲချည်းသီးသန့် ဖြုတ်ပြီးလုံးချင်းလုပ်လိုက်သည်။ ကျွန်တော်ကပန်းချီလည်း နည်းနည်းပါးပါးရတော့ စက္ကူကတ်ထူပြားပေါ်မှာ စောမင်းဝေသရုပ်ဖော်ပုံကို ကူးဆွဲကာ နီကိုရဲလွယ်အိတ်ထဲမှအလွဲများထွက် ပြီဆိုပြီး ထပ်လုပ်စားလိုက်ပြန်သည်။ အငှားစာရင်း ငါးကော်လံ၊ လူတစ်ရာကျော် ငှားအပြီး။

ဒိုက်ဦးစာပေဟောပြောပွဲသို့ နီကိုရဲလာဟောတော့ ကျွန်တော့်ဆိုင်သို့လာလည်သည်။ ဆိုင်နဖူးမှာကပ်ထားသော ဝေါ်ရှိကိုတွေ့သွားတော့ ပါးစပ်အဟောင်းသား။ ကျွန်တော်က ပစ္စည်းသက်သေအနေနှင့်စုချုပ်ထားသောစာအုပ်ကိုပါ ပြလိုက်သည်။ ထိုအခါသူက ဘောပင်ဆွဲထုတ်ပြီး စာအုပ်အတွင်းအဖုံးမှာ "ကျွန်တော်မထွက်ခင် အရင်ထွက်သွားသောစာအုပ်ဖြစ်၍ စာအုပ်ငှားခ၏ တစ်ဝက်သာပေးဆောင်ကြပါရန် နီကိုရဲ"ဟု ရယ်ရွှန်းဖတ်ရွှန်း လက်မှတ်ထိုးပေးသွားခဲ့သည်။ ထိုစဉ်က စာအုပ်ငှားခမှာ တစ်ရက်တစ်ရာကျပ်ဖြစ်ရာ ကျွန်တော်က နီကိုရဲလက်မှတ်အစစ်နှင့်ဟုပြပြီး တစ်ရက်နှစ်ရာကျပ်နှင့်ငှားစားတော့သည်။

လယ်တွင်းသားစောချစ်၏ ပန်းလိုချင်အပင်ကိုပျိုးတတ်မှ စာအုပ်ကတော့ အတော်လည်းငှားရသည်။ အတော်လည်း အလျော်ရသည်။ ပြန်မအပ်တော့ဘဲ အပိုင်ယူပြီး ပြန်ဝယ်လိုက်တော့ကွာဟု လာလျော်သွားကြခြင်းဖြစ်သည်။ လူငယ်ရေးရာစာအုပ် မိဘများကကြိုက်ကြသည်။

× × × × ×

## (၅)

စာအုပ်အငှားဆိုင်ဖွင့်တော့ လူတွေအကြောင်း တော်တော်သိရသည်။ ယခုခေတ်စကားနှင့်ပြောရလျှင်တော့ တာဝန်ယူမှု၊ တာဝန်ခံမှု (Responsibility and accoungtabilty) ပေါ့။ လူကြီးလူကောင်းဖြစ်စေ၊ သူဌေးဖြစ်စေ ဆင်းရဲသူဖြစ်ပါစေ၊ စာအုပ်ဆိုတာ ငှားပြီးလျှင် ပြန်အပ်ဖို့တာဝန်ယူရမည်သာဖြစ်ပါသည်။ တစ်ရက်ကို တစ်ရာကျပ်ဖြင့် ငှားပါသည်ဟု အတိအလင်းကြော်ငြာပြီးသားမဟုတ်လား။ ရက်လွန်လျှင် ရက်လွန်ကြေးမပေးချင်ကြတော့၊ ဖတ်မပြီး၊ မေ့သွားလို့၊ ခရီးသွားလို့ စသည်ဖြင့် တကယ်တော့ စာအုပ်အငှားဆိုင်ကလေး

များ၏ အသက်သည် ရက်လွန်ကြေးဖြစ်ပါသည်။

ထို့ပြင်တဝ။ စာအုပ်လူဆိုးများကလည်း တစ်ရန်၊ တစ်မြို့လုံးဘယ်ဆိုင်မှ မငှားတော့သောစာအုပ်လူဆိုးများလည်းရှိသည်။ တာဝန်မသိ၊ အပ်ရမှန်းမသိ၊ ဘစ်ခါငှားပြီးအပြီးပဲ။ အငှားစာရင်းကို နှစ်ရက်ကျော်လျှင် လေးထောင့်ဘောင် ဆဲထည့်၊ ခုနစ်ရက်ကျော်လွှင် နောက်စာအုပ်တစ်အုပ်ထဲ စုစည်းကူးထည့်။ ဆယ်ရက်ကျော်လွှင်တော့ စက်ဘီးတစ်စီး(ထိုစဉ်က ဆိုင်ကယ်မပေါ်သေး။ ဆိုင် ကယ်မပေါ်သေး)ဖြင့် အိမ်တိုင်ရာရောက် လိုက်တောင်းရတော့သည်။ အဆင်ပြေ ခဲ့သည်လည်းရှိပါ၏။ လိပ်စာအမှား သူဒီမှာမနေတာကြာပြီ၊ ညှော်သည်ပြန်သွား ပြီး စသည်တို့ဖြင့် ဆုံးရှုံးခဲ့ရသည်များလည်းရှိပါသည်။

ကိုယ်အရိပ်တကြည့်ကြည့် အမြတ်တနိုး တစ်သက်လုံးတန်ဖိုးထားခဲ့သည် စာအုပ်လေးပါသွားပြီဆိုလျှင်တော့ အရမ်းထိခိုက်ခံစားရသည်။ ပျောက်သွား သော စာအုပ်အဖုံးကလေးကို မျက်စိထဲကမထွက်တော့။ ဝမ်းနည်းမှုနောက်က ဒေါသကကပ်လိုက်လာသည်။ တစ်ခါတလေ ဆိုင်ရှေ့မှာ ထိုးမယ်ကြိတ်မယ်၊ ဘုတ်ပွဲ၊ ဓားပွဲ၊ အုတ်ခဲကျိုးဆွဲလုပ်ရတဲ့ ပွဲလေးတွေလည်းရှိသည်။ လုပ်နေတာက အနုပညာအလုပ်ပေမယ့် တစ်ခါတလေတော့ အကြမ်းပညာလေးလည်း ပါရ လေသည်။

၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇ လောက်တွင်တော့ စာအုပ်အငှားဆိုင်ကလေးများ အခြေယိုင်လာခဲ့ပါသည်။ စာအုပ်ဆိုင်အစဉ်အဆက် စာအုပ်မငှားမရသော ရာသီကို စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ(ဘာလေးဘာ)ဟု သတ်မှတ်ခဲ့ကြရာ ၂၀၀၆ လောက်မှစ၍ ဘာလေးဘာမဟုတ်တော့ဘဲ ဘာတစ်နှစ်လုံးဖြစ်လာခဲ့လေတော့သည်။

စာအုပ်အငှားဆိုင် လုပ်ထုံးလုပ်နည်းမှာ စာအုပ်တန်ဖိုး၏ ဆယ်ရာခိုင်နှုန်း ကို ငှားခအဖြစ်သတ်မှတ်ပါ။ ဆယ်လောက်ငှားပြီးလျှင် အရင်းရ၍ နောက် ဆပ်ရသည့်ငွေနှင့်စာအုပ်မှာ အမြတ်ဖြစ်ပါသည်။ ၂၀၀၆ လွန်ကာလများတွင် အဆိုပါ ဖော်မြူလာအတိုင်း မဖြစ်တော့။ အရင်းပင် မရတော့၊ စာအုပ်တစ်အုပ် ကိုဆယ်ယောက်ပြည့်အောင်ပင်မငှားရတော့။ စာအုပ်ဈေးနှုန်းများ ကြီးမြင့်လာ ၍ စာအုပ်အငှားခများ တက်ရခြင်း၊ စာအုပ်ဆိုင်လေးများ အများအပြားပေါ် ပေါက်လာခြင်းစသည့်အကြောင်းရင်းများသာတည်း။ ဒါကအတွင်းကြောင်း။ အပြင်ကြောင်းကရှိသေးသည်။

တိုက်ရိုက် Live ထုတ်လွှင့်ပြသသော ပရီးမီးယားလိဂ်၊ ချန်ပီယံလိစသော ဘောလုံးပွဲများ၊ တီဗီဂိမ်းများက ကျွန်တော့်စာဖတ်ပရိသတ်များကိုဆွဲခေါ်သွားခဲ့ချေပြီတကား။ ယခင် ကြိတ်ကြိတ်တိုးငှားနေရတဲ့ စာအုပ်ဆိုင် ယခုတော့ စနေ၊ တနင်္ဂနွေညနေ ဘောလုံးအစောပွဲရှိသောနေ့များဆိုလျှင် စာအုပ်ဆိုင်သရဲခြောက်ပြီ။ ထိုလိုနေ့မျိုးဆိုလျှင် ဆိုင်ထဲရှိပက်လက်ကုလားထိုင်တစ်လုံးမှာ မြသန်းတင့်၏ လေလွင့်သူ၊ တို့ဘဝတို့ကမ္ဘာ၊ သုခမြို့တော်စသည့် စာအုပ်တစ်ကျွန်တော်နှင့်အတူရှိနေပါသည်။

၂၀၀၄ ခန့်က ကမ္ဘာမှာ စတင်ပေါ်ပေါက်ခဲ့သော (Face book) လူမှုကွန်ယက်စာမျက်နှာကလည်း အထက်ပါဘောလုံးပွဲတို့ TV ဂိမ်းတို့လိုပင် စာအုပ်ငှားဆိုင်များကို ထိုးနှက်ခဲ့မည်ထင်ပါသည်။

အရောင်အသွေး (Colour) လှုပ်ရှားမှု (Action) ဆွဲဆောင်မှု Attraction တို့က စာအုပ်ထက် အစစအရာရာသာနေပြီး စာဖတ်သူတို့ကို ပိုမိုဆွဲဆောင်နိုင်ခဲ့ပါသည်။ ဟော့ နောက်ဆုံးစာအုပ်အငှားစာရင်းမှာ တစ်နေ့တစ်ယောက်ပဲငှားရတော့သည့်အထိ အောင်လံတလူလူ လွှင့်ပြီးစာအုပ်ဆိုင်ကို ဆက်ဖွင့်သွားမယ်ဟုကြွေးကြော်ထား၏။

× × × × ×

(၆)

ဒါပေမဲ့ သို့ပေသည့် သို့သော်လည်းပေါ့လေ။ ကျွန်တော်လည်း ကုဋေရှစ်ဆယ်သူဌေးမှမဟုတ်တာ။ ၁ နှစ်အရှုံးခံ၊ ၂နှစ်အရှုံးခံ၊ ၃ နှစ်လောက်ကျတော့ အရှုံးမခံနိုင်တော့။ နှစ်ချုပ်ဆိုင်ငှားခလေးပင် သူများဆီက အတိုးနှင့်ရှာရသောဘဝရောက်တော့၏။

ပေးငိုင်ရသည်။ ဝမ်းနည်းရသည်။ နှလုံးသည်းပွတ်ကြေကွဲရ၏။ စာအုပ်အငှားဆိုင်ကရတဲ့ ပိုက်ဆံလောက် သမာအာဇီဝကျတာ ဘယ်မှာရှိမှာလဲ။ အနှစ်နှစ်ဆယ် ကျွန်တော့်မိသားစုကို ရှာဖွေကျွေးမွေးဆေးကု ကျောင်းထားပေးခဲ့သော စာအုပ်ဆိုင်ကလေး၏ တံခါးလေးများမှာ ခေတ်၏လေနီကြမ်းဆောင့်တိုက်မှုကြောင့် အလိုအလျောက် ပိတ်သွားခဲ့ကြပြီ။

× × × × ×

(၇)

အိမ်ပေါ်ထပ် မှန်ဗီရိုထဲတွင်ရှိနေကြသော စာအုပ်ကလေးများကိုကြည့်ရင်း ကျွန်တော်တွေးနေမိသည်။ ဘယ်ခေတ်ကျရင်များ လူတွေစာအုပ်တွေပြန်ဖတ်လာကြမလဲ၊ စာအုပ်တွေကို ပြန်ချစ်လာကြမလဲ။ စာအုပ်တကယ် ဖတ်သောသူတွေကို ဘယ်အချိန်မှာများ စာအုပ်တွေပြန်ငှားပေးနိုင်မလဲ။ ဒီစာအုပ်တွေကြောင့် လူသားတွေ ဘယ်လောက်နူးညံ့သိမ်မွေ့လာမလဲ။ ယဉ်ကျေးမှုတွေ ဘယ်လောက်တိုးတက်လာမလဲ။ ပရဟိတစိတ်တွေ ဘယ်လောက်ပြန့်ပွားလာမလဲ။ ငြိမ်းချမ်းရေး ယုံကြည်မှုတွေ ဘယ်လောက်တည်ဆောက်နိုင်မလဲ။ အပြင်မှာတော့ မိုးတစိမ့်စိမ့်ရွာနေပါသည်။

**မိုးနေ**

■

"ငယ်ဘဝ၌ ပျောက်ဆုံးသွားပြီဖြစ်သော
ကမ္ဘာတစ်ခုရှိသည်။ ငယ်ဘဝ၌ပျံသန်းခွင့်မရခဲ့သော
အတောင်ပံတစ်စုံရှိသည်။ ငယ်ဘဝ၌ အရိပ်များရှိသည်။
ငယ်ဘဝ၌ အဆိပ်များရှိသည်။
ငယ်ဘဝ၌..."

# ငယ်ဘဝ

## ခိုင်မျိုး

(၁)

အာဖရိက၏ သွေးစွန်းပေနေသော ပုံတစ်လုံးတွင် အာဖရိက၏ငယ်ဘဝ ရှိသည်။

လူမဲတစ်ယောက်၏ နက်မှောင်နေသောကျောကုန်းပေါ်မှ လက်လက် သနေသည့် ချွေးပွင့်များကဲ့သို့ တောက်ပလင်းလက်နေသည့် အာဖရိက၏စိန်ပွင့် များဆီ၌ အာဖရိက၏ငယ်ဘဝရှိသည်။

လေထုအတွင်းသို့ ဝင့်ဝဲမြောက်တင်၍ လူမဲမတစ်ယောက်၏ ခန္ဓာကိုယ် အနှံ့သို့ ရိုက်ချလိုက်သော ကြာပွတ်ရိုက်သံတို့၌ အာဖရိက၏ ငယ်ဘဝရှိသည်။

'လူမဲနှင့် ခွေးများမဝင်ရ' ဟု စာတန်းရေးထိုးထားသော စားသောက်ဆိုင် ကြီးတစ်ခု၌ 'လူမဲများ မထိုင်ရ'ဟု သတ်မှတ်ထားသော နေရာထိုင်ခင်းတစ်ခု ၌ အာဖရိက၏ငယ်ဘဝရှိသည်။

နယ်လ်ဆင်မင်ဒဲလားနှင့် မာတင်လူသာကင်းတို့၏ သွေးကြောမျှင်များ အတွင်း၌ အာဖရိက၏ငယ်ဘဝရှိသည်။

ကျွန်တော့်၌ ထိုအကြောင်းအရာများကို ဖတ်ရှုကြားသိမိခဲ့ရာမှ လူနှင့်လူ ခုင်းနိုင်လိုမင်းထက် နှိပ်စက်ခွဲခြားခြင်းကို မုန်းတီး၍လူနှင့်လူချင်း စာနာတတ် သည့်စိတ်ကို ပိုင်ဆိုင်လိုခဲ့သောငယ်ဘဝရှိ၏။

(၂)

၁၈ ရာစုနှောင်းပိုင်း ကုန်းဘောင်မင်းဆက်တည်ထောင်ချိန်၌ အလောင်းဘုရား (၁၇၅၂-၁၈၁၉)အပါအဝင် မြန်မာနိုင်ငံ၏အာဏာရှင်စစ်ဘုရင်တို့ အခြားတိုင်းတစ်ပါးသို့ ကျူးကျော်ခဲ့သော ငယ်ဘဝရှိသည်။

ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲနှင့် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၈၅) အထိ နယ်ချဲ့ကုလားဖြူအင်္ဂလိပ်တို့၏ ကျူးကျော်ကိုလိုနီပြုမှုကိုခံခဲ့ရသော မြန်မာနိုင်ငံတော်၏ငယ်ဘဝ ရှိသည်။

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် မြေထဲမြို့အထိ နယ်ချဲ့သိမ်းပိုက်ထားသော အင်္ဂလိပ်တို့၏နေမဝင်အင်ပါယာကို တုဖက်တိုက်ခိုက်အညှံ့မခံလိုသည့်ကနောင်မင်းသား၏ရေမြှုပ်ဗုံးတွင် မြန်မာနိုင်ငံသားတို့၏ငယ်ဘဝရှိသည်။

နိုင်ငံတော်တစ်ခုလုံး တစ်ပါးသူတို့၏ကျွန်ဘဝသို့ ကျရောက်ခဲ့ပြီးနောက် ဗြိတိသျှအစိုးရ၏ရက်စက်သော ချေမှုန်းနှိပ်ကွပ်မှုများနှင့် ဖက်ဆစ်ဝါဒဆိုးအောက်မှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းခဲ့ကြသည့် မြန်မာနိုင်ငံသား ရဟန်းရှင်လူအပေါင်းတို့နှင့် ရဲဘော်သုံးကျိပ်တို့၏သွေးဖောက်ဖလားတစ်လုံးအတွင်း၌ မြန်မာနိုင်ငံတော်၏ငယ်ဘဝရှိသည်။

ထိုအကြောင်းအရာများကို ဖတ်ရှုကြားသိခဲ့ရသော ကျွန်တော့်တွင်တစ်ပါးသောသူတို့၏ ရေ မြေ၊ လေပိုင်နက်များကို ကျူးကျော်စော်ကားလိုသူများအား ရွံရှာစက်ဆုတ်တော်လှန်လိုသည့် ငယ်ဘဝရှိ၏။

(၃)

၁၉ ရာစု အစပိုင်းကာလ၏ ခေတ်၊ စနစ်၊ ပြယုဂ်တို့တွင် အမျိုးသမီးများကို အနိုင်ကျင့်၊ နှိမ်ချ၊ နှိပ်စက်၊ ဆက်ဆံ၊ ခိုင်းစေခဲ့သော တရုတ်ပြည်၏ငယ်ဘဝရှိခဲ့သည်။

ကိုယ်လုပ်တော်များ၊ ကျေးကျွန်များ လိင်စေအပါးများအဖြစ် အပြုခံ တရုတ်အမျိုးသမီးများစွာသည် ရင်နှင့်ကြေကွဲဖွယ်ဖြစ်ရပ်ဆိုးတို့နှင့် ရင်ဆိုင်ခဲ့ကြရသည်။

၁၉ ရာစု အလယ်ဝန်းကျင် ချိန်ကေရှိတ်၏ကူမင်တန်တပ်တို့နှင့် မော်စီတုံး

၏တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တို့၏တိုက်ပွဲများအကြား မြေစာမြက်ဖြစ်ခဲ့ရသော တရုတ်ပြည်သူပြည်သားတို့၏ ငယ်ဘဝရှိသည်။

စစ်မက်နှင့်ငတ်မွတ်ခေါင်းပါးမှုဒဏ်ရာဒဏ်ချက်တို့ကြောင့် အစာအဟာရအတွက် မိမိတို့၏ကလေးငယ်များကို ဆန်နှင့်လဲစားခဲ့သော၊ သမီးငယ်များကို ငွေရှင်ကြေးရှင်များလက်သို့ ဝကွက်အပ်ခဲ့ရသော ဇိမ်နန်းဆောင်များဆီသို့ ရောင်းချခဲ့ရသည့်ဘဝများစွာသည် တရုတ်ပြည်၏ငယ်ဘဝ၌ ရှိခဲ့သည်။

ပဒေသရာဇ်ယဉ်ကျေးမှုများအား အကြွင်းမဲ့ရှင်းလင်းမည်ဟူသော ကြွေးကြော်သံဖြင့် မဟာပစ္စည်းမဲ့ ယဉ်ကျေးမှုတော်လှန်ရေးအမည်ခံသော မော်စီတုံး၏ စာအုပ်နီကိုင်၊ မော်စီတုံးတံဆိပ် ထိုးထားသော တပ်နီတော်သည် ကောင်းမွန်ချမ်းသာစွာ နေထိုင်နိုင်သူတို့၏ အိမ်ရာ၊ ပစ္စည်းများကို ဖျက်ဆီးခြင်း၊ အမျိုးသားအနုပညာပြတိုက်များအတွင်းမှ ရှေးဟောင်းစာပေ၊ ပန်းချီ၊ ပန်းပုနှင့် ဗုဒ္ဓဆင်းတုတော်များ၊ တရုတ်ရိုးရာရုပ်တုများ၊ မိုးဇက်၊ ဗီသိုဗင်တို့၏ ဓာတ်ပြားနှင့် စန္ဒားရားစသော ဂီတတူရိယာများမှစ၍ ဦးချွန်သောရှုးဖိနပ်ပါမကျန် စုပုံမီးရှို့ဖျက်ဆီးခဲ့သော ဖြစ်စဉ်များသည် တရုတ်ပြည်၏ငယ်ဘဝ၌ ရှိခဲ့သည်။

ထိုအကြောင်းအရာများကို ဖတ်ရှုကြားသိမိခဲ့သော ကျွန်တော့်၌ ဆင်ခြင်ရာမဲ့အင်အားသုံး အကြမ်းဖက်အနိုင်ကျင့်မှုတို့ကို လက်မခံလိုသော လူနှင့်လူချင်း ကုန်ပစ္စည်းသဖွယ် ဝယ်ယူရောင်းချ ဖလှယ်မှုများကို တားမြစ်လိုသော ငယ်ဘဝရှိ၏။

(၄)

၁၇၇၆ ခုနှစ်တွင် အမေရိကန် ကွန်ဂရက်အစည်းအဝေးမှ စစ်သေနာပတိချုပ် ဂျော့ဝါရှင်တန်အား သမ္မတအဖြစ်တင်မြှောက်ကာ သူတစ်ပါး၏ အုပ်ချုပ်ခံအဖြစ်မှ လွတ်လပ်သော အမေရိကန်နိုင်ငံတော်အဖြစ် စတင်ခဲ့သော အမေရိကန်နိုင်ငံ၏ငယ်ဘဝရှိသည်။

သစ်လုံးအိမ်ကလေးတစ်ခုအတွင်း ချို့တဲ့နွမ်းပါးစွာနေထိုင်ခဲ့ရာမှ အိမ်ဖြူတော်၏ အမြင့်မားဆုံး ကုလားထိုင်ပေါ်တွင် ထိုင်ခွင့်ရခဲ့သည်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့သူ (ထိုအချိန်က အမေရိကန်တွင် တောင်နှင့်မြောက်ကွဲ၍ ပြည်တွင်းစစ်ပွဲများ ဖြစ်ပွားလျက်ရှိ၏) ကြေးကျွန်စနစ်ကို ရပ်စဲပပျောက်အောင် ရွက်ဆောင်နိုင်ခဲ့သူ လင်ကွန်းဆိုသော လူငယ်တစ်ဦးထံ၌ အမေရိကန်နိုင်ငံ၏

ငယ်ဘဝရှိသည်။

၁၉ ရာစုအလယ်ပိုင်းတွင်မူ ကမ္ဘာ၌အချမ်းသာဆုံး၊ နည်းပညာအမြင့်မားဆုံး၊ လူသားအရင်းအမြစ်အတော်ဆုံးဟု ကြွေးကြော်နိုင်ခဲ့သည့် အမေရိကန်နိုင်ငံ၏ ငယ်ဘဝရှိသည်။ (ထိုအချိန်က အမေရိကန်ပြည်ထောင်စု၏ (၃၄) ယောက်မြောက် သမ္မတအဖြစ် သက်တမ်းနှစ်ကြိမ်ဆက်လက်ထမ်းဆောင်ခဲ့ရသော အိုက်ဆင်ဟောင်ဝါကို သုတေသီများစွာတို့က အမေရိကန်၏ အတော်ဆုံးသမ္မတဆယ်ဦးစာရင်း၌ ထည့်သွင်းခဲ့ကြသည်။) 'လ'မျက်နှာပြင်ပေါ်သို့ အမေရိကန်နိုင်ငံသားတစ်ဦး၏ ပထမဦးဆုံးခြေရာကို ထားရှိခဲ့ပြီးနောက် 'နည်းပညာတွေအားလုံးမှာအမေရိကန်ဟာ ထိပ်ဆုံးကရှိနေရမယ်' ဟူသောစကားသံသည် အမေရိကန်၏ငယ်ဘဝ ဖြစ်သည်။

ပူပြင်းလောင်မြိုက်သော သဲကန္တာရများ၊ သိပ္ပံနည်းပညာများပွင့်ဖူးရာ ဆီလီကွန်တောင်ကြားဒေသများ၊ အလစကား(သို့မဟုတ်) ရေခဲမြို့တော်များ၊ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ပင်လယ်သမုဒ္ဒရာ သုတေသနစခန်းများ၊ ကိတ်ကာနေဗလ်ကဲ့သို့ အာကာသဆိုင်ရာ လေ့လာမှုပြုနက္ခတ်တာရာလေ့လာရေးဒေသများ၌ ထက်မြက်တက်ကြွ ရှင်လန်းသည့်အမေရိကန်လူငယ်ကျားမများစွာသည် လူသားအကျိုးပြုသိပ္ပံဆိုင်ရာ နည်းပညာသစ်များစွာကို ရှာဖွေစူးစမ်းလျက်ရှိကြသည်။

ကျွန်တော့်၌ ထိုကဲ့သို့သော လောကအကျိုးပြု သိပ္ပံပညာရပ်များစွာကို ရှာဖွေလေ့လာသင်ကြားဆည်းပူးနိုင်ခွင့် ရရှိလိုခဲ့သောငယ်ဘဝရှိ၏။

(၅)

---

---

---

လူသားမျိုးနွယ်စုဟု ပေါ်ပေါက်လာခဲ့ပြီးနောက် တိရစ္ဆာန်တစ်ကောင်၏ လည်မြိုတွင် စိုက်ဝင်နေခဲ့သော ကျောက်လက်နက်တစ်ခု၌ လူသားတို့၏ ငယ်ဘဝရှိသည်။ ပင်လယ်လှိုင်းတံပိုးနှင့် မီးတောက်မီးလျှံများကို ပူဇော်ပသ၍ မိုးကြိုးသံကို ရှိုကျိုးခဲ့ခြင်း၌ လူသားတို့၏ ငယ်ဘဝရှိသည်။

နေ့၏ နေမင်းရောင်ခြည်ကို ဖြစ်စေ၊ ည၏ လမင်းရောင်ခြည်ကိုဖြစ်စေ၊ ကိုးကွယ်ဆည်းကပ်ခဲ့ဖူးသော လူသားတို့၏ ငယ်ဘဝရှိသည်။

စွမ်းပကားထက်မြက်သည့် တစ်ခု၊ တစ်စုံ၊ တစ်ယောက်က ဖန်တီးစေစားပြု လုပ်နိုင်သည်ဟု ယုံကြည်ခဲ့သော ဖန်ဆင်းရှင်ကို ကိုးကွယ်ခဲ့ဖူးသည့် လူသားတို့၏ ငယ်ဘဝရှိသည်။ (ထိုဘဝများသည် ယခုအချိန်အထိတိုင်အောင် ထွန်းကားနေဆဲဖြစ်၏။)

ဆူဖြိုးသော မြေကမ္ဘာ၏ သဘာဝတရားများကို မှီခိုစားသုံး၍ ဆန်းပြားနှပ်ထွေးသော လူ၏ဉာဏ်ပညာကို အသုံးပြုကာ ရွာများ၊ မြို့များ၊ နိုင်ငံတော်များ ဘည်ထောင်ပြီး၊ သင်္ကေတ၊ အမှတ်တံဆိပ်၊ ပြချက်များပြုလုပ်ပြီး အချစ်အမုန်းနှင့်တက်မက်မှု၊ အနုမာနအမျိုးမျိုးကို ခံစားပြီး ဇာတ်တူသားစားရန် ဝန်မလေးသည့် လူသားတို့ကို တမ်းပိုးထားခဲ့ရသော ကမ္ဘာလောက၏ ငယ်ဘဝရှိသည်။ (ယခုလည်း ရှိနေဆဲဖြစ်၏။)

သဘာဝလောကကြီး၏ လက်ဆောင်အဖြစ် မြစ်များနှင့်ပင်လယ်သမုဒ္ဒရာများ၊ တောတောင်သစ်ပင်တိရစ္ဆာန်များအပေါ် ချစ်ခြင်းမေတ္တာပျက်ယွင်းခဲ့ပြီဖြစ်သော လူသားတို့၏အသိ၊ ဉာဏ်၊ ပညာတို့သည် ကမ္ဘာလောကအတွင်း စီးဆင်းခဲ့ပြီဖြစ်၏။

ထိုအသိဉာဏ်၊ ပညာတို့၏အစေအပါး လူတို့သတ်ဖြတ်၊ ဖျက်ဆီးခဲ့သော ကမ္ဘာလောက၏ ငယ်ဘဝရှိသည်။

ထို့အတူအသိ၊ ဉာဏ်၊ ပညာ (အရှင်သခင်လူတို့) ထုဆစ်စိုက်ပျိုးခဲ့သော ကမ္ဘာလောက၏ငယ်ဘဝ ရှိသည်။

***ငယ်ဘဝ၌ လျှောက်ခွင့်မရခဲ့သော လမ်းများရှိသည်။***

***ငယ်ဘဝ၌ နမ်းခွင့်မရခဲ့သော ပန်းများရှိသည်။***

***ငယ်ဘဝ၌ ပျောက်ဆုံးသွားပြီဖြစ်သော ကမ္ဘာတစ်ခုရှိသည်။***

***ငယ်ဘဝ၌ ပိုင်ဆိုင်ခွင့်မရခဲ့သော အတောင်ပံတစ်စုံရှိသည်။***

***ငယ်ဘဝ၌ အရိပ်များရှိသည်။***

***ငယ်ဘဝ၌ အဆိပ်များရှိသည်။***

***ငယ်ဘဝ၌. . . ။***

**ခိုင်မျိုး**

■

“အဖေ့ကို ပြောစရာစကားတွေ ရင်မှာပြည့်လျှံလာသည်။
သို့သော် အဖေသည် ကျွန်တော့်စကားတစ်လုံးတစ်ပါဒမျှကိုပင်
ကြားနိုင်စွမ်းမရှိတော့။ “အဖေ” “အဖေ” အဖေ့ကို
အော်ခေါ်ရင်း ငိုကြွေးလိုက်…”

# အဖေကိုချစ်သော သားတစ်ယောက်အကြောင်း (သို့မဟုတ်) သားကိုချစ်သော အဖေတစ်ယောက်အကြောင်း

ရွှေမြအောင်

ခွင့်မလွှတ်နိုင်သော၊ ခွင့်မလွှတ်သင့်သော မိုက်မှားမှုအတွက် ခွင့်လွှတ်ခံရသောအခါ ရင်သည်ပိုနာ၏၊ ခါးသီးသောဝေဒနာ၌ အေးငြိမ်းမှုကိုထိတွေ့ရသောအခါ ကြေကွဲခြင်းသည် ရင်ကိုပိုနာစေလေပြီ။

xxx

*'ဘာကွ၊ ခွေးလိုတဲ့၊ မင်းလား ငါ့ကိုပြောတာ'*

ခေါင်းကိုထောင်လိုက်စဉ် ခေါင်းသည် ထောင်မရ၊ အီစော်နံ့ရသောကြောင့် သည့်ကြည့်စဉ် အန်ဖတ်တစ်ပုံကိုတွေ့ရ၏။ ခေါင်းတစ်ခုလုံး ရီဝေနေသည်။ အိမ်သို့ ဘယ်လိုရောက်လာသည်မသိ၊ အိပ်နေသည်က လှေကားရင်းမှာ အခင်းမရှိ၊ လုံချည်ဖရိုဖရဲ၊ သားကပြောတယ် ခွေးလိုတဲ့၊ သူနဲ့ဘာဆိုင်လဲ၊ ငါ့ကိုယ်ငါ ခွေးဖြစ်ဖြစ် ဝက်ဖြစ်ဖြစ်၊ ငါသူ့အဖေပဲ၊ သူငါ့သားပဲ၊ သူငါ့ကို ဒီလိုဘယ်ပြောလို့ရမလဲ၊ သူစားဖို့ သောက်ဖို့ကို ရုန်းကန်ရှာကျွေးနေရတဲ့ ငါ့ကိုမှ ခွေးတဲ့၊ သူ ခွေးသားပေါ့။

*"ခွေးသား၊ လာကွာ"*

သားငယ်သည် ငေးရပ်နေသေး၏။ ခဏကြာမှ တုံ့ဆိုင်းတုံ့ဆိုင်းနှင့်လာ၏။

ဘေးမှာလာရပ်နေသော သားငယ်ကိုမော့ကြည့်စဉ် မျက်လုံးပေကလတ် ပေကလတ် လုပ်နေ၏။

တုန့်ခတ်နေသော နှုတ်ခမ်းကလည်း စကားသံမဲ့ပြီ။ ရိုက်တော့အံ့ လက် လည်း လှုပ်ရှားမရတော့၊ ဆူဝေနေသောရင်၌ ကြင်နာခြင်းအတိုင်းအဆမဲ့သည် ဖြစ်ထွန်းလျက်။

ထိုစဉ် အဖေ့ကိုတွေ့၏။ မိမိကိုယ်ကိုလည်း ပြန်တွေ့လိုက်သည်။ အာရုံ၌ အဖေသည် ကျွန်တော့်ကို ကြင်နာစွာကြည့်နေလေသည်။

xxx

*"ကိုကို၊ ဟိုမှာ အဖေ လဲနေတယ်၊ ညီတစ်ယောက်တည်း မနိုင်လို့"*

အဖော်သူငယ်ချင်းတွေနှင့်ကျောင်းဆင်းလာတုန်း ညီလေး အမောတကော လာပြောသည်။

သွားပြီ။ နေ့ခင်းကြောင်တောင်ကြီး အရက်မသောက်ပါနဲ့ အဖေရာ တောင်း ပန်ပြီးသား။ သားသိပ်ရှက်တယ် ဖွင့်ပြောပြီးသား။

မျက်နှာသည် ထူပူသွား၏။ ဒေါသစိတ်သည် ခန္ဓာကိုယ်အနှံ့ပျံ့နေပြီ။ ညီခေါ်ရာနောက် လိုက်လာစဉ် ဈေးနှင့်မနီးမဝေးတစ်နေရာ၌ အဖေ့ကိုလှမ်း မြင်ရသည်။ ခြေကားရား လက်ကားရားနှင့် ပါးစပ်ကလည်း တတွတ်တွတ် ဘာပြောလို့ပြောမှန်းမသိ။ ဈေးအသွားအလာလူတွေ ကြည့်ကြည့်သွားကြတော့ မျက်နှာထားစရာနေရာရှာမတွေ့။

ညီလေးနှင့်တစ်ယောက်တစ်ဖက်တွဲကိုင်တော့ အဖေ ခေါင်းမော့လာသည်။

*'သား'*

အရက်ရှိန်ကြောင့် နီရဲနေသော မျက်လုံးအစုံကိုပြူးလျက် အဖေ ခေါ်သည်။

'ဒီမှာ သားအတွက်'

လက်ထဲက ခေါက်ဆွဲထုပ်ကို မြှောက်ပြသည်။ ကျွန်တော်ခေါက်ဆွဲကြိုက် တတ်မှန်း အဖေသိသည်။ အဖေဝယ်လာနေကျ။ မြှောက်ထားသောလက်သည် အောက်ကျမလာတော့။

*"လာ. . အဖေ။ လမ်းလယ်ခေါင်မှာ"*

အတင်းဆွဲခေါ်တော့ အင်း၊ အဲနှင့်လိုက်ပါလာသည်။ လူတွေ လှည့်ကြည့်

သည့်ကြည့်လုပ်သွားတိုင်း ထွက်ပြေးချင်စိတ်တွေပေါက်သည်။ လူသွား လူ အလာမရှိသော လမ်းကြိုလမ်းကြားတွေ ရှိလျှင်ကောင်းမည်တွေး၏။ သို့သော် သွားနေသော လမ်းမကြီးမှအပ တခြားလမ်းမရှိ။

အိမ်ရောက်တော့ ခြံဝင်းအဝမှာပင် အဖေကို တွန်းထိုးလွှတ်ချပစ်မိသည်။ အဖေသည် ပုံလျက်သား။

'သား'တစ်ချက်ခေါ်ပြီး ခေါက်ဆွဲထုပ်ကို မြှောက်ပြသည်။ အသံမထွက် တော့။

အဖေသောက်ချင်ရင် သားဝယ်ပေးမယ်။ အိမ်မှာသောက် အဖေ့ကိုပြောပြီး သား၊ အဖေဟာ အရာရှိတစ်ယောက်၊ သိက္ခာနဲ့နေပါ အဖေရာ၊ တတွတ်တွတ် ပြောပြီးသား။

ရင်သည် လှိုက်ဖိုနေ၏။ ဘယ်သူ့ကိုမှ မတွေ့ရတော့သည်တိုင် ရှက်စိတ် သည် ကြီးစိုးနေလေပြီ။

သားကိုချစ်ရင် အရက်မသောက်ပါနဲ့တော့အဖေရာ၊ သားရှက်လွန်းလို့ပါလို့ အဖေ့ကိုပြောပြီးသား၊ ဒါပေမဲ့ ပြောပြီး ပြီးပြီ။ ညကျသောက် သောက်လာနေ ကျ၊ မူးမြဲမူးနေကျ၊ တစ်ခါတစ်ခါ ဆိုခုလိုမျိုး လင်းလင်းရှင်းရှင်းကြီးမှာ မူးလာ နေကျ။

နိုးလာတော့. . .

*"သားအတွက်"* တဲ့။

လက်ထဲမှာရှိသေးသည့် ခေါက်ဆွဲထုပ်ကိုပြသည်။

အဖေ့လက်ထဲမှ ခေါက်ဆွဲထုပ်ကို ဆတ်ခနဲဆွဲယူတော့ အဖေခေါင်းထောင် ကြည့်တာတွေ့သည်။

ခြံပြင်ဘက် လှမ်းပစ်လိုက်တော့. . .

*"သား၊ ဘာဖြစ်လို့ လွှင့်ပစ်တာလဲ"*

တဲ့။ သူမေးသည်။

*"ဒီလို အရက်သမားဝယ်ပေးတဲ့ ခေါက်ဆွဲမပြောနဲ့ ဘာဆိုဘာမှ မစားတော့ ဘူး၊ နောက်လည်း ဘာမျှဝယ်မလာနဲ့။ သားကိုချစ်ရင် အရက်မမူးပါနဲ့ ပြော သားတာ၊ နေ့ခင်းကြောင်တောင်ကြီး ဒီလိုမူးမလာနဲ့ တောင်းပန်ထားတာ ဘယ် သောက်ရှက်စရာကောင်းသလဲ၊ သားလို့လည်းမခေါ်နဲ့တော့၊ အဖေလို့လည်း*

*မခေါ်တော့ဘူး"*

ဒေါသဖြင့် စကားလုံးတို့သည် ခုန်ထွက်သွားသည်။

အဖေသည် ငေးကြည့်နေ၏။ ပြီး ပြန်အိပ်သွားသည်။ ဘာမှမပြော။

ခါတိုင်းဆို တစ်ရေးနိုး ထမင်းထစားနေကျ။

ဒီနေ့တော့ ထမင်းလည်းထမစားတော့။

xxx

"သား၊ အဖေရှုံးက ပြန်ရောက်နေပြီ။ ဒီနေ့ သောက်မလာဘူး သား၊ ပြီးတော့ သားအတွက် ခေါက်ဆွဲလည်း ပါတယ်"

ညနေ ကျောင်းဆင်းလာတော့ အမေ ဆီးပြောသည်။ အမေ့ကို ဒီလိုရွှင်ရွှင်ပျပျ၊ တစ်ခါမျှ မှတ်မှတ်ထင်ထင် မတွေ့ရဘူး။ ကျွန်တော် ငယ်ငယ်သိတတ်ကတည်းက အမေသည် အဖေ့ကြောင့် စိတ်သောကရောက်ခဲ့ရသည်။ အရက်ကြောင့် အမေမျက်ရည်တစ်စမ်းစမ်း ဖြစ်ဘူးပေါင်းများပြီ။ ပြောမရသည့်အဆုံး အမေသည် အဖေနှင့်ပတ်သက်ပြီး ဘာမှမပြောတော့။

အရက်သောက်မထားသော အဖေသည် အမေ့အတွက် ဧရာမ စိတ်ချမ်းသာမှုကို ဖြစ်စေလိမ့်မည်ကို ကျွန်တော်သိသည်။

အိမ်ရှေ့ခန်းဘက် လှမ်းတက်လိုက်စဉ် အဖေလှည့်ကြည့်တာတွေ့သည်။ အဖေစကားပြောမပြည်ပြုသည်။ ကျွန်တော်လှည့်ထွက်လာစဉ် အဖေပါးစပ်အဟောင်းသားနှင့် ကျန်ရစ်တာတွေ့သည်။ ပြောချင်စိတ်မရှိ။ အလွန်ဆုံးနေလှတစ်ရက်၊ နှစ်ရက်၊ ဆက်သောက်မှာ သိပြီးသား။

*"သား၊ ခေါက်ဆွဲစားလေ"*

*အမေ လှမ်းပြောတော့. . .*

*'သားမစားဘူး မေမေ'*

*လှမ်းအော်ပစ်သည်။*

*'သား စားလေ'*

အဖေ့ဆီက အသံထွက်လာသည်။

စားချင်စိတ်ကိုမရှိ၊ ဘာမှမပြောတော့ဘဲ အပြင်ထွက်လာခဲ့သည်။ အဖေနာကျည်းသွားအောင် နာကျည်းစိတ်ကို ပြလိုက်ချင်သည်။ အဖေ အရက်ကိုနာ

ကျည်းစေလိုသည်။ အရက်သည် အဖေ့ကို ဝါးမျိုနေပေပြီ။ အရက်ကြောင့် အဖေသည် ရာထူးတိုးအခွင့်အရေးတွေ လက်လွှတ်ဖူးပေါင်းလည်း မနည်းတော့။ နို့ဆို ခုပြည်နယ်အဆင့်မှာတောင် အဖေရောက်နေပြီ။

မနက်လင်းတော့ အဖေအိမ်ကထွက်သွားသည်။ ခဏအကြာမှာ ရုံးလုလင် အဖေ့အိပ်ရာတွေ ဘာတွေ လာယူသည်။ အဖေယူခိုင်းလို့တဲ့။

ဆေးရုံတက်မယ် ပြောတယ်တဲ့။

နောက်မှ အမေပြောလို့သိရသည်။ အရက်ဖြတ်တာတဲ့။

ထမင်းပို့ဖို့ လူမရှိလို့ ပို့ရသည့်တိုင် အဖေ့ကိုမကြည့်မိအောင် ကြိုးစားသည်။ အဖေသည် ကျွန်တော်ဝင်သွားတိုင်း စိုက်ကြည့်နေတတ်သည်။ ထမင်းပို့ပို့ပြီး ချက်ချင်းပြန်ထွက်လာတတ်သည်မို့ အဖေနှင့်အကြာကြီး မတွေ့ဖြစ်အောင်လည်း ကြိုးစားသည်။

×××

ရုံးဝန်ထမ်းတစ်ယောက် ဆရာမဆီလာပြောတော့ ဆရာမမျက်နှာမကောင်း။

*"မောင်ကိုကို၊ သားအဖေဆုံးပြီတဲ့"*

*"မဟုတ်ဘူးဆရာမ၊ အဖေ ဒီနေ့ပဲ ဆေးရုံက ဆင်းတာ၊ နေအကောင်းသား"*

ပါးစပ်က ဘာတွေ ဘာတွေပြောလို့ ပြောမှန်းမသိတော့၊ အနားပတ်ပတ်လည်က ကျောင်းသားကျောင်းသူ အဖော်တွေ ဝမ်းနည်းစွာ ပေရပ်နေကြတာတွေ့သည်။ အိမ်သို့ ဘယ်လိုရောက်လာမှန်းမသိလိုက်။

အဖေသည် ငြိမ်းဆေးစွာ အိပ်စက်နေသကဲ့သို့ ပကတိငြိမ်သက်လျက်။ အဖေ့မျက်နှာကို စိုက်မကြည့်ဖူးသည်မှာ ကြာပြီ။ စိုက်ကြည့်နေရင်းပင် အဖေဆုံးပြီဟူသော အသိက ရင်ကိုလာထိသည်။

အဖေ့ကို ပြောစရာစကားတွေ ရင်မှာပြည့်လျှံလာသည်။ သို့သော် အဖေသည် ကျွန်တော့်စကားတစ်လုံးတစ်ပါဒမျှကိုပင် ကြားနိုင်စွမ်းမရှိတော့။

*"အဖေ"*

*"အဖေ"*

အဖေ့ကို အော်ခေါ်ရင်း ငိုကြွေးလိုက်သည်။

'သား'လို့ တစ်ခွန်းတောင် အဖေမခေါ်နိုင်တော့။

'အရက်ဖြတ်ပြီး ချက်ချင်း အရက်ပြန်သောက်လို့ သေတာ'

တီးတိုးသံတစ်ခုကို ကြားလိုက်တော့ ရင်မှာတသသခံစားရပြန်သည်။

ဟင်. . . အဖေအရက်ပြန်သောက်တယ်လား၊ ရေရွတ်ရင်း ဝမ်းနည်းမှု လှိုက်တက်လာပြန်သည်။

နှမြောတမ်းတစွာ ကြည့်ရင်း ကြည့်ရင်းနှင့် အဖေ့ကို သနားစိတ်သည် ရင်၌ တစ်ဗန်ဖြစ်တည်လာသည်။ ကြေကွဲခြင်းမျက်ရည်တို့သည် ဆီးတားမရ တော့။

*'အဖေ၊ အဖေ'*

ဘာဆိုဘာမှလည်း မသိတော့။

xxx

**၁၉၉၃ ခုနှစ်၊ မတ်လ (၅) ရက်၊ သောကြာ**

ငါဒီနေ့ အရက် အရမ်းသောက်ချင်တယ်။ ငါ့လက်တို့ တုန်နေတယ်။ ဒါပေမဲ့ ငါမသောက်၊ အိမ်ကိုစောစောပြန်လာတယ်။ သားကို အုံ့ဩစေမယ် တွေးတယ်။ သားအတွက် ခေါက်ဆွဲဝယ်လာတယ်။ သို့သော် သားကိုခေါ်ခွင့် မသာလိုက်၊ သားလှည့်တောင်မကြည့်ခဲ့။ ငါ့ရင်သည် ကြေကွဲစွာ ခံစားလိုက်ရ သည်။ ငါဝယ်လာတဲ့ ခေါက်ဆွဲကိုမစားဆိုသံကြားရသည်။ ငါ့မိန်းမထက် ငါ့သား ကြီးကို ပိုချစ်တယ်။ ငါဘယ်သူ့ကိုသားခေါ်ရမလဲ။ သား. . . သား. . . သား အဖေမနက်ဖြန် အရက်ဖြတ်ဖို့ ဆေးရုံတက်မည်။

**၁၉၉၃ ခုနှစ်၊ မတ်လ (၆) ရက်၊ စနေ**

**သား ငါ့ကို မယုံ၊ လာပင်မလာ။**

**၁၉၉၃ ခုနှစ် မတ်လ (၇)ရက်၊ တနင်္ဂနွေ**

ဒီနေ့လည်း မလာ၊ သား နေမကောင်းတာလား။

**၁၉၉၃ ခုနှစ် မတ်လ (၈)၊ တနင်္လာ**

မိန်းမကပြောတော့ သား နေကောင်းတယ်တဲ့။

**၁၉၉၃ ခုနှစ် မတ်လ (၉) ရက်၊ အင်္ဂါ**

သား ထမင်းပို့ဖို့ ခဏတဖြုတ်ရောက်လာတယ်။ သား ဘာမှလဲမပြော၊ ကြည့်လည်းမကြည့်။

**၁၉၉၃ ခုနှစ် မတ်လ (၁၄) ရက်၊ တနင်္ဂနွေ**

ငါဒီနေ့ ဆေးရုံက ဆင်းပြီ။ သားကြီးကိုသာ အချစ်ဆုံး။ ငါအရက်ပြတ်ပြီ။ သားကိုချစ်လို့ ငါအရက်ကို မုန်းသည်။ အိမ်ဝင်လာပြီး ငါ 'သား'ခေါ်တော့ သားလှည့်မကြည့်၊ သားကြီး ငါ့ကို စိမ်းပြီ။

×××

ကျန်ရစ်တဲ့ အဖေ့ဒိုင်ယာယီစာမျက်နှာလေးသည် အဖေ ပြောနေသလို၊ ဆေးရုံက ဆင်းလာသည့်နေ့က အဖေ့လှမ်းခေါ်သံကို မှတ်မှတ်ရရ ပြန်ကြား ယောင်ပြန်ပြီ။

ငါ့ရဲ့တစ်သက်တာ စိမ်းကားမှုကိုခံရပြီထင်ပြီး အဖေ အရက်ဆက်သောက် သွားတာလား။ ဤအတွေးသည် တစ်စတစ်စကြီးထွားလာလျက် နှလုံးသားကို ဒုန်းဒုန်း ထုနှက်နေလေသည်။ နှလုံးသား၏ ခံနိုင်ရည်စွမ်းသည် ကုန်ခန်း သွက် တစ်စစီတစ်မြွာစီ ကွဲကြေမွကုန်ပြီထင်သည်။

အဖေ့ကို ငါသေခိုင်းလိုက်တာလား။

အဖေ့ကို ငါသတ်လိုက်တာလား။

တုန်လှုပ်ခံစားရပြန်သည်။

×××

ယခုအခါ မိမိသည်လည်း အရက်သောက်တတ်နေသူတစ်ဦးဖြစ်နေသည်။ အပေါင်းအသင်းတွေ့မှ ပျော်ပျော်ပါးပါးဟုပြောတော့ မိန်းမကလည်း မငြူစူ၊ သောက်နေရေးကို ဖူလုံအောင် ဖြည့်ပေးနိုင်ရင် တာဝန်ကျေပြီဟု မိမိခံယူထား

သည်။

အဖေသည်လည်း ကျွန်တော်တို့ အမေတို့အတွက် စားဝတ်နေရေးကို လုံးဝ တာဝန်ယူစောင့်ရှောက်ပြီး ဝဝလင်လင်ကျွေးသွားခဲ့သူသာဖြစ်သည်။ အဖေသည် မိသားစုအတွက် လုံးဝပေးဆပ်သွားခဲ့သည်သာဖြစ်သည်။

မိမိက သူ့အစာကိုစားလျက် သူ့ကိုဘက်ကန်မိပြီး ဘာမှမဟုတ်လောက် သည့်အရာကို 'အရှက်'ဟု အမည်တပ်ကာ အဖေ့ကို စော်ကားမိပြီ။ နာကျင်စေ ခဲ့ပြီ။ အခုဆို သေစေခဲ့လေပြီ။ သို့သော် အဖေသည်သေသွားသည့်တိုင် မိမိကို အပြစ်မမြင်ခဲ့။ မိမိ၏ ရိုင်းစိုင်းပြုမူ ပြောဆိုခဲ့မှုအတွက် အဖေ့ဆီက ပြင်းထန် သော လက်သီးချက်၊ သို့မဟုတ်နာကျင်စကားတစ်ခွန်းတလေလောက်မျှ ပြန်ရ အံ့။ မိမိ ယခုလောက် ကြီးစွာသောဝေဒနာကို ခံစားရချင်မှရမည်။

ခွင့်မလွှတ်နိုင်သော ခွင့်မလွှတ်သင့်သော မိုက်မှားမှုအတွက် ခွင့်လွှတ်ခံရ သောအခါ ရင်သည် ပိုနာ၏။ ခါးသီးဝေဒနာ၌ အေးငြိမ်းမှုကို ထိတွေ့ရသော အခါ ကြေကွဲခြင်းသည် ရင်ကိုပိုနာစေလေသည်။

မှားပြီဆိုသည့် အတွေးသည် နှလုံးသား၌လည်းကောင်း၊ ခြေလက်တို့၌လည်း ကောင်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့၌လည်းကောင်း၊ အနှံ့စီးဝင်ပျံ့ နှံ့လျက်၊ ခုနေချိန်ခါ အဖေ့ကိုပြောသင့်ပြောထိုက်ခဲ့သင့်သော စကားတွေ ရင်မှာ အပြည့်ရှိနေသည်။

အဖေနှင့်မိမိအကြား မဖြေရှင်းလိုက်ရသော ခံစားမှုဝေဒနာအားလုံး သစ် ထွန်းဖြစ်ပေါ်နေပြီး အပြစ်သားတစ်ယောက်လို ယခုခံစားနေရပြီ။ မိမိက အဖေ့ ကို ပြောသင့်ပြောထိုက်တဲ့စကားတွေ မပြောသင့်ထိုက်တဲ့စကားတွေကို မိမိ တွေးတောနေမိသည်။

မိုက်မှားကျူးလွန်ခဲ့မိတဲ့ ပြစ်မှုတွေ၊ ဖြစ်ပျက်ခဲ့မှုတွေအတွက် မိမိကိုယ်ကို အပြစ်မြင်မိပြီ။ ဖြစ်ခဲ့ဖူးသည့် ပြဿနာတိုင်းအပေါ် မိမိအပြစ်ရှိစွာ ခံစားနေရ သည်။ အဖေ့ရဲ့သေခြင်းကို ဖြစ်ပေါ်စေခဲ့တဲ့ ဖိစီးမှု သောကဝေဒနာအားလုံး အတွက် မိမိအပြစ်ရှိစွာ ခံစားနေရပြီ။ မိမိအခြေကို စိတ်ဝေဒနာဖိစီးမှုဖြစ်ပေါ် စေခဲ့မှုသည် အဖေ့ရဲ့ဝေဒနာကို ရင့်မှည့်စေခဲ့ပြီဟု ခံစားနေရပြီ။

ကြေကွဲခြင်း ရင်သည် အတိုင်းအဆမဲ့ နက်ရှိုင်းအေးမြလှစွာသော မိဘမေတ္တာတို့ကို ထိုးထွင်းဖောက်မြင်နိုင်စွမ်းရှိသော်ငြားလည်း ခါးသီးသောရင်ခွင်လျက် ဖြစ်တည်လာတော့မယ့် ဘဝပေါင်းများစွာမှာ. . .။

**ရွှေမြအောင်**

**၁၉၉၅ ထုတ် ဦးရာစ်မြေမဂ္ဂဇင်းတွင် မောင်နှင်းဝေ(ဝရာစ်မြေ) အမည်နှင့် ရေးသားခဲ့သည်ကို ပြန်လည်ခံစားဖော်ပြခြင်းဖြစ်ပါသည်။**

■

“ပြင်ဦးလွင်မြို့တွင်သာမက မြန်မာတစ်နိုင်ငံလုံးတွင်လည်း
မြေကွက်များက အရန်သင့်စားစရာများနယ်ထုပ်ပိုးထားပြီး
မြန်းအားကောင်းသည့်ဖောက်သည်များကိုစောင့်မျှော်နေခဲ့ကြချိန်၌
ဆင်းရဲနွမ်းပါးကြသည့်ပြည်သူများမှာ...”

# မှိုတက်နေသော ပေါင်မုန့်များ

## ဥညြ(ချယ်ရီမြေ)

(၁)

လမ်းထိပ်ဈေးဆိုင်မှ ဝယ်လာခဲ့သည့် ပေါင်မုန့်ကိုစားရန် ထုတ် လိုက်သည့်အခါ ညိုဖျော့ဖျော့မှိုစက်များကို တွေ့လိုက်ရသည့်အတွက် စားချင်မှု အာသီသကို မျိုသိပ်လိုက်ရသည်။ အရာဝတ္ထုများ အထူးသဖြင့် အစားအသောက်များသည် သုံးစွဲရမည့်ကာလထက် ကျော်လွန်သွားသည့်အခါ မှိုတက်ကာ ပျက်စီးသွားရသည့်သဘောကို ဆင်ခြင်မိသည်။ ဖြစ်ပြီးရင် ပျက်ရသည် ဆိုသော်လည်း သည်သူမျှ အသုံးမပြုလိုက်ရဘဲ အကျိုးမဲ့ပျက်စီးသွားကြရသည့် အရာဝတ္ထုတို့က နှမြောစရာကောင်းလှပေသည်။ အကယ်၍ ပေါင်မုန့်တစ်လုံးသည် မှိုမတက်မီ ငိုက်ဆာနေသူတစ်ယောက်ထံ ရောက်ရှိသွားခဲ့မည်ဆိုလျှင်၊ အကယ်၍ စာအုပ်စင်ထဲမှ မဖတ်ဖြစ်သည့် စာအုပ်တစ်အုပ်သည် စာဖတ်ချင်စိတ်ပြင်းပြနေသူတစ်ဦးထံ ရောက်ရှိသွားခဲ့မည်ဆိုလျှင် အသုံးဝင်မှုနှင့် အသုံးပြုမှုတန်ဖိုးတို့သည် အချိုးညီလိုက်ဖက်စွာ တင့်တယ်နေပေလိမ့်မည်။ သို့သော် ကျွန်တော်တို့၏ ပတ်ဝန်းကျင်မှာကား မှိုတက်နေသောပေါင်မုန့်ပေါင်းများစွာသည် သူတို့ကိုငိုအပ်နေကြသူ များအား မျက်ကွယ်ပြုလျက် စိမ်းကားနေခဲ့ကြရသည်။

× × × × ×

(၂)

ကျွန်တော့်တွင်ရှိသော သိသာထင်ရှားသည့် လောဘတစ်ခုမှာ စာအုပ်လောဘဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော် သုံးဆယ်နီးပါး လေးတန်းကျောင်းသားဘဝမှာ စတင်အခြေတည် လာခဲ့သော စာဖတ်ခြင်းဝါသနာသည် ကျွန်တော့်၏ စာအုပ်လောဘများကို မွေးဖွားပေးခဲ့သည်ဟု တစ်ထစ်ချမဆိုနိုင်သော်လည်း လုံးဝမှားယွင်းမည်တော့မဟုတ်ပေ။ ကျွန်တော်၏ လောဘကြီးတတ်သောဗီဇကြောင့်လည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ကျွန်တော်သည် စာအုပ်ဆိုင်တစ်ဆိုင်ရှေ့မှ ဖြတ်သွားရလျှင် အနည်းဆုံးစာအုပ်တစ်အုပ်လောက်တော့ ဝယ်ချင်သည့်စိတ် ဖြစ်မိတတ်သည်။

ရန်ကုန်တက္ကသိုလ်၌ ကျောင်းတက်ခဲ့စဉ်တုန်းက ပန်းဆိုးတန်း လမ်းတစ်လျှောက်နှင့်ပတ်ဝန်းကျင်ရှိ စာအုပ်အရောင်းဆိုင်များနှင့် စာအုပ်အဟောင်းဆိုင်များမှ စာအုပ်များကို အငမ်းမရဝယ်ခဲ့မိသည့် ဘဝကိုအမှတ်ရနေမိပါသေးသည်။ အထူးသဖြင့် စာအုပ်အဟောင်းဆိုင်လေးများသည် ကျွန်တော့်၏ စာအုပ်လောဘ အာသီသကို ဖြည့်စွမ်းပေးကြသည့် မိတ်ဆွေများဖြစ်ခဲ့ကြ သည်။ ထိုစဉ်တုန်းကတော့ ကျွန်တော်ဝယ်သမျှ စာအုပ်တို့သည် ကျောင်းသင်ခန်းစာနှင့် သက်ဆိုင်သော ဆက်စပ်သော စာအုပ်များသာဖြစ်ခဲ့ကြပါသည်။ ကျောက်တူးသမား ကျောက်ကောင်းတစ်ပွင့်ရရန် တူးယူရသကဲ့သို့ စာအုပ်အဟောင်း ဆိုင်များမှ အချိန်ပေးကာ ဈေးချိုချိုဖြင့် ရှာဖွေဝယ်ယူလာခဲ့ရသည့် စာအုပ်ကောင်းလေးများကို အဆောင်ပြန်ရောက်သည့်အခါ အရသာခံကာဖတ်ရသည်။ လိုအပ်မှုအရ ဝယ်ခဲ့သည့်အတွက် ထိုစာအုပ်များကို အကျိုးရှိစွာအသုံးပြုနိုင်ခဲ့ပါသည်။

ဝန်ထမ်းဘဝမှ တာဝန်ကျရာအရပ်သို့ ရွှေ့ပြောင်းရင်း တောင် ပေါ်မြေ ချယ်ရီမြို့တော်ဆီသို့ ရောက်ခဲ့စဉ်မှာလည်း စာအုပ်များ အပေါ် တပ်မက်မိသည့် ကျွန်တော်၏စိတ်ဆန္ဒများသည် အဆုံးသတ်မသွားခဲ့ပါ။ ဈေးချိုချိုဖြင့် အားရပါးရရွေးချယ်ဝယ်ယူနိုင်သည့် စာအုပ်အဟောင်းဆိုင်လေးများနှင့် ဝေးကွာခဲ့ရသော်လည်း စာအုပ်အရောင်းဆိုင်များနှင့်မူ နီးစပ်ခဲ့ပါသည်။ မန္တလေးတွင် နောက်ထပ် ဘွဲ့တစ်ခုအတွက် ကျောင်းတက်ရသည့်အခါ မန္တလေးတက္ကသိုလ်နှင့်နီးသည့် ယခင် ၃၅ လမ်းပေါ်မှ ရာပြည့်စာအုပ်ဆိုင်သို့ အနည်းဆုံး တစ်လတစ်ခေါက်ရောက်ဖြစ်ခဲ့သည်။ လစာထုတ်သည့်ရက်တိုင်း စာအုပ်များကို

ဝယ်ယူဖြစ်ခဲ့သည်။ ထိုအချိန်မှာတော့ ကျွန်တော် ရွေးချယ်ဝယ်ယူခဲ့ကြသော စာအုပ်များသည် လိုအပ်မှုသက်သက်အရ ဝယ်ယူဖြစ်ခဲ့ကြသည့် စာအုပ်များ မဟုတ်ခဲ့ကြတော့ပေ။ ဖတ်ချင်သည့် အတွက် တစ်ချိန်မှာ ဖတ်ရန်စိတ်ကူးလျက် ဝယ်ယူခဲ့ကြသည့် စာအုပ် များလည်း ပါဝင်လာခဲ့ပါသည်။

ယနေ့တိုင်အောင်လည်း ကျွန်တော်သည် လက်ထဲမှာ ပိုက်ဆံရှိလျှင် စာအုပ်ဆိုင်သို့ရောက်လျှင် စာအုပ်များကို အငမ်းမရ ဝယ်မိတတ်သည်။ အမှန်အတိုင်းပြောရလျှင် ကလေးဘဝကဲ့သို့ တက္ကသိုလ် ကျောင်းသားဘဝကဲ့သို့ စာကိုအငမ်းမရ မဖတ်ရှုနိုင်တော့ပါ။ ဘဝ၏ လိုအပ်ချက်အရ စာဖတ်ချိန်များသည် ပါးလျားသွားခဲ့ရသည်။ မိသားစု တာဝန်၊ အလုပ်တာဝန်များကြားထဲမှရသမျှ အချိန်လေးတွင် စာဖတ်ရပါသည်။ ဗီရိုထဲတွင် ကျွန်တော် အငမ်းမရဝယ်ယူထားခဲ့သည့် မဖတ်ရသေးသော စာအုပ်အသစ်များသည် တစ်စစတိုးပွါးလာခဲ့ကြပါသည်။ ယခုဆိုလျှင် ဗီရိုထဲတွင် ဖုန်တက်နေသော မဖတ်ရသေးသည့် စာအုပ်အတော်များပြားနေခဲ့ပြီဖြစ်ပါသည်။

သို့တိုင်အောင်လည်း မန္တလေး၌ ကျောင်းတက်နေသည့် ဇနီးဖြစ်သူကို အစဉ်တိုင်းနီးပါး စာအုပ်များကို ဝယ်ခိုင်းမိနေတုန်းဖြစ်ပါသည်။ ကျွန်တော်နှစ်သက်သော စာအုပ်အသစ်တစ်အုပ်ထွက်ပြီဆိုလျှင်၊ စာအုပ်ဆိုင်တစ်ဆိုင်သို့ရောက်မိပြီဆိုလျှင် အနည်းဆုံးစာအုပ် တစ်အုပ်လောက်တော့ ဝယ်ရမှကျေနပ်သည့် ကျွန်တော်၏ စာအုပ်လောဘသည် ယနေ့တိုင်ရှင်သန်လျက်ရှိနေခဲ့ပါသည်၊ တစ်ချိန်မှာတော့ ထိုစာအုပ်များကို ကျွန်တော်ဖတ်ဖြစ်မည်ဟု ယုံကြည်နေတုန်းပဲဖြစ်ပါသည်။ အကယ်၍မဖတ်ဖြစ်လျှင်တောင် ကျွန်တော်ဖတ်ချင်နေသည့်စာအုပ်များ ကျွန်တော့်အနားမှာရှိနေခြင်းသည် နှစ်သက်ဖွယ် ကောင်းသည်ဟု ခံစားနေခဲ့မိသည်။ ထိုစိတ်သည် ရူးသွပ်မှုတစ်ခုဖြစ်နိုင်ပါသည်။ သို့မဟုတ် စွဲလမ်းမှုတဏှာ ဖြစ်ပေလိမ့်မည်။

× × × × ×

(၃)

ဆရာမြသန်းတင့်ရေးသည့် “နရသီဟပတေ့မင်း၏ဟင်းခွက်များ၊ ချောင်းကောင်းကား၏ ရုပ်အကျီများနှင့်အီမယ်ဒါမားကိုစ်၏ လေဒီရှူးများ” အက်ဆေးအကြောင်းကို ပြန်စဉ်းစားမိသည့်အခါတိုင်း ကျွန်တော့်မျက်စိထဲတွင် မှိုတက်နေ

သော ပေါင်မုန့်လေးများကို ပြေးမြင်မိတတ်ပါသည်။ အကျိုးမဲ့ပုပ်သိုးသွားခြင်းတို့သည် ကျွန်တော်တို့ ခေတ်မှာသာမက၊ ကျွန်တော်တို့နိုင်ငံမှာသာမက ရှိနေခဲ့ကြသည်။

ဆယ့်ရှစ်ရာစုတုန်းက အချမ်းသာဆုံးဟုဆိုနိုင်လောက်သည့် ဗိုးဂျင်းအမည်ရသော ပြင်သစ်ကုန်သည်ကြီးရှိခဲ့ပါသည်။ သူ့တွင် စည်းစိမ်ခံစရာများစွာတို့အနက် မရေမတွက်နိုင်သော အိပ်ခန်းအဆောင် အယောင်များသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။ သို့သော် ကုန်သည်ကြီး ဗိုးဂျင်းသည် ထိုအိပ်ခန်းများထဲတွင် ကုန်စင်အောင်မအိပ်စက်နိုင်ခဲ့ပါ။ သူ့တွင် အိပ်မပျော်သောရောဂါလည်း ရှိသည့်အတွက် မရေမတွက်နိုင်အောင်များပြားလှသော အိပ်ခန်းအဆောင်အယောင်များသည် အသုံးမဝင်သောအရာများဖြစ်ခဲ့ကြရပါသည်။

အိန္ဒိယပြည် နိုင်ဇမ်စော်ဘွား၌ မော်တော်ကားရာပေါင်းများစွာရှိခဲ့ပါသည်။ သို့သော နိုင်ဇမ်စော်ဘွားသည် ထိုမော်တော်ကားများကို စေ့အောင်မစီးနိုင်ခဲ့ပါချေ။ ရိုမေးနီးယားနိုင်ငံ အာဏာရှင်ချောင်ဆက်စကူးသည် ရှပ်အင်္ကျီတစ်ထည်ကို တစ်ခါသာဝတ်သည်ဟုဆိုပါသည်။ တစ်နေ့ကို ဝတ်စုံနှစ်စုံခန့်ဝတ်ပါလိမ့်မည်။ ထိုနှုန်းအတိုင်းဖြင့် တွက်ကြည့်သည့်အခါ ချောင်ဆက်စကူးသည် အာဏာရှိစဉ်ကာလတုန်းက ရှပ်အင်္ကျီပေါင်းနှစ်သောင်းနှင့်သုံးသောင်းကြားကို တစ်ခါသာ ဝတ်ပြီး ချောင်ထိုးခဲ့ပါလိမ့်မည်။ ဖိလစ်ပိုင်သမ္မတဟောင်း မားကို့စ်၏ ဇနီး အီမယ်ဒါမားကို့စ်ထံတွင်လည်း လေဒီရှူးအရန်ပေါင်း (၂,၇၀၀)၊ ဖိနပ်ပေါင်း (၅,၄၀၀) ရှိခဲ့သည်ဟုဆိုပါသည်။ အီမယ်ဒါသည် ထိုဖိနပ်များကို တစ်နေ့သုံးရန်စီးခဲ့လျှင်တောင် နှစ်နှစ်ခွဲနီးပါးစီးရပေလိမ့်မည်။

နရသီဟပတေ့မင်းသည် တစ်ခါပွဲတော်တည်လျှင် ဟင်းခွက်သုံးရာဖြင့် ပွဲတော်တည်သည်ဟုဆိုပါသည်။ ထိုဟင်းခွက်သုံးရာကို စုံ အောင်နှိုက်ရန် မလွယ်ကူပါ။ အီဂျစ်ပြည်ဖာရောက်ဘုရင်သည် တစ် ပတ်လျှင် ကမာအကောင် (၆၀၀) စားသည်ဟုဆိုပါသည်။ ဖာရောက် ဘုရင်၏အဘိုးဖြစ်သော အီစမန်ဘုရင်ကြီးတွင် မောင်းမ၊ ကိုယ်လုပ်တော် (၃,၀၀၀) ရှိသည်ဟုဆိုပါသည်။ နရသီဟပတေ့မင်း၊ ဖာရောက် ဘုရင်နှင့်အီစမန်ဘုရင်တို့သည် သူတို့၏စည်းစိမ်လောဘကို ကုန်စင် အောင် ခံစားနိုင်ခဲ့ကြမည်မဟုတ်ပေ။

ဆရာမြသန်းတင့်ရေးသားသည့် အက်ဆေးထဲမှ ထိုအကြောင်း အရာများကို ပြန်တွေးမိတိုင်း အိပ်စရာနေရာမရှိကြသည့်၊ ဝတ်စရာဖိနပ်မရှိကြသည့်၊ စားစရာ

အဝေးအစာမရှိကြသည့် ဒုက္ခရောက်နေကြသော လူသားများ၏ မျက်နှာများကို မြင်ယောင်မိသည်။ သူတို့အတွက် မှိုတက်နေသော ပေါင်မုန့်များသည် များစွာ အသုံးဝင်ပေလိမ့်မည်။ သို့သော် ခေတ်တိုင်းတွင် မှိုတက်နေသော ပေါင်မုန့်များ ကား ရှိနေခဲ့ကြပါသည်။

× × × × ×

(၄)

ကျွန်တော်သည် တောင်ပေါ်မြေ ချယ်ရီမြို့လေးတွင် နေသားကျလာခဲ့ သည်နှင့်အမျှ ချယ်ရီမြို့ကို နှစ်သက်လာခဲ့မိပါသည်။ ချယ်ရီမြို့တွင် ပွင့်လန်းနေ ကြသော ပန်းကလေးများသည် လှပကြသကဲ့သို့ ဆောင်းရာသီတွင် ကျတတ် သော မြူနှင်းမှုန်ကလေးများကလည်း နှစ်သက်ဖွယ်ကောင်းပါသည်။ ရာသီဥတု၊ မြေအနေအထားအရ ချယ်ရီမြို့သည် အခြေချနေထိုင်ချင်စရာကောင်းလှပါ သည်၊ သို့သော် ပြင်ဦးလွင် မြို့၏လှပတင့်တယ်နေမှုကို ဖျက်ဆီးနေခဲ့ကြသော မြင်ကွင်းများက ကျွန်တော့်မျက်စိထဲသို့ အကြိမ်ကြိမ်ခလုတ်တိုက်ကာ ဝင် ရောက်လာခဲ့ကြပါသည်။ မှိုတက်နေသော ပေါင်မုန့်များသည် ချယ်ရီမြေ၌လည်း ရှိနေခဲ့ကြပါသည်။

လူမနေသည့် ခြံကွက်ရိုက်ထားသော မြေကွက်များက ပြင်ဦးလွင်မြို့မှာ ဟိုတစ်ကွက် ဒီတစ်ကွက်ရှိနေခဲ့ကြသည်။ အကွက်ရိုက်ထားသည့် တစ်မျှော် တစ်ခေါ် မြေကွက်များကိုကြည့်ရင်း သက်ပြင်းချမိပါသည်။ ယခုတော့ ပြင်ဦးလွင် မြို့၏ မြေဈေးသည် သာမန်လူ တန်းစားအနားမကပ်နိုင်သည့် အနေအထားသို့ ရောက်သွားခဲ့ပြီဖြစ်သည်။ အကွက်ရိုက်ထားပြီး လူမနေသည့် မြေကွက်လွတ် များက နှစ်ပေါက်သည်အထိ မပြောင်းမလဲတည်ရှိနေခဲ့ကြပြီး အဆမတန် ဈေးပေးကာ သူတို့ကိုဝယ်ယူကြမည့် သူဌေးသူကြွယ်များကို စောင့် မျှော်နေခဲ့ကြ သည်၊

ပြင်ဦးလွင်မြို့တွင်သာမက မြန်မာတစ်နိုင်ငံလုံးတွင်လည်း မြေကွက်များ က အရန်သင့်စားစရာများနှယ်ထုပ်ပိုးထားပြီး ဖြုန်းအားကောင်းသည့် ဖောက် သည်များကို စောင့်မျှော်နေခဲ့ကြချိန်၌ ဆင်းရဲနွမ်းပါးကြသည့် ပြည်သူများမှာ နေစရာမြေမရှိ အိမ်မရှိဖြစ်နေခဲ့ကြသည်။ စင်တင်ဘီယာဆိုင်များ၌ အဆိုတော် လေးကို ပေးလိုက်သည့်ပိုးကြေးပန်းကြေး ပန်းကုံးကြေးများသည် မရှိဆင်းရဲသား

များအတွက် ထမင်းတစ်လစာမျှရှိသည်ကို အယ်လ်ကိုဟော အငွေ့ရိုက် နေသူများကြားထဲတွင် တွေးမိသူရှိလိမ့်မည်မဟုတ်ပေ။ ကြွယ်ဝချမ်း သာသူများက ကားအကောင်းစားဆယ်စီးမကပိုင်ဆိုင်နေခဲ့သည့်အချိန်၌ ဖိနပ်မပါဘဲ လမ်းလျှောက်နေကြသူများလည်း လမ်းမထက်၌ ရှိနေခဲ့ကြပါသည်။

အဖိုးထိုက်တန်လှသော မြေပေါ်မြေအောက်တွင်းထွက် သယံဇာတများကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံတွင် ကမ္ဘာကျော် သူဌေးကြီး များရှိနေခဲ့ကြသည်မှာ မဆန်းသော်လည်း ထိုသယံဇာတမူလပိုင်ရှင် မြန်မာနိုင်ငံက ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်နေခဲ့ခြင်းမှာမူ ဆန်းလှပါသည်။ မြန်မာနိုင်ငံသားအများစုက ဆင်းရဲနွမ်းပါးသူများဖြစ်နေခဲ့ကြခြင်းမှာမူ ဆန်းကြယ်လှပါသည်။ အဖိုးထိုက်တန်ခြင်းများသည် ရေခိုးရေငွေ့များနှယ် အငွေ့ပျံသွားကြလေပြီလားဟု တွေးတောမိသည်။ သို့မဟုတ် အဖိုးထိုက်တန်ခြင်းများသည် လူနည်းစု၏ အိတ်ကပ်ထဲ၌ မှိုတက်နေသော ပေါင်မုန့်များ ဖြစ်နေခဲ့ကြပါလိမ့်မည်။

× × × × ×

(၇)

တလောက ဖေ့စ်ဘုတ်ထဲတွင် သတင်းတစ်ခုဖတ်မိပါသည်။ ဖေ့စ်ဘုတ်ပိုင်ရှင် မတ်ဇူကာဘတ်၏အကြောင်းဖြစ်သည်။ မတ်ဇူကာဘတ် သည် တက္ကသိုလ်ကျောင်းသားဘဝတွင် ကျောင်းမှထွက်ကာ ဖေ့စ်ဘုတ်ကို တီထွင်ခဲ့သည်။ နောက်ပိုင်းတွင် ဖေ့စ်ဘုတ်သည် ကမ္ဘာ့ အချမ်းသာဆုံးကုမ္ပဏီဖြစ်လာသကဲ့သို့ မတ်ဇူကာဘတ်သည်လည်း ကမ္ဘာ့အချမ်းသာဆုံးဘီလီယံနာတစ်ဦးဖြစ်လာခဲ့သည်။ မတ်ဇူကာ ဘတ်၏ပိုင်ဆိုင်မှု၊ ချမ်းသာမှုသည် လေးဆယ့်ငါးဘီလျံမျှရှိသည်ဟုဆိုပါသည်။ ဒေါ်လာသန်းပေါင်း လေးထောင့်ငါးရာမျှ ချမ်းသာသော မတ်ဇူကာဘတ်သည် အီမယ်ဒါမားကို့စ်လို၊ ချောင်ဆက် စကူး လို မဟုတ်ဘဲ ရိုးရိုးသားသားဖြင့် ကြိုးစားရင်း ကြီးပွါးလာခဲ့သူဖြစ်ပေသည်။

အကယ်၍ မတ်ဇူကာဘတ်လို ပိုက်ဆံများထားစရာနေရာမရှိအောင် ကြွယ်ဝချမ်းသာသူတစ်ဦးအနေဖြင့် အီမယ်ဒါမားကို့စ်နှင့် ချောင်ဆက်စကူးတို့လို စိတ်ထားမျိုးသာရှိခဲ့မည်ဆိုလျှင် ဖိနပ်အရန် ပေါင်းသောင်းနှင့်ချီကာ သို့မဟုတ် အဝတ်အစားပေါင်းသောင်းနှင့်ချီကာဝယ်နိုင်ပါသည်။ သို့သော် အလုပ်ဖြင့်ရရှိထားသောသူ၏ ချမ်းသာကြွယ်ဝမှုများထဲမှ ကိုးဆယ့်ကိုးရာခိုင်နှုန်းကို ကမ္ဘာ့

နေရာ အနှံ့အပြားသို့ လျှံဒါန်းရန်ဆုံးဖြတ်ထားခဲ့ပါသည်။

သေချာပါသည်။ မတ်ဇူကာဘတ်၌ မှီတက်နေသော ပေါင်မုန့် များသည် ဘယ်တော့မှရှိလာလိမ့်မည်မဟုတ်ပါ။

× × × × ×

(၆)

ကျွန်တော်၏ခေါင်းထဲတွင် မှီတက်နေသောပေါင်မုန့်များ၊ ဖုန် တက်နေသော စာအုပ်များ၊ အီမယ်ဒါမားကို့စ်၏လေဒီရှူးများ၊ ချောင်ဆက်စကူး၏ အကျီများနှင့်အတူ ပိုခြင်းလိုခြင်းများညီမျှခြင်း ချကြည့်နေမိသည်။ ဤကမ္ဘာလောကကြီးတွင် မပိုရမလိုရအောင် သဘာဝတရားက ဖန်ဆင်းမထားပါ။ ဖန်ဆင်း၍လည်း ရမည်မထင်ပါ။ အရာရာသည် တစ်ပုံစံတည်းမဖြစ်နိုင်ပါ။ သစ်ပင်တစ်ပင်နှင့်တစ်ပင် နေ ရောင်ခြည်ရရှိမှု၊ မျိုးစေ့၊ ဗီဇမတူညီကြသကဲ့သို့ လူတို့သည်လည်း ဗီဇ၊ ပတ်ဝန်းကျင်၊ စိတ်ဓာတ်၊ အကျင့်စရိုက် စသည့်အချက်များပေါ် မူတည်လျက် ချမ်းသာကြွယ်ဝသူနှင့်ဆင်းရဲ နွမ်းပါးသူများ ကွဲပြားနေကြမည်သာဖြစ်ပါသည်။ သို့သော် လိမ်လည်လှည့်ဖြား ခိုးယူထားသော ချမ်းသာကြွယ်ဝခြင်းများကတော့ ရိုးအထုံထိုင်းကာ ကံနည်းဉာဏ်နည်းသော လူသားများ၏ အခြေခံရပိုင်ခွင့်များထဲမှ အနိုင်ကျင့်ထားခြင်းဖြစ်ကြောင်း အဖြေထုတ်နိုင်ပါသည်။

မတ်ဇူကာဘတ်သည် သူပိုင်ဆိုင်သည့်ချမ်းသာမှုတို့ကိုမလျှံဒါန်း ဘူးဆိုလျှင်တောင် သူ့ကိုအပြစ်ပြောခွင့်မသာပါ။ အဘယ်ကြောင့် ဆိုသော် မတ်ဇူကာဘတ်၏ ချမ်းသာကြွယ်ဝခြင်းသည် လိမ်လည်လှည့်ဖျား ခိုးယူထားခြင်းကြောင့် ရရှိထားသည့် စည်းစိမ်ဥစ္စာများ မဟုတ်သောကြောင့်ဖြစ်ပါသည်။ အီမယ်ဒါမားကို့စ်၊ ချောင် ဆက်စကူးတို့၏ ချမ်းသာကြွယ်ဝမှုများမှာမူ အများပိုင်ပစ္စည်းထဲမှ ခိုးယူထားခြင်းသာဖြစ်ကြပါသည်။ သို့သော် မတ်ဇူကာဘတ်လိုလူများက သူ့၌ပိုနေသော ပေါင်မုန့်ဖြူများကို မှိုတက်မခံခဲ့ကြသော်လည်း အီမယ်ဒါမားကို့စ်နှင့် ချောင်ဆက်စကူးတို့လို လူများကမူ သူတို့၌ပိုနေသော ပေါင်မုန့်ညိုများကို မှိုတက်ခံခဲ့ကြပါသည်။ ပိုဆိုးသည်က သူတို့၏ပိုလျှံ နေသော ပေါင်မုန့်များသည် လူပေါင်းများစွာအတွက် လိုအပ်မှုများကို ဖြစ်ပေါ် စေခဲ့ပြီး ရယူထားခဲ့ကြသည့် ပေါင်မုန့်များဖြစ်နေခဲ့ခြင်းဖြစ် သည်။

အတွေးတို့၏အဆုံးမှာတော့ ကျွန်တော့်ရှေ့စားပွဲပေါ်မှ မှိုတက် နေသော ပေါင်မုန့်တစ်လုံးကို ငေးကြည့်နေမိသည်။ စားစရာဖြစ်ပေမဲ့၊ စားချင်နေသော လူရှိနေပေမဲ့ မှိုတက်ခြင်းက ပေါင်မုန့်တစ်လုံး၏ တန်ဖိုးကို ဆွဲချသွားခဲ့ပေသည်။ ပေါင်မုန့်၏ အသုံးဝင်မှုတန်ဖိုး ပျောက်ဆုံးသွားရသကဲ့သို့ ဆာလောင်နေမှု အာသီသတစ်ခုလည်း မပြည့်ဝခဲ့ရပေ။ အကယ်၍မှိုမတက်ခင် ပေါင်မုန့်ကို စားသုံးနိုင်အောင် ဖန်တီးပေးသည့် ခိုင်မာတိကျသောစနစ်တစ်ခုသာရှိခဲ့ မည်ဆိုလျှင် ထိုပေါင်မုန့်ကို ကျွန်တော်သို့မဟုတ် အခြားဆာ လောင်နေသူတစ်ဦးဦး စားနေ ရလိမ့်မည်ထင်ပါသည်။ သို့သော် ပေါင်မုန့်သည် မှိုတက်သွားခဲ့ချေပြီ။

လောကတွင် ဘယ်အရာမှ မတည်မြဲကြပါ။ နရသီဟပတေ့ မင်းလည်း မရှိတော့သကဲ့သို့ ပြင်သစ်ကုန်သည်ကြီးဗိုးဂျင်းလည်း မရှိတော့ပါ။ အီမယ်ဒါမား ကို့စ်နှင့်ချောင်ဆက်စကူးတို့လည်းမရှိ ကြတော့ပါ။ သို့သော် သူတို့၏မှိုတက်နေသောပေါင်မုန့်များအကြောင်းနှင့် သူတို့၏မကောင်းသတင်းများက ဆက်လက်ရှင်သန်နေခဲ့ကြပေသည်။

လူတစ်ယောက်၏ကြွယ်ဝချမ်းသာမှုနိဂုံးသည် ပေါင်မုန့်တစ်လုံး၏ အဆုံးသတ်နှင့်မကွဲပြားလှပါ။ တစ်ချိန်မှာတော့ ကြွယ်ဝချမ်းသာမှုအားလုံးသည် ပေါင်မုန့်တစ်လုံးကဲ့သို့ပင် ပျက်စီးပျောက်ကွယ် သွားရမည်သာဖြစ်ပါသည်။

မှိုတက်နေသော ပေါင်မုန့်များသည် ဘဝပေါင်းများစွာ၏ ကွက်လပ်ပေါင်းများစွာကို ဖြည့်ဆည်းပေးနိုင်ပါသည်။

***ဥသြ(ချယ်ရီမြေ)***

■

“အနုပညာအလုပ်တွေကိုပြုလုပ်ရင် မိသားစုဝင်တွေဟာ
မကြိုက်ကြပါဘူး။ ပိုက်ဆံမရတဲ့အလုပ်ကိုလုပ်နေတာ၊
ထမင်းငတ်မယ့်အလုပ်တွေလုပ်နေတာ၊ မွဲဆေးဖော်နေတာ၊
လူမွေးလူယောင်မပြောင်တဲ့အလုပ်တွေ
လုပ်နေတာပဲလို့ ...”

# ကျွန်တော်တို့မြို့က မြေဖြူပြန်းချီဆရာတစ်ယောက်အကြောင်း

အိမ့်ဒီဝဏ်

သူ့နာမည်အရင်းက ကိုမြင့်ဆွေ။ ကျွန်တော်တို့ရဲ့သီးသန့်အခေါ်အဝေါ်က မြေဖြူမြင့်ဆွေ။ အသားရောင်က ခပ်ညိုညို။ ကိုယ်လုံးကိုယ်ထည်က ခပ်ဝဝ။ အရပ်အမောင်းက မရှည်လွန်း၊ မပုလွန်းတဲ့အထဲမှာပါတယ်လို့ပြောလို့ရတယ်။ မျက်နှာပေါက်က ကြီးကြီးဝိုင်းဝိုင်း။ ခေါင်းပုံစံအနေအထားက မကြီးလွန်းမသေး လွန်း။ ဒါပေမဲ့ ခေါင်းမာတာ၊ တယူသန်တာ၊ အယူအဆနဲ့ပတ်သက်လို့ ငြင်းခုန် ကြရင် အလျှော့မပေးတတ်တာ ကျွန်တော်တို့တွေ ကောင်းကောင်းသိထားကြ တယ်။ ဘယ်အချိန်မြင်မြင် အမြဲလိုလို ပါးစပ်မှာ ဖက်ကြမ်းဆေးပေါ့လိပ်က ချိတ်လျက်သား။ လက်ဖက်ရည်ဆိုင် ထိုင်ရတဲ့ယဉ်ကျေးမှုကို အတော်စွဲလမ်း နှစ် ခြိုက်ပုံရတယ်။ တစ်နေ့တစ်နေ့ လက်ဖက်ရည် သုံးလေးငါးခွက် ပုံမှန်သောက် နေကြ။ ရပ်ကွက်ထဲက ကိုယ်တော်ချောတွေ (ကြေပ်ကြီးတွေ) သူ့ကိုတွေ့တိုင်း ဇော်ဝမ်းလို့ နောက်မြဲ၊ စမြဲ၊ ကြည်စယ်မြဲပေါ့။ ဒါကို သူက စိတ်မဆိုးတဲ့အပြင် သို့တောင်သဘောကျလို့။ ဇော်ဝမ်းနဲ့တူအောင် သူကနေတာကိုး။ ဒါဟာ သူ့ရဲ့ ခြင်းကာလာဘာညာ အနေအထားလို့ဆိုရင် မမှားပေဘူး။ မြို့မှာဆိုရင် နေ့ထူး နေ့မြတ်တွကို ရောက်ရှိလာတိုင်း ဥပမာ အာဇာနည်နေ့ဆိုပါစို့။ အာဇာနည်ကြီး များရဲ့ ပုံတူပန်းချီကားတွေကို တစ်ရက်ထဲ၊ နှစ်ရက်ထဲနဲ့ပြီးအောင် ဆွဲပေးဖို့ သူ့ကိုအကူအညီတောင်းရတာ နှစ်စဉ်နှစ်တိုင်းလိုလိုပါပဲ။ ပိုက်ဆံတစ်ပြားမှမယူ

ဘဲ အမြဲတမ်းပြုံးပြုံးရွှင်ရွှင် ဆွဲပေးနေကြ။ အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးရဲ့ ပုံတူပန်းချီတွေကို မြန်မြန်ချက်ချင်းရအောင် အလွတ်ဆွဲပေးနိုင်တဲ့ ပေါ့ထရိတ် ပန်းချီဆရာတစ်ယောက်။ ပုံတူပန်းချီကားမှန်သမျှ သူ့ကိုဆွဲခိုင်းကြည့် ခဏလေး အတွင်းမှာ ပြီးအောင်ဆွဲနိုင်သည်။ ပန်းချီဆွဲနေရရင် ကျေနပ်ပျော်ရွှင်နေသူပါ။ တစ်ပုံမဟုတ်တစ်ပုံ နေ့တိုင်းလိုလို ရေးဆွဲနေတာပါပဲ။

၂၀၁၅ တုန်းက မြန်မာနိုင်ငံရဲ့ နေရာအနှံ့အပြားမှာ မိုးများပြီး ရေတွေ ကြီးခဲ့ပါတယ်။ မြို့အတော်များများ ရေမြုပ်ပြီး ရေဘေးသင့်ခဲ့ရသည်။ ကဗျာ ဆရာတွေ၊ ပန်းချီဆရာတွေ စာအုပ်တွေရောင်း၊ ပန်းချီကားတွေရောင်းခဲ့ကြပါ တယ်။ စာအုပ်တွေ၊ ကဗျာတွေ၊ ပန်းချီကားတွေ၊ ရောင်းလိုက်တာ ငွေကျပ်ဆယ် သိန်းကျော်လောက် ရရှိခဲ့ပါတယ်။ အဲဒီငွေကြေးတွေကို ရေဘေးသင့်ပြည်သူတွေ အတွက် တတ်နိုင်သလောက် ကူညီနိုင်ခဲ့ကြပါတယ်။ ဒီလိုပွဲမျိုးတွေကြုံတိုင်း သူဟာပန်းချီကားတွေ အများဆုံးရေးဆွဲပြီး၊ သူ့ရဲ့အနုပညာလက်ရာနဲ့ ကျရာ အခန်းကဏ္ဍကနေ ဝင်ရောက်ပြီး ကူညီစွမ်းဆောင်နိုင်ခဲ့သူတစ်ယောက်ပါ။ ကျွန်တော်အမှတ်မမှားလောက်ရင် သူ့ရဲ့ပန်းချီဆွဲသက်ဟာ နှစ်ပေါင်းလေးဆယ် ဝန်းကျင်ရှိလောက်ပြီပေါ့။

ကျွန်တော်တို့ သုံးလေးတန်းလောက်က ဗီဒီယိုရုံရှေ့မှာ မြေဖြူပန်းချီကား တွေ သူရေးဆွဲပြီဆိုရင် မြို့လေးမှာရှိတဲ့ စိတ်ဝင်စားသူ၊ ဝါသနာပါသူတွေဟာ တခုတ်တရ၊ တကူးတကသွားပြီးကြည့်ရတာ အလုပ်တစ်ခုလိုပါပဲ။ ဘလက်ဘုတ် (Blackboard) ပေါ်မှာ ရောင်စုံမြေဖြူမျိုးစုံနဲ့ ရေးဆွဲထားတဲ့ သူ့ရဲ့ဇာတ်ကောင် အရုပ်တော်တော်များများဟာ အလွန်လက်ရာမြောက်လှပါပေရဲ့။ မြို့တိုင်းမှာ လွန်ခဲ့တဲ့အနှစ်သုံးဆယ်ကာလက ဗီဒီယိုပြသတဲ့ရုံတွေ တခေတ်တစ်ခါရေပန်းစား ခဲ့ပါတယ်။ ရံဖန်ရံခါမြို့လေးကို အလည်ရောက်လာတတ်တဲ့ နိုင်ငံခြားသားခရီး သွားတွေက သူဆွဲထားတဲ့ မြေဖြူပန်းချီကားတွေကို ဓာတ်ပုံရိုက်မှတ်တမ်းတင်ပြီး လေးလေးစားစား စိတ်ပါဝင်စားစွာဖြင့် အသိအမှတ်ပြုခဲ့ကြပါတယ်။ သူနဲ့တွဲပြီး အမှတ်တရဓာတ်ပုံတွေ တခုတ်တရ ရိုက်ကြပါတယ်။ ဓာတ်ပုံတွေ၊ လက်ဆောင် ပစ္စည်းတွေကိုလည်း သူတို့နေထိုင်ရာ နိုင်ငံတွေကနေ တကူးတကလှမ်းပြီး ပို့ပေး ကြပါတယ်။ သူ့ရဲ့မြေဖြူပန်းချီကားတွေနဲ့ ပတ်သက်လို့ ဗီဒီယိုရုံတွေ ခေတ်စား နေတဲ့အချိန်တုန်းက ကျွန်တော်တို့လူငယ်တွေရဲ့ ရင်ထဲအသည်းထဲ မှတ်ဉာဏ် ဖိုင်တွဲတွေထဲမှာ လေးစားအားကျရတဲ့ ဆရာတစ်ယောက်ဖြစ်ခဲ့ဖူးပါတယ်။

မြင်ဆရာ၊ ကြားဆရာ၊ သင်ဆရာတစ်ယောက်လို့ ပြောလို့ရပါတယ်။ သူ့ဆီကနေ အဘမြင်၊ အတတ်သင်ရင်း၊ လေ့လာသင်ယူဆည်းပူးခဲ့ကြပါတယ်။ ဝါသနာတူ ... ကျွန်တော်တို့လူငယ်သုံးလေးယောက်ဟာ သူပန်းချီဆွဲပြီးလို့ အောက်မှာ ဟို ...သည်တစ ပြန့်ကျဲနေတဲ့ဖြေဖျက်အတိုအစလေးတွေကို သူ့ဆီကခွင့်ပြုချက်ယူ ...း တောင်းခဲ့ကြပါတယ်။ မြေဖြူအပိုင်းအစလေးတွေနဲ့ ဗလာစာအုပ်အလွတ် ...ါ်မှာ ပုံတွေဆွဲပြီး ရောင်စုံခြယ်ခဲ့ကြတာကို ယခုထက်တိုင်မှတ်မိနေပါသေး ...ယ်။ ငယ်ငယ်ကပန်းချီဆရာတစ်ယောက်ဖြစ်ချင်ခဲ့တဲ့ ကျွန်တော်ဟာ အည ... ကဗျာဆရာ(ကဗျာရေးသူ)တစ်ယောက်ဖြစ်လာခဲ့ပါတယ်။ ကျွန်တော့်သူငယ် ...င်း သက်ဝေထွန်းကတော့ 'Leo သက်ဝေ'ဆိုပြီး ငယ်ငယ်ကတည်းက သူ့အိပ် ...ာ်မက်ခဲ့တဲ့ ပန်းချီဆရာတစ်ယောက်ဖြစ်နေပါပြီ။ ငမျိုးလို့ခေါ်တဲ့ မျိုးမြင့်ဟန် ...တော့ Melody World (သံစဉ်များရဲ့ကမ္ဘာ)မှာ Lead (လိဒ်), Guitar (ဂီတာ) အတီးသမားတစ်ယောက်ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီလူငယ်လေးတွေဟာ ငယ်ငယ် ...န်းက သူရေးဆွဲခဲ့တဲ့ ပန်းချီကားတွေကိုကြည့်ပြီး အတန်းထဲမှာ တစ်ယောက်နဲ့ ...စ်ယောက် ပန်းချီအပြိုင်ဆွဲခဲ့ကြသူတွေပါ။ အခုတော့ တစ်ယောက်တစ်နယ် ...မှာ မတူညီတဲ့ ပန်းတိုင်ကိုယ်စီလွယ်ပြီး ဘုရားမကြိုက်တဲ့အလုပ်ကို 'ဘသား' ...က်တွေ မြိန်ရည်ယှက်ရည် ပျော်မွေ့စွာဖက်တွယ်ထားစဲပေါ့။ သူလဲခုဆို မိုင် ...င်ပေါင်း ခြောက်ဆယ်ကျော်ခရီးကို ဖြတ်သန်းကျော်လွှန်ရောက်ရှိခဲ့ပြီပေါ့။ ...မှာ ပါရမီဖြည့်ဘက် ဇနီးကောင်းတစ်ယောက်နဲ့သမီးလေးတစ်ယောက်ရှိတယ်။ ...လျှောက်နေတဲ့လမ်းကို သူ့ဇနီးက ဘယ်တော့မှဖျူသည်မဲသည်ဝင်ရောက်ပြော ...ကန့်ကွက်တာ တစ်ခါမှမကြားခဲ့၊ မတွေ့ခဲ့ဖူးပါဘူး။ များသောအားဖြင့် ပန်းချီ ...တာ၊ ကဗျာရေးတာ၊ ဂီတနဲ့ပတ်သက်တဲ့ ဂစ်တာတီးတာ၊ ကီးဘုတ်တီးတာ ...ဖြင့် အနုပညာအလုပ်တွေကိုပြုလုပ်ရင် မိသားစုဝင်တွေဟာ မကြိုက်ကြပါ ...။ ပိုက်ဆံမရတဲ့အလုပ်ကိုလုပ်နေတာ၊ ထမင်းငတ်မယ့်အလုပ်တွေလုပ်နေတာ၊ ...ဆေးဖော်နေတာ၊ လူမွေးလူယောင်မပြောင်တဲ့အလုပ်တွေ လုပ်နေတာပဲလို့ ...ပြောဆိုစွပ်စွဲ၊ အထင်သေးကဲ့ရဲ့တတ်ကြပါတယ်။ သူ့အတွက် သူဖြောင့်ဖြောင့် ...န်းတန်းလျှောက်လှမ်းနေတဲ့ လမ်းခရီးမှာ သူ့မိသားစုဝင်တွေဟာ သူ့အတွက် အတားအဆီးတစ်ခုဖြစ်မနေပါဘူး။ ဒါဟာ သူ့အတွက် အလွန်ဝမ်းသာစရာ ...ကောင်းလှပါတယ်။ သူနေတဲ့အခန်းလေးကိုရောက်တိုင်း သူဆွဲထားတဲ့ရေဆေး ...န်းချီကားတွေ၊ ဆီဆေးပန်းချီကားတွေကိုထုတ်ပြရင်း သူ့သမီးလေးကြီးလာရင်

သမီးလေးအတွက် ငါပေးနိုင်တဲ့ အနုပညာအမွေတွေပဲပေါ့ကွာတဲ့။ အဲ့သလို ပြောလိုက်တော့ ကျွန်တော့်ရင်ထဲမှာ ဆို့နင့်သွားတယ်။ အတော်လေးလည်း စိတ်မကောင်းဖြစ်မိတယ်။ ငွေကြေးဥစ္စာမကြွယ်ဝတဲ့ ပန်းချီဆရာတစ်ယောက်ရဲ့ ပန်းချီလက်ရာတွေဟာ ငွေကြေးဥစ္စာစည်းစိမ်တွေထက်ပိုလို့တောင် တန်ဖိုးဖြတ်လို့မရတဲ့အရာတွေပါ။ သူ့ကိုကြည့်ရတာ ပန်းချီဆွဲလို့ ဆင်းရဲမှာကိုလည်း ကြောက်ပုံမပေါ်ဘူး။ ပတ်ဝန်းကျင်က ပြစ်တင်ကဲ့ရဲ့မယ့် ဝေဖန်သံတွေကိုလည်း ဂရုစိုက်မယ့်ပုံမပေါ်ဘူး။ ပန်းချီဆွဲလို့ မချမ်းသာရင်လည်းနေပါစေ သူ့ဝါသနာကိုတော့ သေမှပဲရပ်မယ့်ပုံပါ။ သူဟာ နယ်မြို့လေးမှာနေပြီး သတ္တိရှိရှိ၊ ဇွဲရှိရှိနှင့် ယုံကြည်ချက်ကို တစ်လက်မမှ နောက်ဆုတ်မပေးဘဲ ပန်းချီလက်ရာကောင်းတွေကို ဆက်လက်ဖန်တီးနေမြဲ တီထွင်ဆန်းသစ်အားထုတ်နေဆဲပါပဲ။ ကျွန်တော်သူ့ကို အကြွင်းမဲ့ယုံကြည်ပါတယ်။ သူ့ရဲ့ပန်းချီအယူအဆတွေကိုလည်း သဘောကျပါတယ်။ သူ့ရဲ့ပန်းချီအပေါ်ထားရှိတဲ့ယုံကြည်ချက်နဲ့ ခံယူချက်ကိုလည်း အားကျအတုယူမိပါတယ်။ ရေးစရာဆေးမရှိရင် ခဲတံနဲ့ပဲ ခဲခြစ်ပန်းချီဆွဲတယ်။ ဘောလ်ပင်နဲ့ပဲ မင်ခြစ်ပန်းချီဖြစ်အောင်ဆွဲတယ်။ မြန်မာ့ယဉ်ကျေးမှု အမှတ်လက္ခဏာတွေကို ကိုယ်စားပြုတဲ့ ကိုယ်ပိုင်ဟန်သီးသန့်လက်ရာတွေကိုပဲ အလျဉ်းသင့်ရင် သင့်သလို ဖန်တီးရေးဆွဲလေ့ရှိပါတယ်။ သူ့ဆီကနေ ကျွန်တော်ဝယ်ယူအားပေးချင်တဲ့ ပန်းချီကားတွေရှိပါတယ်။ အဲ့ဒီပန်းချီကားတွေထဲမှာ ဗိုလ်ချုပ်အောင်ဆန်းစီးရီးလိုက်ပန်းချီကားတွေနဲ့ဒေါ်အောင်ဆန်းစုကြည် စီးရီးလိုက်ပန်းချီကားတွေပါဝင်ပါတယ်။ တခြားလိုချင်တဲ့ ပန်းချီကားတွေလည်း အများကြီးသူ့မှာရှိပါသေးတယ်။

မြို့လေးမှာ လွန်ခဲ့သော ငါးနှစ်ဝန်းကျင်လောက်က ပန်းချီဆရာတွေပူးပေါင်းပြီး မြို့နယ်ခန်းမထဲမှာ ဒုတိယအကြိမ်မြောက် ပန်းချီပြပွဲတစ်ခုကို အောင်အောင်မြင်မြင် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့ပါတယ်။ ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေ ကုန်သလောက်နီးနီးရောင်းချလိုက်ရပါတယ်။ လာရောက်ကြည့်ရှုကြတဲ့ ပြည်သူ့ပရိသတ်တွေလည်း ထင်ထားတာထက်တောင် ပိုလို့များပြားနေပါတယ်။ ပန်းချီဆရာတွေအတွက် အောင်မြင်မှုရရှိခဲ့တဲ့ ပြပွဲတစ်ခုလို့ဆိုရင် လွန်မယ်မထင်ပါဘူး။ တစ်ခါက ကျွန်တော့်ကို သူအားမလိုအားမရ ပြောမိတာတစ်ခုရှိပါတယ်။ တောင်တွင်းကြီးမှာကွာတဲ့ ပန်းချီဆရာတွေဟာ သိပ်ပြီးစည်းစည်းလုံးလုံး မရှိကြဘူးတဲ့။ မင်းတို့ ကဗျာဆရာအသိုင်းအဝိုင်းကတော့ စည်းစည်းလုံးလုံးရှိ

ကြတယ်ကွာတဲ့။ ငါတို့ပန်းချီဆရာတွေကိုလည်း မင်းတို့လို စည်းစည်းလုံးလုံးရှိကြစေချင်တယ်ကွာတဲ့။ ဒါကလည်း ပန်းချီဆရာတွေရဲ့ပေါ်မှာ သူထားရှိတဲ့ မေတ္တာတရား၊ စေတနာတရားတို့ကို အထင်သားပွင့်ပွင့်လင်းလင်း တွေ့မြင်လိုက်ရပါတယ်။ ကျွန်တော့်ရဲ့အမြင်မှာ သူဟာ နောက်ဆုံးထွက်သက်အထိ လောကခံအနိမ့်အမြင့်၊ အပူအအေး၊ အဆိုးအကောင်းတွေကို ကြံ့ကြံ့ခံရင်း ပန်းချီလက်ရာကောင်းတွေကို ရရှိထားတဲ့အခွင့်အလမ်း ထောင့်ကျဉ်းလေးထဲကနေ အပြောင်မြောက်ဆုံး ထုဆစ်ပုံဖော်သွားမယ်ဆိုတာ အကြွင်းမဲ့ယုံကြည်မျှော်လင့်မိပါတော့တယ်။

***အိမ့်ဒီဝေ***

■

တချို့ကလည်း မိမိ၏ရှိပြီးသားဂုဏ်၊ နေရာတို့ကိုင်ဲ့ကွက်ပြီး
မာန်မာနများတင်းခံ၍ ကိုယ့်အများကိုသိလျက်နှင့် "ငါအမှန်ပဲ" ဟု
ကြွေးကြော်ကာ ဝန်မခံကြတော့ပေ။ သို့နှင့်တစ်သက်လုံး
ကိုယ့်လိပ်ပြာက ကိုယ့်ပြန်ခြောက်သည်ကိုသိမ်ငယ်စွာ
ကြိတ်မှိတ်ခံစား...

# ဝန်ခံသတ္တိ

နေစကြာနိုင်

"သတ္တိရှိလားကွ၊ ထိုးမလားကွ၊ ကျား"

ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး၏အသံဖြစ်ပါသည်။ ကလေးငယ်သည် သူ၏ မျက်နှာတည့်တည့်ရှိ နံရံကြီးအား ထိမထင်ဟန်ဖြင့် ကြည့်ကာ စိန်ခေါ်နေခြင်းဖြစ်ပါသည်။ သူနှင့်နံရံကြီးတို့အကြား ဘာမျှမရှိ။ လေဟာနယ်အတိ။

သို့ရာတွင် သူ၏စိတ်ကူးထဲတွင်မတော့ ထိုနံရံကြီးရှေ့၌ အဆီတဝင်းဝင်းပြောင်နေပြီး ကျစ်လစ်သန်မာလှသော ကြွက်သားအဖုအထစ်များနှင့် ထိုးသတ်ရန်အသင့်ဖြစ်နေသည့် တကယ့်အကျော်အမော် လက်ဝှေ့သမားကြီးတစ်ဦးရှိနေပါသည်။

ကလေးသည် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်၍ လေထဲသို့ "ရော့ကွာ၊ အင်းကွာ"ဟုဆိုပြီး ညာဘက်လက်ကိုဝှေ့ဝိုက်၍ထိုးလိုက်၊ ခေါင်းလေးကို အသာဖြဲ၍ စောင်းလိုက်နှင့်ဟန်ချက်ညီညီလှုပ်ရှားလျက် ကစားနေပါသည်။

သူ၏ခြေထောက်တို့ကလည်း တစ်ချက်လေးမျှမငြိမ်။ ခပ်ရွရွလေးခြေကိုဆွဲ၍ဆ၍ မြောက်သည်။ ပြီးလျှင် ကြမ်းပြင်ကို ခြေဖျားဖြင့်တို့ကာ ထိကာလှမ်း၍ သုမ်း၍ထောက်သည်။ ထိုနည်းဖြင့် ရှေ့သို့တိုးလိုက်၊ ကပျာကယာနောက်သို့ပြန်ဆုတ်လိုက်နှင့်။

သူ၏ဟန်ပန်က တောတွင်းတစ်နေရာ၌ ပြိုင်ဘက်သားကောင်နှင့် ကျင်လည်စွာ အသေအကြေ သတ်ပုတ်နေရသည့် ကျားရဲတစ်ကောင်အလား။

ကလေးသည် သူ၏လက်ရော၊ ခြေရော၊ ခေါင်းရော အနားမပေးရုံတင်မကပေ။ လက်သီးတစ်ချက်ထိုးလိုက်တိုင်း 'အိချ် အိချ်'ဟု ပါးစပ်ကပါ လိုက်၍ အော်နေလိုက်သေးသည်။ ထိုသို့သူ့ကိုယ်သူ ကြေးစားလက်ဝှေ့သမားကြီးတစ်ဦးအဖြစ် အပြည့်အဝခံယူ၍ ဈာန်ဝင်ကာ ဆော့ကစားနေသည့်ကလေးငယ်ကို ကြည့်ပြီး ကျွန်တော်က သဘောကျနှစ်သက်စွာ စကားဆိုလိုက်မိသည်။

"အံမယ်၊ တယ်ဟုတ်ပါလားကွ။ ဦးဦးတူလေးက တကယ့်လက်ဝှေ့ကျော်ကြီးကျနေတာပဲကွာ၊ ကြည့်ပါဦး"

ကျွန်တော်၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် ကလေးငယ်၏မျက်လုံးလေးများသည် အရောင်ပို၍တောက်ပသွားပါသည်။ သူ့အနေနှင့် အတော်လေးကို ကျေနပ်သွားပုံလည်းရပါသည်။

ချက်ချင်းပင် သူ၏ပိုးစား၍ မညီမညာဖြစ်နေသော သွားလေးများပေါ်သည်အထိ ကျွန်တော့်ကိုပြုံးပြပြီး ကလေးငယ်က ချစ်စဖွယ်အသံလေးနှင့်ပြန်၍ပြောပါသည်။

"သားကကြီးလာရင် လက်ဝှေ့သမားလုပ်မှာ၊ သိလား၊ ချန်ပီယံကြီးဖြစ်အောင်ကိုထိုးမှာ၊ သားက လက်ဝှေ့သမားပဲဖြစ်ချင်တာ ဦးဦးရ"

ချစ်စဖွယ်ဟန်လေးနှင့်တက်ကြွထက်သန်စွာ ပြောလာသည့် သူ့စကားကိုကျွန်တော်လည်း သဘောကျနှစ်သက်စွာနားထောင်နေလိုက်ပါသည်။ ပြီးလျှင်ကျွန်တော်က အနည်းငယ်ပြုံး၍ ခေါင်းညိတ်ပြလိုက်ပါသည်။ ထို့နောက် ကလေးငယ်သည် နံရံများကို စိန်ခေါ်ကာ လက်ဝှေ့ထိုးနေရာမှ အပြင်သို့ ပြေးထွက်သွားပါတော့သည်။

× × × × ×

(၂)

မကြာမီ အပြင်ဘက်မှ 'အား'ဟူသော စူးစူးဝါးဝါး အော်ဟစ်ငိုယိုသံတစ်ခုကို ကျယ်လောင်စူးရှစွာကြားလိုက်ရပါသည်။

ကလေးငယ်၏ အသံပဲဖြစ်ပါသည်။

အသံလာရာသို့ ကျွန်တော်တို့အားလုံး အပြေးအလွှားသွား၍ ကြည့်ကြသည်။ အိမ်ပေါက်ဝ၌ ဖင်ထိုင်လျက်လဲကျနေပြီး ဒူးနှစ်ဖက်ကို လက်နှင့်ဖက်ကာ တစ်ကိုယ်လုံးတုန်ရီစွာ အော်ငိုနေသည့်ကလေးငယ်ကို တွေ့ရပါသည်။

သူ၏ဒူးခေါင်းအောက် လက်လေးလုံးခန့်နေရာတွင် ပွန်းပဲ့ပြီးသွေးများ အလျံအပယ်စီးကျနေပါသည်။ ကလေးသည် သူ၏အနာမှာ စီးကျနေသော သွေးများကို ကြောက်လန့်တကြားကြည့်၍ အော်ငိုလိုက်သည်မှာလည်း စူးစူးဝါးဝါး။

နာကျင်လွန်းလှသဖြင့် သူ့တွင်ရှိသမျှ အသံကုန်သည်အထိ အော်နေသည်ဟု ထင်ပါသည်။ ကလေးငယ်ကိုကြည့်ပြီး ကျွန်တော်တို့မှာ စိတ်မကောင်းဖြစ်ရပါသည်။ သူ၏ဒဏ်ရာကို ဆေးထည့်ပေးပြီး ပတ်တီးစီးနေသည့်အချိန်ထိ ကလေးငယ်မှာ အငိုမတိတ်ပေ။

တဟီးဟီးအော်ငိုလိုက် တအင့်အင့်ရှိုက်လိုက်နှင့်။ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလျက်ပင်။ ထိုအခါ ကျွန်တော်က ဘာရယ်မဟုတ်ဘဲ ကလေးငယ်ကို ချော့နောက်ချင်လာပါသည်။

"ခုနတုန်းကတော့ သတ္တိရှိလားကွ၊ ထိုးမလားကွနဲ့ ဘယ်သူလဲကွာ၊ စိန်ခေါ်နေတာများ၊ အခုကျတော့ခြေထောက်လေး နည်းနည်းပါးပါးပွန်းပဲ့သွားတာကို ငိုနေလိုက်တာများ အသက်ထွက်မတတ်ပါလားကွဟေ။ ငါ့တူရဲ့ သတ္တိတွေဘယ်များရောက်သွားသလဲ မသိဘူးကွနော်။ ဒါနဲ့များ လက်ဝှေ့ထိုးဦးမယ်တဲ့ကွနော်။ ဘာဟ"

ထိုသို့ပြောလိုက်သောအခါ ကလေးငယ်သည် အော်ဟစ်ငိုယိုနေရာမှ ရေဒီယိုကိုခလုတ်နှိပ်ပိတ်လိုက်သကဲ့သို့ ရုတ်တရက်အသံတိတ်သွားပါသည်။ အံကိုတင်းတင်းကြိတ်ကာ လက်သီးဆုပ်လျက် တအင့်အင့်ဆိုသောအသံလေး။ ခပ်တိုးတိုး ထွက်လာရုံ၊ ခေါင်းလေးတစ်ချက်ချက် လှုပ်ခါသည်ဆိုရုံမျှသာ ရှိုက်ပါတော့သည်။

ကျွန်တော်ကလည်း ကျွန်တော်ပါပေပဲ။

'သတ္တိ'ဟု စကားစလိုက်သည်နှင့် အပြောင်းအလဲမြန်သွားသည့် သူ့ကိုပို၍ နောက်ချင် စချင်သည့် စိတ်တို့က ကျွန်တော့်တွင် ဆထက်တပိုး တိုးလို့လာပါတော့သည်။

"ဟဟ သတ္တိလည်း တကယ်မရှိဘဲနဲ့ကွာ၊ ကြီးလာရင် လက်ဝှေ့သမားဖြစ်ချင်တယ်ဆိုတော့ အင်းအင်း။ သေသေချာချာစဉ်းစားကြည့်ရင် တကယ်က လက်သီးထိုးချင်လို့ ဟုတ်ချင်မှဟုတ်မှာပါနော်။ လက်ဝှေ့ထိုးချင်တာထက်လေ ဟဲဟဲ၊ လက်ဝှေ့စင်ပေါ်မှာ ပထမအချီ ဒုတိယအချီရေးထားတဲ့ ဆိုင်းဘုတ်ကလေးတွေကိုင်ပြီး လှည့်ပတ်လျှောက်ပြတဲ့ မော်ဒယ်မလေးတွေကို ငါ့တူလေးက ငမ်းချင်တာပဲဖြစ်မှာပါ"

"အဲဒါလည်း ပါတာပေါ့ဗျာ။ သားက ယောကျ်ားလေးပဲဟာ၊ မော်ဒယ်လေးတွေကိုလည်း ငမ်းချင်တာပေါ့။ ဒါပေမဲ့ လက်ဝှေ့တကယ်ထိုးချင်တာ၊ သတ္တိရှိတယ်ဗျ။ သိရဲ့လား အင့်အင့်"

ဟုဆိုပြီး မမျှော်လင့်ထားသည့် စကားကို ကလေးငယ်က ဒေါနှင့်မောနှင့် တအင့်အင့်ရှိုက်၍ပြန်ဖြေသည်ကို ကြားရသောအခါ ကျွန်တော်သည် ရုတ်တရက် အံ့သြမင်သက်သွားပါသည်။

အမှန်အားဖြင့် ကျွန်တော်က သူရှက်သွားနိုင်လောက်သည့်ကိစ္စနှင့်ခံရခက်အောင် တမင်တကာ ဆွလိုက်ခြင်းဖြစ်ပါသည်။ ယောကျ်ားလေးများဖြစ်ကြသည့် ကလေးငယ်အများစုမှာ ထိုသို့စလိုက်လျှင် မျက်နှာမထားတတ်အောင် ရှက်သွားကြသည်ချည်းပင်။

အခုတော့ဖြင့် တခြားစီ။ ကလေးငယ်က ကျွန်တော်ထင်သလိုမဟုတ်ဘဲ ကျွန်တော်တမင်သက်သက်စွပ်စွဲပြောဆိုသည်ကို ရဲရဲတင်းတင်းပင် မရှက်မကြောက်ဘဲ ရဲဝင့်စွာဝန်ခံလိုက်သည်။ ပြီးတော့ ထိုသို့ဝန်ခံလိုက်ရသည်ကိုပင် သူ့မှာ သတ္တိရှိကြောင်းပြလိုက်ရသလို ရိုးသားပွင့်လင်းသည့်ဟန်အပြည့်။

တချက်ကလေးမျှ ရှက်ကိုး ရှက်ကန်းမဖြစ်၊ သူ့မျက်နှာက တည်ကြည်လျက်။ သူ့အကြည့်က စူးရှတောက်ပလျက်။

ထိုအခိုက်ကလေးငယ်၏ 'သတ္တိရှိတယ်ဗျ'။ ဆိုသည့်စကားက ကျွန်တော့်ရင်ထဲတွင် ပဲ့တင်ထပ်ကာ အကြိမ်ကြိမ်မြည်ဟီးနေသလို ခံစားလိုက်ရပါသည်။

ပြီးတော့ ကလေးငယ်၏ ရဲဝံ့လှသည့်ပုံစံက ကျွန်တော်ထံတွင်ရော သတ္တိဆိုသည့်အရာမှာရှိပါရဲ့လားဟု စိတ်ထဲ၌ ကိုယ့်ကိုယ်ကို တိတ်တခိုးပြန်၍ မေးကြည့်မိသည်အထိ မလုံမလဲဖြစ်စေပါသည်။

× × × × ×

(၃)

အကြမ်းဖျင်းအားဖြင့် ရဲရင့်သောသူတွေကို သတ္တိရှိသောသူဟု ခေါ်ကြကြောင်း ကျွန်တော်အလွယ်နားလည်မိပါသည်။ အမြဲဆိုသလို ထိုမျှနှင့်ပင် သတ္တိ၏ အဓိပ္ပာယ်ကို ကျွန်တော်သည် ကျေနပ်လိုက်ချင်မိပါသည်။ ဒါမှသာ မကြောက်တတ်ဘဲ အနည်းငယ်မျှ ရဲတင်းသော ကိုယ့်ကိုယ်ကို "ငါလည်း သတ္တိရှိတာပဲ"ဟု ဖြေတွေးလေး တွေးနိုင်မည်မဟုတ်ပါလား။

သို့ရာတွင် ကိုယ်ကျိုးစွန့်၍အနစ်နာခံကာ အမှန်တရားဘက်မှ ရပ်တည်ရဲသောသူများကို သတ္တိရှိသောသူများဟုခေါ်ကြသည်ကိုလည်း ကျွန်တော်သည် မသိမသာချန်လှပ်ခဲ့ပြီး မေ့ထား၍မဖြစ်နိုင်ပါ။ ထိုအခါ ကျွန်တော်သည် ကိုယ့်ကိုယ်ကို 'သတ္တိရှိတဲ့ငါကွ'ဟု ပြောဖို့ရာ သိပ်မလွယ်လှတော့။

ယခုလို ကလေးငယ်၏သတ္တိကို နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်လိုက်ရသည့်အခါတွင်မတော့ ကျွန်တော့်အဖို့ပိုလို့ပင် ခက်လှပါတော့သည်။ ကျွန်တော်က အပျော်သဘောကျီစယ်လိုက်သည်။ ကလေးငယ်က မထင်မှတ်ထားသည့်နည်းဖြင့် တုန့်ပြန်သည်။ အဖြစ်အပျက်မှာ ရိုးရိုးလေး။

ဒါပေမဲ့ အဆိုပါ ရိုးရှင်းသည့်ကိစ္စလေးက ကျွန်တော့်အတွက် သတ္တိ၏ အဓိပ္ပာယ်ကို နောက်တစ်မျိုးနားလည်စေလာပါသည်။

လူအများရှေ့တွင် ရှက်စရာကိစ္စတစ်ခုပင်ဖြစ်သော်ငြား မရှက်မကြောက်ဘဲ ရိုးသားစွာဝန်ခံရဲသောသူကို သတ္တိရှိသောဟုခေါ်နိုင်ကြောင်း ကျွန်တော့်ရှေ့မှ မျက်ရည်စများနှင့်သွေးစများ ယိုစီးကျနေသော ကလေးငယ်က သွန်သင်ပြသနေသလိုခံစားရပါသည်။

အနည်းငယ်ချဲ့၍လည်း ဆက်ပြီးစဉ်းစားကြည့်မိသည်။

များသောအားဖြင့် ကျွန်တော်တို့သည် ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိဘဲဖြစ်စေ မိမိကျူးလွန်လိုက်မိသည့်အမှားအပေါ် အနည်းနှင့်အများဆိုသလို ရှက်တတ်ကြသည်ချည်းပင်။ ထိုရှက်စိတ်ကြောင့်ပင် အများရှေ့တွင်မဆိုထားနှင့်။ အခြားသူတစ်ပါးရှေ့တွင်ပင် ထုတ်ဖော်ဝန်ခံဖို့ရာ ခေါင်းမာသွားတတ်ကြသည်။

တချို့ကလည်း မိမိ၏ရှိပြီးသားဂုဏ်၊ နေရာတို့ကိုငဲ့ကွက်ပြီး မာန်မာနများခင်းခံ၍ ကိုယ့်အမှားကို သိလျက်နှင့် "ငါအမှန်ပဲ"ဟု ကြွေးကြော်ကာ ဝန်မခံ

ကြတော့ပေ။ သို့နှင့်တစ်သက်လုံး ကိုယ့်လိပ်ပြာက ကိုယ့်ပြန်ခြောက်သည်ကို သိမ်ငယ်စွာ ကြိတ်မှိတ်ခံစားသွားတတ်ကြသည်။

ကျွန်တော်ထင်ပါသည်။

အများအတွက် ကိုယ်ကျိုးမငဲ့ကွက်ဘဲ ပေးဆပ်ရဲသည့် သတ္တိထက် အများ ရှေ့တွင် မိမိ၏အမှားကို အမှန်အတိုင်းဝန်ခံရဲသည့်သတ္တိကို ပိုင်ဆိုင်နိုင်ဖို့ရာ များစွာ ခက်ခဲနိုင်ပါလိမ့်မည်။ စိန်ခေါ်မှုလည်း ပို၍ကြီးနိုင်ပါလိမ့်မည်။

ထိုသို့တွေးလိုက်မိသည်နှင့် ကျွန်တော်၏ခေါင်းထဲတွင် အမှန်အတိုင်း ဝန်မခံရဲသဖြင့် သမိုင်းကိုပင်လိမ်ညာဖုံးကွယ်ခဲ့ကြသည့် သတ္တိမရှိသောလူကြီး များ၏ ဖြစ်ရပ်အထွေထွေများက 'မှန်လှပါပေ၏'ဟု သက်သေခံနေကြသည့် အလား စီကာစဉ်ကာပေါ်လာပါတော့သည်။

တိုင်းပြည်အတွက်ဖြစ်စေ၊ မိသားစုအတွက်ဖြစ်စေ၊ ကိုယ့်ကိုယ်ကိုယ် သတ္တိရှိ လှပါသည်ဟု ယူဆသောသူများအနေနှင့်ကိုယ့်သတ္တိတကယ်ရှိ၊ မရှိလွယ်လင့် တကူ သိနိုင်ပါပြီ။ အများရှေ့တွင် ဖော်ထုတ်မပြောရဲသည့် ကိုယ့်လိပ်ပြာကိုယ် ရှက်ရမည့်ကိစ္စများကို အမှန်အတိုင်းတည်ငြိမ်စွာ ဝန်ခံလိုက်သည့်နည်းနှင့်ဖြစ်ပါ သည်။

ကျွန်တော်ကတော့ "ဦးဦးရော သတ္တိရှိလား"ဟု ကလေးငယ်က ပြန်၍မေး လာမည်ကို ရင်တထိတ်ထိတ်နှင့်ကြောက်ရွံ့နေမိပါသည်။ ကျွန်တော်တို့၌ ရှိစုမဲ့ စု သိက္ခာလေးများငို ငဲ့ကွက်၍ အမှန်အတိုင်းဝန်မခံရဲသော ကိစ္စများစွာရှိနေ သည်မဟုတ်ပါလား။

× × × × ×

(၄)

အနာသက်သာသွားသည့် ကလေးငယ်သည် ခြေကလေးထော့နဲ့ထော့နဲ့ဖြင့် အော်ဟစ်ကာ ပြန်၍ကစားနေပါသည်။ လေထဲသို့ လက်သီးများအားကုန်ပစ် သွင်း၍ အော်ဟစ်ဆော့ကစားနေသည့် ကလေးငယ်၏

"သတ္တိရှိလားကွ၊ ကျား၊ ဟရောင်း"

ဟူသော စိန်ခေါ်သံကိုကြားလိုက်မိသည့်အခါတိုင်း ကျွန်တော်သည်

အလိုလိုနေရင်း မလုံမလဲဖြစ်ကာ ကြက်သီးများပင်ထသည်အထိ ရှက်ရွံ့သလို ခံစားနေရပါတော့သည်။

***နေစကြာနိုင်***
***မေလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်။***

■

“

အဖေက လူတစ်မျိုး အရုပ်တွေကို သဘောမကျ။
အမေဈေးသွားရင် “ကလေးကို အရုပ် ဝယ်မပေးနဲ့နော်၊
အရုပ်ဝယ်ပေးမည့်အစား၊ စားစရာကိုပဲဝယ်ပေး”ဟု
မှာလေ့ရှိ ...

”

# ကျွန်တော်နှင့်အရုပ်ဆိုင်များ

**ကောင်းပိုင်**

အရုပ်များသည် ကလေးများအတွက် ရဲရင့်စေသည်၊ နူးညံ့စေသည်၊ ယဉ်ကျေးလိမ္မာစေသည်၊ အားသစ်တွေ၊ မျှော်လင့်ချက်တွေ၊ ပန်းတိုင်တွေ ခိုင်မာစေသည်။ ဆန်းသစ်တီထွင်စေသည်။ အိပ်မက်တွေကို မွေးဖွားစေသည်၊ စိတ်ဓာတ်တွေကို တက်ကြွစေသည်။ နှလုံးသားတွေကို လှစေသည်။

အရုပ်ဆိုင်များသည် ကျေးလက်မြို့ပြအားလုံးမှာရှိကြသည်။ ဆိုင်ကြီးနှင့်ဆိုင်သေး အရုပ်စုံတာနှင့်မစုံတာသာ ကွာခြားသွားကြသည်။ အရုပ်များကိုသီးသန့်ရောင်းကြတာလည်းရှိသလို အချို့က အခြားကုန်ပစ္စည်းများနှင့်တွဲဖက်ရောင်းကြတာလည်းရှိသည်။ အရုပ်ဆိုင်များသည် စီတီးမတ်များမှာလည်းရှိသလို ဘုရားပွဲဈေးများနှင့် ဘုရားစောင်းတန်းများမှာလည်းရှိသည်။ အရုပ်ဆိုင်များတွင် အကောင်မျိုးစုံ၊ လူမျိုးစုံ၊ ကစားစရာမျိုးစုံတင်ရောင်းကြသည်။

ကျွန်တော်ငယ်ငယ်က အရုပ်များကိုတော်တော်လေး သဘောကျသည်။ ကျွန်တော်တို့ရွာလယ်လမ်းမမှာ အဝတ်အစားများနှင့်တွဲဖက်ရောင်းသည့် အရုပ်ဆိုင်လေးတစ်ဆိုင် ရှိသည်။ သေနတ်ရုပ်၊ ကားရုပ်၊ လူရုပ်စသည်ဖြင့် အစုံရောင်းသည်။

အမေဈေးသွားရင် အမေ့နောက်ကိုလိုက်သွားသည်။ အရုပ်ဝယ်ခိုင်းဖို့

မဟုတ်၊ အရုပ်ဆိုင်မှာအရုပ်များကို ကြည့်ရုံသာကြည့်ပြီး စိတ်နဲ့အရုပ်များကို မှတ်ခဲ့သည်။ အရုပ်ဆိုင်ရောက်ရင် အရုပ်များကို စိတ်ကြိုက်ကြာကြာမကြည့်ဖြစ်၊ ကြာကြာကြည့်ရင် အမေက အရုပ်ဝယ်ပေးတော့မည်။ အမေ့လက်ထဲမှာလည်း အရုပ်ဝယ်ပေးလောက်အောင် ငွေပိုငွေလျှံများမရှိမှန်း ကျွန်တော်သိသည်။ သည့်အတွက်ကြောင့် အမေ့ကို အရုပ်ဝယ်ပေးပါလို့ သိတတ်ချိန်မှစ၍ယနေ့ ချိန်ထိ တစ်ခါမျှမပူဆာခဲ့ဖူးပေ။

အဖေက လူတစ်မျိုး အရုပ်တွေကို သဘောမကျ။ အမေဈေးသွားရင် "ကလေးကို အရုပ်ဝယ်မပေးနဲ့နော်၊ အရုပ်ဝယ်ပေးမည့်အစား၊ စားစရာကိုပဲဝယ်ပေး"ဟု မှာလေ့ရှိသည်။

ကျွန်တော်အရုပ်ဆိုင်ကနေ အမေနဲ့အတူပြန်လာရင် အိမ်ပြန်ရောက်ပြီဆိုသည်နှင့် ကျွန်တော်တို့အိမ်ရဲ့တောင်ဘက်မှာရှိသည့်လယ်ကွင်းပြင် စမ်းချောင်းစပ်ကိုသွားပြီး ရွှံ့များကို သွားခွာသည်။ အဲသည့်ရွှံ့တွေနဲ့ပဲ အရုပ်ဆိုင်မှာ စိတ်နဲ့မှတ်ခဲ့သည့် ကားရုပ်၊ ကျွဲရုပ်၊ နွားရုပ်၊ ကက်စက်ရုပ်၊ သေနတ်ရုပ် စသည့်အရုပ်များကို ကိုယ်တိုင်ပဲလက်နဲ့လိုသလိုပုံသွင်း အရုပ်ပြုလုပ်တော့သည်။

ပြီးလျှင်နေလှန်း၊ ခြောက်လာသည့်ရွှံ့ရုပ်များကို သူငယ်ချင်းများနှင့်အတူတူ ဆော့ကစားကြတော့သည်။ တခြားသူတွေကတော့ ရွှံ့ကိုခွာပြီး လောက်စာလုံး လုံးကြသည်။ ကျွန်တော့်ကတော့ ရွှံ့ကိုအရုပ်တွေလုပ်သည်။ အရုပ်တွေကွဲပျက်သွားခဲ့ရင် အစားထိုးရန် အရုပ်တွေထပ်လုပ်သည်။ ဆော့လို့အားရကျေနပ်သွားရင် အရုပ်များကို ကျွန်တော်တို့အိမ်ရဲ့ ကျပ်ခိုးစင်ပေါ်မှာ သိမ်းထားလိုက်တော့သည်။

ကျွန်တော်လူပျိုပေါက်ရောက်သည့်အထိ အဲသည့်အရုပ်တွေက ကျပ်ခိုးစင်ပေါ်မှာ အတိုင်းသားရှိနေသေးသည်။ အိမ်ကို အသစ်ပြန်ဆောက်သည့်အခါမှာတော့ ကျွန်တော်ကိုယ်တိုင်ပဲ အမှိုက်များနှင့်အတူ အရုပ်တွေကိုစွန့်ပစ်ခဲ့ရသည်။

တစ်နှစ်က ကျွန်တော်တို့ ဟံသာဝတီရွာမှာ ကျောင်းရေစက်ချပွဲ ကျင်းပသည်။ မန္တလေးဝင်းနောင်ဇာတ်နှင့် ဧည့်ခံကြသည်။ ဇာတ်ပွဲကိုတော့ ရွာဦးကျောင်းအရှေ့ဘက် လယ်ကွင်းပြင်ထဲမှာပဲ ကပြဖျော်ဖြေစေသည်။ ကျောင်းရေစက်ချမှာ ဇာတ်ပွဲပါသည်တော့ ရွာကလူတွေကလည်း ပျော်နေကြသည်။

အချို့ကလည်း ပွဲတွင်းမှာဝတ်ဖို့ကြိုတင်၍ လုံချည်အင်္ကျီအသစ်များ ဝယ်ထားကြသည်။ ကောက်စိုက်၊ ပျိုးနုတ်၊ နှမ်းပေါင်းထိုး၊ ပဲပေါင်းထိုး၊ ပဲချိုတ် စသည့် လုပ်အားခများရလျှင် ပွဲတွင်းမှာသုံးဖို့ စုဆောင်းထားကြသည်။

ပွဲတော်ရက်ရောက်ပြီတော့ အနီးနားရှိကျေးရွာများကလည်း ဇာတ်ပွဲကြည့်ရန် ရောက်လာကြသည်။ ရွာမှာ အသိမိတ်ဆွေများ၊ ဆွေမျိုးများ၊ ရှိသူများက ကြိုတင်ပြီး ညအိပ်ညနေပွဲကြည့်ရန်လာကြသည်။

ညနေမှောင်ရီပျိုးသည်နှင့် ဝင်းနောင်ဇာတ်ပွဲက ဗေထိ . . အသံနှင့်အတူ လှုင့်ပျံ့လာသည့် ပွဲခင်းဈေးမှသီချင်းသံများ ကြားရသည်။ ကျွန်တော်လည်း ပွဲခင်းရနံ့ကို ရှူရှိုက်ခံစားကြည့်ချင်စိတ် ပြင်းပြနေမိသည်။ ဒီလိုနဲ့ပွဲခင်းဘက်ကို ခြေစကြာဖြန့်ခဲ့လေသည်။ ပွဲခင်းတစ်ခုလုံး ပွဲတော်လာပရိသတ်တွေကတော့ လူတွင်းကို တုတ်နှင့်ထိုးလိုက်သလို ပျားပန်းခတ်နေကြသည်။

ပွဲခင်းဈေးမှာလည်း လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ အထည်ဆိုင်၊ အရုပ်မျိုးစုံဆိုင်၊ မြန်မာမုန့်ပဲ သွားရေစာဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ကွမ်းယာဆိုင်တွေ၊ အကြော်ဆိုင်၊ အိမ်သုံးပစ္စည်းအရောင်းဆိုင် စသည့်ဆိုင်ခန်းတွေကလည်း သတ်မှတ်ထားသည့်နေရာများမှာ သူ့နေရာနဲ့သူ ရောင်းချနေကြသည်ကလည်း လယ်ကွင်းပြင် တန်းတလျားပေ။

ပွဲဈေးရဲ့မြောက်ဘက်ချမ်းမှာ ရောင်းနေသည့် အရုပ်ဆိုင်ကိုရောက်ဖြစ်သည်။ အရုပ်တွေကို စွဲမက်ခဲ့တဲ့ ငယ်ဘဝရဲ့အငွေ့အသက်ကို ပြန်လှုပ်နှိုးလိုက်သလိုဖြစ်သွားသည်။ အရုပ်တွေက ကျွန်တော်တို့ခေတ်က အရုပ်များနဲ့မတူတော့ပေ။ ခေတ်ပေါ်နည်းပညာများနှင့် အထူးပြုလုပ်မှုတွေကြောင့် အရုပ်တွေက ဆန်းသစ်လာကြသည်။ အတုတွေက အစစ်နဲ့ဆင်တူလာကြသည်။

အရုပ်များကိုကျွန်တော်သေသေချာချာလေး ငေးစိုက်ကြည့်နေမိသည်။ အရုပ်ဆိုင်ကိုလာပြီး သားငယ်၊ သမီးငယ်များကိုလက်မှာ ကိုင်ဆွဲပြီးကလေးများ သိုချင်သည့်အရုပ်များကို ဝယ်ပေးနေတာကိုတွေ့ရသည်။

အနီးနားကိုကြည့်လိုက်တော့ အဝတ်အစားခပ်နွမ်းနွမ်းနှင့်ကလေးတစ်ယောက်ကလည်း ကျွန်တော်နည်းတူ အရုပ်များကို ခပ်ကြာကြာလေးစိုက်ကြည့်နေသည်ကို သတိထားမိသည်။ အခြားအရုပ်များထက် သူအထူးပြုပြီးကြည့်နေသည်က အနက်ရောင်မာစီးတီးကားရုပ်လေးကို ကြည့်နေသည်။

*"မင်း ဒီကားလေးကို လိုချင်လို့လား"*

*"လိုချင်တယ်ဦး။ ဒါပေမဲ့ မတတ်နိုင်ဘူး။ နှစ်ထောင်တဲ့ ကျွန်တော်မှာ ငါးရာပဲပါတယ်"*

*"မင်းအမေနှင့်အဖေ ပါမလာဘူးလား"*

လို့ မေးလိုက်တော့

*"ကျွန်တော့် အမေက ပွဲခင်းထဲမှာ။*

လိုက်လာရင် သူများနေရာဦးသွားမှာစိုးလို့တဲ့။ အဖေကတော့ အိမ်မှာ အိမ်စောင့်အဖြစ်ကျန်ခဲ့တယ်"တဲ့။

ကျွန်တော်က

*"ဒါဆိုရင် ငါဝယ်ပေးပါ့မယ်။ ငါလည်း ငါ့တူလေးတွေနဲ့ တူမလေးတွေ အတွက် အရုပ်ဝယ်ပေးရကောင်းမလားကြည့်နေတာ၊ နောက်ရက်မှပဲ သူတို့ကို ခေါ်ပြီး ဝယ်ပေးတော့မယ်။ ဒီနေ့တော့ မင်းလိုချင်တဲ့ ကားရုပ်ကို ငါဝယ်ပေးမယ်၊ မင်းမှာရှိတဲ့ ငွေငါးရာကိုတော့ မုန့်ဝယ်စားပေါ့ကွာ"*

ဆိုပြီး သူလို ချင်တဲ့ကားရုပ်အပြင် ပစ်တိုင်းထောင်ရုပ်လေးတစ်ရုပ်ကိုပါ ဝယ်ပေးလိုက်မိသည်။

သူက

*"ကျေးဇူးတင်ပါတယ်ဦး"*

လို့ပြောဖို့မေ့လောက်အောင်ကိုပင် ပျော်ပြီး ပွဲခင်းဘက်ကိုပြေးသွားသည်။

ကျွန်တော်လည်း သူ့အလိုဆန္ဒတစ်စုံကို ဖြည့်ဆည်းပေးလိုက်ရသည့် အတွက် ပျော်ရွှင်ငေးမောကြည့်ရင်း ကျန်နေခဲ့တော့သည်။

***ကောင်းဝိုင်***

■

“တစ်နေ့ မိတ်ဆွေတစ်ယောက်ရောက်လာပြီး
ကျွန်တော်နှင့်လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်သည်။ ထိုနေ့သည်
ကျွန်တော့်မွေးနေ့ဖြစ်၏။ ထုံးစံအတိုင်း ကျွန်တော်သတိမရ၊
မေ့နေသည်။ မေမေဆီက ဖုန်းဝင်လာသည်။ မွေးနေ့မှာ
ပျော်ရွှင်ပါစေကြောင်းဆုတွေ ...”

# မွေးနေ့

## လင်းမွန်ခ

ဘယ်တော့မှမမွေး ဘယ်တော့မှမသေ ဤကမ္ဘာဂြိုဟ်ပေါ်သို့ အလည်ရောက်ရှိခဲ့သည်ဟု အိုရှိုးကပြောသည်။ အိုရှိုးပြောစကားသည် အိုရှိုးအတွက်မှန်သော်လည်း ကျွန်တော့်အတွက်တော့ မမှန်နိုင်သေးပါ။ ထို့ကြောင့် အိုရှိုးအား ကျွန်တော်လေးစားပါသည်။ သေချာတာက ကျွန်တော်သည်လည်း ကမ္ဘာမြေပေါ်သို့ အလည်ရောက်ရှိလာသူတစ်ယောက်ဖြစ်သည်။

ကမ္ဘာမြေပေါ်အလည်ရောက်ရှိလာတော့ ကမ္ဘာပေါ်မှာ အမှတ်ရစရာနေ့တွေ၊ မမေ့ရမည့်နေ့တွေ အများကြီးရှိနေတာတွေ့ရမည်။ အမေများနေ့၊ ချစ်သူများနေ့၊ လွတ်လပ်ရေးနေ့တို့သည်လူတိုင်းလိုလိုသိသည့်နေ့များဖြစ်၏။ အမေများနေ့ဆိုလျှင် အမေ့ကိုချစ်ကြောင်း ဖေ့စ်ဘုတ်ခ်ပေါ် အပြိုင်အဆိုင်တင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ အမေ့ကျေးဇူးကြီးမားပုံ၊ ဆပ်မကုန်နိုင်ပုံကို တဖွဲ့တနွဲ့ရေးတင်ကြမည်။ အမေကိုတော့ တစ်နေ့တစ်ခေါက် အိပ်ရာဝင်ခါနီးဂါဝရထားနှိုးကြလား ကျွန်တော်မသိပါ။

× × × × ×

အဘယ်အကြောင်းကြောင့်ပဲဖြစ်ဖြစ် အမေ့ကိုချစ်ကြောင်း၊ စာတွေဖတ်ရဘာတော့ကောင်းပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုနေ့တွင် မိမိအားသတိရသည့် သားသမီးများကိုကြည့်ရင်း အမေတွေက ပျော်နေမှာသေချာပါသည်။

လွတ်လပ်ရေးနေ့ဆိုလျှင် လမ်းတွေပိတ်အားကစားပွဲများ ပြုလုပ်ကြသည်။ တစ်နိုင်ငံလုံးတော့လုပ်နိုင်မည်မထင်။ တချို့ဒေသများတွင် စစ်ပွဲများဖြင့် မငြိမ်းချမ်းသေးသောကြောင့်ဖြစ်သည်။ ယင်းမှုကား မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ ပင်ဖြစ်သည်။

× × × × ×

*"ချစ်သူများနေ့ရှိသလို မုန်းသူများနေ့ရောရှိမည်လား"* ကျွန်တော်စဉ်းစားကြည့်မိသည်။ မုန်းသူများနေ့ရှိလျှင် ကျွန်တော့်အနေဖြင့် ကျင်းပဖြစ်မည်မထင်။ ကျွန်တော့်မှာ မုန်းသူမရှိသောကြောင့်ဖြစ်သည်။

မည်သည့်နေ့တွေပဲ မည်သို့ပင်ရှိစေကာမူ လူတိုင်းမွေးနေ့ရှိတာသေချာသည်။ တချို့ကိုယ့်မွေးနေ့ကို မသိကြရုံကလွဲလို့ပေါ့။ လူတိုင်းလိုလိုလည်း မွေးနေ့ကျင်းပကြဖူးမည်ထင်ပါသည်။

မွေးနေ့ကျင်းပရင်း တစ်နှစ်ထက်တစ်နှစ် အသက်ကြီးလာမှန်းသိပေမယ့် သေရမည့်နေ့ကိုတော့ မသိချင်ယောင်ဆောင် မေ့နေကြ၏။ ကျွန်တော်သည်လည်း မွေးနေ့ကျင်းပဖူးပါသည်။

× × × × ×

အိမ်နှင့်ဝေးပြီးနောက်ပိုင်း ကျွန်တော့်မွေးနေ့ကို ကျွန်တော်မေ့နေတတ်၏။ ကျွန်တော့်မွေးနေ့ကို အမြဲတမ်းမမေ့သူကတော့ ကျွန်တော့်မေမေပင် ဖြစ်သည်။ မွေးနေ့ရောက်တိုင်း ဖုန်းဆက်လေ့ရှိသည်။ မမေ့မလျော့ဆက်ခြင်းဖြစ်သည်။

ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အလုပ်အကိုင်အဆင်ပြေပါစေ၊ မိသားစုချမ်းမြေ့သာယာပါစေ ဆုတွေအများကြီးတောင်းပေးသည်။ ကျွန်တော်ကလည်း မေမေဆုပေးပြီးတိုင်း ပေးတဲ့ဆုနှင့်ပြည့်ပါစေဟု ထုံးစံအတိုင်း ပြန်ပြောနေကျဖြစ်သည်။

× × × × ×

တစ်နေ့ မိတ်ဆွေတစ်ယောက်ရောက်လာပြီး ကျွန်တော်နှင့်လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်သည်။ ထိုနေ့သည် ကျွန်တော့်မွေးနေ့ဖြစ်၏။ ထုံးစံအတိုင်း ကျွန်တော်သတိမရ၊ မေ့နေသည်။ မေမေ့ဆီက ဖုန်းဝင်လာသည်။ မွေးနေ့မှာ ပျော်ရွှင်ပါစေကြောင်းဆုတွေ အများကြီးတောင်းပေး၏။ ကျွန်တော့်မိတ်ဆွေက ကျွန်တော့်ကိုပြုံးရင်း စိုက်ကြည့်နေသည်။

မေမေနှင့်ဖုန်းပြောပြီးသောအခါ ကျွန်တော့်မိတ်ဆွေက ကျွန်တော့်လက်ကို ဆုပ်ကိုင်ရင်းမွေးနေ့ ဆုတောင်းပေး၏။ ထို့နောက် သူ့မွေးနေ့ကို ယနေ့ထိ သူမသိကြောင်း ပြောပြသည်။ ငယ်ငယ်ကတည်းက အစွန့်ပစ်ခံခဲ့ရပြီး မိဘမဲ့ကလေးကျောင်းတွင်ကြီးပြင်းခဲ့ရပုံများကို ပြောပြသည်။ ယခုလိုအဆင်ပြေသည့် အခြေအနေရောက်အောင် အများကြီးရုန်းကန်ခဲ့ရပုံများပြောပြ၏။ ငယ်စဉ်ကတည်းက မိဘမေတ္တာမရခဲ့သလို သူ့မွေးနေ့ကိုသူမသိ။ နောင်လည်းဘယ်တော့မှ သိနိုင်မည်မထင်၊ အမေတစ်ယောက်က သားတစ်ယောက်ကို မွေးနေ့ဆုတောင်းပေးသံတွေကြားရတာ ပျော်ရွှင်ကြည်နူးမိကြောင်းပြောပြီး ကျွန်တော့်အား နှုတ်ဆက်ထွက်ခွာသွားပါသည်။

ထွက်သွားသော မိတ်ဆွေ၏ နောက်ကျောအားကြည့်ရင်း ကျွန်တော့်မွေးနေ့ကို ကျွန်တော်မေ့နေတတ်ပေမယ့် ကျွန်တော့်သား(တစ်ဦးတည်းသောသား) မွေးနေ့ကို ဘယ်တော့မှမမေ့ကြောင်း သတိရသွားမိသည်။

× × × × ×

သားမွေးနေ့ရောက်တိုင်း သားလိုချင်တာဝယ်ပေး၊ ကိတ်မုန့်လှီး၊ ယောင်တိုင်မီးတွေ အတူတူမှုတ်ရင်း Happy Birthday လို့ သံပြိုင်ဆိုကြသည်။ မိသားစုပျော်ရွှင်စွာ သားမွေးနေ့ပွဲလေးကို ကျင်းပတတ်ကြသည်။

တစ်ဆက်တည်းစဉ်းစားမိသည်က သားမွေးနေ့ကို ကျွန်တော်ဘယ်တော့မှ မမေ့ပေမယ့် ကျွန်တော့်အမေ၏မွေးနေ့ကိုတော့ မသိခြင်းပင်ဖြစ်သည်။ ရုတ်တရက်ဆိုသလိုပင် ဝမ်းနည်းခြင်းတွေ ကျွန်တော့်ရင်ထဲ ပြည့်တက်လာသည်။

***ကျွန်တော် အရမ်းဝမ်းနည်းပါသည်။***
***ကျွန်တော် အလွန်စိတ်မကောင်း ဖြစ်မိပါသည်။***
***ကျွန်တော့် မေမေကို ကျွန်တော့်အရမ်း သတိရမိပါသည်။***
***ခင်ဗျားတို့ရော ခင်ဗျားတို့အမေ မွေးနေ့ကိုသိကြသလား***
***သတိရောရကြသလား. . . ဗျာ။***

***လင်းမွန်ခ***

■

“

ပြောင်းလဲချိန်တန်ပြီ ဆိုတုန်းကတော့ ညီညွတ်ခဲ့ကြပြီး
တကယ်လည်း ပြောင်းကြတော့မယ်ဆိုတော့
မညီညွတ်မှုတွေက ပြဿနာတွေရဲ့အစတွေဖြစ်လို့
ခက်တော့ခက်သားကွာ•••

”

# အေလာနှင့် ပါရာဒိုင်းအရွေ့များ

ရဲဋ္ဌန်နိုင်

မရောက်တာကြာပြီဖြစ်သော မွေးရပ်မြေရွာကလေးဆီသို့ပြန်ရန် ယခုတလောဆန္ဒပြင်းပြနေမိသည်။ မိုးလေဝသဖောက်ပြန်မှုများကြောင့် တစ်နိုင်ငံလုံးနီးပါး မိုးများအဆက်မပြတ်ရွာသွန်းပြီး တချို့ဒေသများတွင် ရေကြီးရေ လျှံမှုဘေးဒဏ်များဖြစ်ပေါ်လျက်ရှိရာ မိမိဇာတိရွာကလေးသည်လည်း အပါအဝင်ဖြစ်သည်။ သို့အတွက် မိမိဇာတိရွာကလေး ရေကြီးရေလျှံခဲ့မှု အခြေအနေကို သိချင်တာရယ်၊ ရန်ကုန်မှာ မိုးအဆက်မပြတ်ရွာသွန်းနေမှုများကြောင့် ရန်ကုန်ရောက်တောသားတစ်ယောက် ဇာတိရွာကိုလွမ်းမိတာလည်း ပါမည်ထင်ပါသည်။

× × × × ×

မိမိဇာတိရွာသည် နေပြည်တော်နှင့် မလှမ်းမကမ်းတွင် ရှိသည်ဖြစ်ရာ ကားလမ်း၊ ရထားလမ်း၊ လေကြောင်းလမ်း မည်သည့်လမ်းကြောင်းဖြင့် မဆိုသွားရန် အဆင်ပြေသည့်ဒေသဖြစ်သည်။ သို့သော် လူကုံထံများအတွက်သာ အဆင်ပြေလှသည့် လေကြောင်းခရီးစဉ်ကိုမူ မိမိထည့်စဉ်းစား၍မဖြစ်နိုင်။ ကားလမ်းခရီးစဉ်ကိုရွေးချယ်ရန်လည်း အဆက်မပြတ်ရွာသွန်းသောမိုးများကြောင့် ကားလမ်းများ ရေကျော်ပျက်စီးမှုများဖြစ်ပေါ်နေခြင်း၊ မိုးရွာသွန်းချိန်ဆို လေပြင်း

များပါတိုက်ခတ်တတ်ခြင်းများကြောင့် မိမိအိမ်ပြန်ရန် မီးရထားခရီးစဉ်ကို ရွေးချယ်ဖြစ်ခဲ့သည်။ သို့အတွက် ရန်ကုန်မှ ညနေ ၅ နာရီထွက်ခွါမည့် မီးရထားဖြင့် လိုက်ပါလာခဲ့သည်။

အေလာဘူတာသည်ကား မိမိဇာတိရွာသို့ပြန်ရန် တစ်ဆင့်ခံ မီးရထားဘူတာငယ်လေး တစ်ခုသာဖြစ်သည်။ ရန်ကုန်မှ ညနေ ၅ နာရီထွက်သည့် ရထားသည် နောက်ရက် နံနက် ၁ နာရီ ဝန်းကျင်ခန့်တွင် အေလာဘူတာလေးသို့ရောက်သည်။ အေလာသည် ဘူတာငယ်အဆင့်သာရှိပြီး နောက်ထပ် နာရီဝက် ဝန်းကျင်ခန့်ရထားဆက်စီးလျှင်ပျဉ်းမနားဘူတာကြီးသို့ ရောက်သည်။ အေလာဘူတာအဆင်းတွင် မိမိနှင့်အတူရထားပေါ်မှဆင်းသည့် ခရီးသည် သုံးဦးသာရှိပြီး ဘူတာကလေးသည်ကား ဆိတ်ငြိမ်လျက်ညဥ့်နက်သန်းခေါင်တိုင်သူ့တာဝန်ဝတ္တရားမပျက် ထမ်းဆောင်နေဆဲ။ ဆိုင်ကယ် ကယ်ရီသမား တစ်ဦးစ၊ နှစ်ဦးစက မိမိတို့ရထားဆင်းခရီးသည်သုံးဦးကို ခရီးဦးကြိုပြုလျက်။

× × × × ×

*"ဆိုင်ကယ် ကယ်ရီ လိုလားခင်ဗျာ။ ဆိုင်ကယ် ကယ်ရီခေါ်ဦးမလား အစ်ကို" စသဖြင့်။*

ရထားဆင်းခရီးသည်နှစ်ဦးက ဆိုင်ကယ်ကယ်ရီငှားကြပြီး လိုရာကို သွားကြပေမယ့် မိမိကတော့ဆိုင်ကယ်ကယ်ရီမငှားတော့ကြောင်း အိမ်က လာကြိုမည့်သူကိုစောင့်ရန် ခရီးသည်နားနေဆောင်တွင် ဝင်ထိုင်လိုက်သည်။ မီးရထားဝန်ထမ်း အချို့မှအပခရီးသွားဆိုလို့ မိမိတစ်ဦးတည်းသာရှိနေပြီး အေလာဘူတာသည်ကား တိတ်ဆိတ်လွန်းလှသည်။

တစ်ချိန်က သည်လိုညဥ့်နက်သန်းခေါင်အချိန် သည်ဘူတာလေးတွင် ခရီးသွားမည့်သူများ၊ ကုန်စည်ပို့ဆောင်သူများသည် နံနက်စောလက်မှတ်ရောင်းချိန် ထိုင်ခုံလက်မှတ်ရရှိရန် ညနက်သန်းခေါင်အပင်းပန်းခံပြီး ဘူတာတွင် လာရောက် စောင့်ဆိုင်းနေသူများဖြင့် စည်ကားခဲ့သည်များကို ယခုမတွေ့ရတော့။ တစ်ချိန်က ဒီဘူတာလေးသည် ခရီးသွားသူ၊ လာသူ၊ ကုန်စည်ပို့သူ၊ ယူသူများဖြင့် အလွန်စည်ကားခဲ့ဖူးသည်။ ရထားစီးခရီးသွားလာမှုများ၍ သတ်မှတ်ရောင်းချရသည့် ထိုင်ခုံများပင်ကုန်ကာ ထိုင်ခုံမဲ့များရောင်း၍ခရီးသွားသူများ အဆင်ပြေ

အောင် ဆောင်ရွက်ပေးရသည်များရှိသည်။ ဒီဘူတာကလေးမှပင် ရန်ကုန်၊ မန္တလေး၊ သာစည်၊ မကွေး၊ တောင်တွင်းကြီး၊ ကျောက်ပန်းတောင်း စတဲ့မြို့ကြီးများဆီရောက်ဖို့ ခရီးသွားသူများ အားကိုးခဲ့ရသလို နံနံ၊ ငရုတ်၊ ကြက်သွန်၊ ပဲ၊ ပြောင်း စတဲ့ ဒေသထွက်ကုန်များ အားလုံးသည်လည်း ခြင်းကြီးခြင်းငယ် အသွယ်သွယ်ထုပ်ပိုးပြီး ဒီဘူတာကလေးမှတစ်ဆင့် အနယ်နယ်အရပ်ရပ်ကို ခရီးနှင်သွားခဲ့ကြသည်သာ။

လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ခန့် နေပြည်တော်ကြီးမပေါ်ပေါက်ခင် ပျဉ်းမနားဘူတာကြီး အလွန်စည်ကားခဲ့သလို အေလာဘူတာကလေးသည်လည်း စည်ကားခဲ့သည်။ အေလာတွင် သတ္တုသန့်စင် စက်ရုံလည်းရှိနေ၍ တာဝန်ထမ်းဆောင်လျက်ရှိသော သတ္တုစက်ရုံဝန်ထမ်းများ၊ ခရီးသွားလာလိုသူများ၊ ကုန်စည်ပို့ဆောင်လိုသူများက ကားလမ်းဖြင့်သွားကြခြင်းထက် မီးရထားခရီးကိုသာ အားကိုးအားထား သွားလာခဲ့ရသည်။ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမှာလည်း အေလာ၏အနောက်ဘက် ၃ မိုင်ခန့်တွင် ရှိသည်ဖြစ်ရာ ကားဖြင့်ခရီးသွားခြင်းထက် မီးရထားဖြင့်သွားလာရခြင်းက ပို၍အဆင်ပြေနေခြင်းကြောင့်လည်း ဖြစ်သည်။ အေလာဒေသဝန်းကျင်ရွာပေါင်းနှစ်ဆယ်ကျော်မှ ဒေသထွက်ကုန်များသည်လည်း အေလာဘူတာလေးမှတစ်ဆင့် အနယ်နယ်အရပ်ရပ်ကို ခရီးနှင်ခဲ့ကြရသည်။

× × × × ×

*"ဟား. . . အစ်ကို ရထားဆိုက်တာ ကြာပြီလား"*

မေးမေးပြောပြော ဝင်လာသော မိမိအားလာကြိုသူ ညီငယ်က ဆိုလေသည်။

*"မကြာသေးပါဘူးကွာ။ ဘူတာမှာ ခရီးသွားဆိုလို့ ငါတစ်ယောက်တည်းရှိနေတာကို အံ့ဩရင်း အရင်ကစည်ကားလှတဲ့ အေလာဘူတာလေးကို ပြန်မြင်ယောင်တွေးနေမိတာပါကွာ" ဟု*

*ပြောပြီး ညီငယ်ကိုနှုတ်ဆက်လိုက်သည်။*

*"ဟာ. . . အစ်ကိုကလည်း ပါရာဒိုင်းလေဗျာ။ အေလာပါရာဒိုင်း။ (Paradigm Shift Ela) အေလာ အရွှေ့ပေါ့" ဟု*

ရယ်ရယ်ပြုံးပြုံးပြောပြီး မိမိခရီးဆောင်အိတ်ကို ဆိုင်ကယ်ရှေ့ ခွကြားတွင်ထည့်ကာ မိမိအားတက်စေပြီး ဆိုင်ကယ်မောင်းထွက်ခဲ့လေတော့သည်။

*“ငါတို့ လက်ဖက်ရည်လေးတော့ သောက်ကြစို့ကွာ၊ ငါလည်း ရထားပေါ်မှာ ဟုတ်တိပတ်တိ ဘာမှမစားခဲ့ရဘူး” ဟု*

ဆိုင်ကယ်နောက်တွင်ထိုင်လိုက်လာသော မိမိကနေရာနည်းနည်း ပြင်ရင်း ညီငယ်ကိုပြောလိုက်သည်။

*“ဟာ. . . အစ်ကိုကလည်း အရင်လိုလက်ဖက်ရည်အလင်းဆိုင်တွေ မရှိတော့ဘူး။*

*“ဟေ. . . . ဟုတ်လား”*

*“ဟုတ်တယ် အစ်ကိုရ။ အေလာက အရင်လိုသိပ်စည်ကားမှုမရှိတော့ လက်ဖက်ရည်ဆိုင်တွေလည်း ည ၁၀ နာရီလောက်ဆို ပိတ်ကြတော့တာ။ မပူပါနဲ့ အစ်ကိုရာ. . . အိမ်မှာ အဆင်သင့်လုပ်ထားပါတယ်။ အိမ်ကျမှ စားကြ သောက်ကြတာပေါ့” ဟု*

ညီငယ်က ဗိုက်ဆာနေသည့် မိမိကိုအားနာနေဟန်ဖြင့် ဆိုင်ကယ်ကို အရှိန်နည်းနည်းမြှင့်မောင်းကာ ရှင်းပြနေသည်။

*“မင်း အိမ်ရောက်ရင် ဘာမှပူစရာမလိုတာတော့ ငါသိပါတယ်ကွ။ ရောက်တုန်းရောက်ခိုက်. . . အေလာလက်ဖက်ရည်ဆိုင်ထိုင်တဲ့အရသာလေး ခံစားချင်မိတာရယ်ကြောင့်ပါကွာ” ဟု*

ညီငယ်ကို ပြန်ပြောရင်း လမ်းဘေးတစ်လျှောက်မြင်ကွင်းများကို စူးစမ်းနေမိ သည်။

တစ်ချိန်ကမူ ခရီးသွားလာမှု၊ ကုန်စည်ဖြန့်ဖြူးမှု၊ အိမ်သုံးဈေးဝယ်ခြင်းကအစ အလှူအတန်းများအတွက် ဈေးဝယ်ခြင်းများအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ ကုန်ရောင်း၊ ကုန်ဝယ်ခြင်းများကအစ အေလာဒေသတစ်ဝိုက် ရွာပေါင်းနှစ်ဆယ်ကျော်လောက်က အေလာဆိုသောဌာနေကလေးဆီသို့ လာရောက်စုစည်းလှုပ်ရှားခဲ့ကြရသည်။

အေလာဈေးကလေးသည်လည်း ငါးရက်တစ်ဈေး(ဈေးနေ့)အပြင် နေ့တိုင်းနီးပါး ဝယ်သူ၊ ရောင်းသူများဖြင့် စည်းကားခဲ့သည်။ အခြေခံပညာ အထက်တန်းကျောင်းအဆင့်ထိရှိသော အေလာတွင် ကျောင်းသူ၊ ကျောင်းသား

များ၊ အေလာမှတစ်ဆင့် နယ်အသီးသီးသို့ ခရီးခြေဆန့်ကြမည့် ခရီးသွားလာသူများဖြင့် စည်ကားနေသလို မြို့သစ် ၂ လမ်းမပေါ် (အေလာဈေးရှေ့)တွင် ညပိုင်း ဖွင့်လှစ်သည့် ညဈေးလေးပါစည်ကားခဲ့သည်။ ထိုညဈေးကလေးတွင် ဘူးသီးကြော်၊ ပဲကပ်ကြော်အပါအဝင် အကြော်စုံဆိုင်ကလေးများ၊ လက်ဖက်ရည်ဆိုင်ကလေးများ၊ အသုပ်မျိုးစုံစတဲ့ ဒေသထွက်ရိုးရာမုန့်မျိုးစုံဆိုင်များ၊ အေလာရဲ့နာမည်ကျော် ငှက်ပျောပေါင်းမုန့်များကိုပါ ပူပူနွေးနွေး စားသုံးနိုင်ကြသည်။

ထိုဈေးကလေးတွင် အဆာပြေစားသုံးနေကြသည့် ကျောင်းသူ၊ ကျောင်းသားများ၊ ကုန်စည်ရောင်းဝယ်သူများ၊ မီးရထားဖြင့် ခရီးသွားကြမည့်သူများကလည်း လက်ဆောင်အဖြစ်ပေးရန်မုန့်မျိုးစုံကိုဝယ်ရင်း စည်ကားခဲ့သည်။ လက်ဖက်ရည်ဆိုင်များတွင်လည်း သီချင်းသံငြိမ့်ငြိမ့်လေးများဖြင့် လက်ဖက်ရည်ဆိုင်ထိုင်တဲ့အရသာကို ခံစားနေကြသူများ၊ မီးရထားဖြင့်ခရီးသွားကြမည့်သူများ၊ ကုန်စည်ပို့ဆောင်သူများကလည်း ဘူတာတွင် ပို့ဆောင်မည့်ပစ္စည်းများကိုအပ်နှံကာ ရထားဆိုက်ရောက်မည့်အချိန်ကို လက်ဖက်ရည်ဆိုင်တွင်ထိုင်ကာ စောင့်ဆိုင်းနေကြရင်းဖြင့် စည်ကားလျက်ရှိသည်။ ဘောလုံးပွဲကြည့်ရှုသူများကလည်း လက်ဖက်ရည် ဆိုင်တွင် ဝင်လိုက်၊ ထွက်လိုက်နှင့်အမြဲမပြတ်။

ခုတော့ ဒီမြင်ကွင်းများဟာ ညီငယ်ပြောသော ပါရာဒိုင်းထဲ ကွယ်ပျောက် ပျက်သုန်းသွားလေပလား။

× × × × ×

*"ကဲ အစ်ကို အိမ်ရောက်ပြီ"*

ရှေးဟောင်းနှောင်းဖြစ်များကို တွေးနေမိသော မိမိအိမ်ရောက်ပြီဆိုသော ညီငယ်ရဲ့ပြောသံကြားမှ သတိဝင်လာမိတော့သည်။ ခရီးဆောင်အိတ်များကို ညီငယ့်အခန်း အတွင်းချ၊ ခြေထောက်လက်ထောက် ဆေးကြော၊ အဝတ်အစားများလဲကာ ညီငယ်ဧည့်ခံသော လက်ဖက်ရည်နှင့်မုန့်များကို စားသောက်ဖြစ်သည်။

*"ဟာ . . . ညီလေး က ငှက်ပျောပေါင်းမုန့်ပါ စီစဉ်ထားတာလား"*

*"ဟုတ်တယ် အစ်ကိုရ။ အစ်ကို့ကို စားစေချင်လို့။ အေလာကို*

*ရောက်ရင် အေလာ ငှက်ပျောပေါင်းမုန့်ကိုစားလိုက်ရမှ ကျေနပ်ကြတယ်ဆိုတာ ကျွန်တော့်ကိုယ်တွေ့ပဲလေအစ်ကိုရ. . .”*

*“အေး. . . အေး. . . ဟုတ်ပါပြီတဲ့ကွာ။ ကိုယ်လည်း အေလာဘူတာဆင်းကတည်းက ငှက်ပျောပေါင်းမုန့်ကို တမ်းတမြင်ယောင်မိနေတာ။ ခုစားလိုက်ရတော့ ညီ့စေတနာကို ကျေးဇူးတင်မိပါတယ်။ ဒါနဲ့ ညီလေး သင်တန်းကျောင်း အခြေအနေကကော”*

*“သင်တန်းကျောင်းက အဆင်ပြေပါတယ်အစ်ကို။ အတိုင်းအတာတစ်ခုထိတော့ အောင်မြင်ပါတယ်။ အေလာဒေသတစ်ဝိုက်မှာတော့ နာမည်ကောင်းတစ်ခုရနေသလို နေပြည်တော် ပျဉ်းမနားဘက်တွေကတောင် လာတက်ကြတဲ့သူတွေရှိတယ် အစ်ကိုရ”* ဟု ညီငယ်က မိမိအတွက် ငှက်ပျောပေါင်းမုန့်များလှီးပေးရင်း ရှင်းပြနေသည်။

× × × × ×

ညီငယ်သည် မိမိနဲ့ဝမ်းကွဲတော်စပ်သူဆိုသော်လည်း သွေးသားအရင်းအချာလိုသံယောဇဉ်တွေ ရှိကြသည်။ စောစောက *“ငှက်ပျောပေါင်းမုန့်လွမ်းတာ ကျွန်တော့်ကိုယ်တွေ့ပဲလေ”* ဆိုသည့် ညီငယ့် စကားက တစ်ချိန်က ညီငယ်သည် မိမိအကူအညီအဆက်သွယ်ကြောင့် မဟာရန်ကုန်မြို့တော်ကြီးမှာ လာရောက်နေထိုင် ရုန်းကန်လှုပ်ရှားဖြတ်သန်းခဲ့သူတစ်ဦးဖြစ်သည်။ ထိုအချိန်က မိမိလည်းရုန်းကန်နေဆဲအချိန်ဖြစ်၍ မိမိအသိဘုန်းကြီးကျောင်းများတွင် ညီငယ်ကိုနေနိုင်ရန်စီစဉ်ပေးခြင်းနှင့် နှုတ်ကူ လက်မ ပြုရုံလောက်သာ ကူညီနိုင်ခဲ့သည်။ သို့ပေမယ့် ညီငယ်ရဲ့ ရိုးသားခြင်း၊ ကြိုးစားခြင်းများကြောင့် လုပ်ငန်းရှင်တစ်ဦးနှင့် တွေ့ကာညီငယ့်ဘဝ ပြောင်းလဲသွားခဲ့သည်။ ကွန်ပျူတာပညာတွေကို လက်တွေ့အသုံးချ လုပ်ကိုင်နေသည့်လုပ်ငန်းကြီးတစ်ခုမှာ ညီငယ်သည် နေရေးစားရေး၊ ပညာရေးများပါ အဆင်ပြေသွားခဲ့သည်။ ထိုလုပ်ငန်းကြီးမှာပင် ညီငယ်၏ ရိုးသားခြင်း၊ ကြိုးစားခြင်းများကြောင့် လုပ်ငန်းကြီးတစ်ခုလုံး၏ လူယုံတစ်ယောက်ဖြစ်ခဲ့သလို သူ့ရဲ့ကြိုးစားမှုနဲ့ ကွန်ပျူတာဆိုင်ရာပညာရပ်များကို အားလုံးတတ်ကျွမ်းအောင်သင်ယူနိုင်ခဲ့သည်။ ရန်ကုန်တွင် ကွန်ပျူတာဆိုင်ရာပညာရပ်များ၊ လုပ်ငန်းအတွေ့အကြုံများကို ငါးနှစ်ကျော်လေ့လာသင်ယူ

သွားပြီးနောက် အေလာသို့ပြန်ကာ စုဆောင်းခဲ့မိသောလစာငွေလေးများဖြင့် Expert Sysrem အမည်ရကွန်ပျူတာသင်တန်းကျောင်းဖွင့်ကာ ယနေ့အချိန်ထိ အောင်မြင်စွာရပ်တည်လျက်ရှိသည်။

တစ်ချိန်က ရန်ကုန်မှာအခက်အခဲပေါင်းစုံများစွာကြားက ကွန်ပျူတာပညာရပ်များကိုလေ့လာသင်ယူခဲ့ပြီး ယနေ့အချိန်ကိုယ်ပိုင် ကွန်ပျူတာသင်တန်းကျောင်းတစ်ခုဖွင့်ကာ အောင်မြင်စွာရပ်တည်နေသော ညီငယ်တစ်ယောက်၏ ကြိုးတက်နေသည့်ပါရာဒိုင်းအသံများကို မိမိဝမ်းသာကြည်နူးမိရင်း မုန့်များစားသောက်ကာ အိပ်ယာဝင်ခဲ့လေသည်။ *မနက်ဖြန် မိမိဇာတိရွာကို ကူးရဦးမည်မဟုတ်ပါလား။*

× × × × ×

“*အေလာက နေပြည်တော်လေဆိပ်နှင့်ကပ်လျက်ဆိုပေမဲ့ လေဆိပ်နောက်ကျောပေးမြို့ဖြစ်နေတာရယ်၊ မြို့ရှောင်လမ်းအသီးသီးကလည်း အေလာကိုရှောင်ကွင်းပြီး ဖြတ်သွားကြတာဆိုတော့ အေလာက တမင်သက်သက်ဘာကူးတကဝင်မှရောက်တဲ့နေရာဖြစ်သွားတယ် အစ်ကိုရ. . .*”ဟု မြင်ကွင်းရှေ့ရှိ မြို့ရှောင်လမ်းမကြီးကိုမေးဆတ်ပြကာ ညီငယ်က လက်ဖက်ရည်တကျိုက်မော့သောက်လိုက်သည်။

မြို့ရှောင်လမ်းမကြီးများသည်ကား (၈) လမ်းသွားအကျယ်ဖြစ်သလို လမ်းများက တော်တော်ကောင်းသည်။ အေလာအရှေ့ဘက်မှဖြတ်သွားသော မြို့ရှောင်လမ်းမကြီးမှတစ်ဆင့် နေပြည်တော်ဘောဂသီရိကားကြီးဝင်း၊ နေပြည်တော်အာဟာရသုခဈေးများဆီသို့ အလွယ်တကူသွားနိုင်သလို တပ်ကုန်း၊ မိတ္ထီလာ၊ တောင်ငူ၊ လယ်ဝေး၊ ပျဉ်းမနား စသည့်နီးစပ်ရာမြို့များသို့လည်း အလွယ်တကူသွားလာနိုင်နေပြီ။ ယခင်ကတော့ အဆိုပါမြို့များသာသွားလာရန်မှာ လမ်းပန်းဆက်သွယ်ရေးတွေက ယခုကဲ့သို့မကောင်းသဖြင့် မီးရထားခရီးတစ်ခုတည်းကိုသာ အားကိုးခဲ့ရသည်။ ယခုတော့ အဆိုပါမြို့များသို့ အေလာမှတစ်နာရီဝန်းကျင်ခန့်ခရီးဆန့်ရုံဖြင့်ပင် ရောက်နိုင်နေပေပြီ။ သို့အတွက် ခရီးသွားလာ၊ ကုန်စည်ပို့ဆောင်၊ ရောင်းချ၊ ဝယ်သူများက အလွယ်တကူသွားရောက်နိုင်သော နေပြည်တော်ဘောဂသီရိကားကြီးဝင်းနှင့် အာဟာရသုခ

စျေးများကိုသာ သွားလာကြတော့သည်။

မိမိဇာတိရွာနှင့် အဆိုပါမြို့ရှောင်လမ်းမကြီးမှာ ၂ မိုင်ကျော်ကျော်ခန့် သာဝေးရာ မြို့ရှောင်လမ်းမကြီးမှ ရွာသို့ မိနစ် (၂၀) ဝန်းကျင်ခန့် ဆိုင်ကယ်စီး၍ရောက်နိုင်သည်။ ခုလည်းရွာကိုပြန်ရင်း အေလာနှင့်မိမိဇာတိရွာ အကြားမှ ဖြတ်သန်းသွားသော မြို့ရှောင်လမ်းမကြီးဘေး လက်ဖက်ရည်ဆိုင်တွင် မိမိအား လိုက်ပို့ သူညီငယ်နှင့်လက်ဖက်ရည်သောက်ကာ စကားပြောဖြစ်နေကြခြင်းဖြစ်သည်။

× × × × ×

*"အစ်ကို့ ရွာအကြောင်းကော ရန်ကုန်ကနေ ဘာတွေကြားလဲ"* ဟု မကြာခင် ဇာတိရွာရောက်တော့မည့်မိမိကို ညီငယ်ကသတင်းစကား ပါးလိုသော အမူအရာဖြင့် မေးလိုက်လေသည်။

*"ထွေထွေထူးထူးတော့ မကြားမိပါဘူးကွာ။ ဒါပေမယ့် မကြာခင်က ရွာမှာ အုပ်ချုပ်ရေးမှူး ထပ်မံရွေးချယ်ပွဲလုပ်ကြတော့ တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်ကြတဲ့ ရပ်မိ ရပ်ဖတွေအချင်းချင်း စကားအချေအတင်များကြကာ မကျေလည်မှုလေးတွေ ဖြစ်ခဲ့ကြတယ်လို့တော့ ကြားမိလိုက်တယ်ကွ"* ဟု မိမိကြားရသလောက် ပြောလိုက်မိသည်။

*"ဟုတ်တယ်အစ်ကိုရေ။ အဲဒီ အုပ်ချုပ်ရေးမှူးထပ်မံရွေးချယ်တဲ့ အဖြစ်အပျက်တွေက ရယ်စရာကောင်းတဲ့ လုပ်ရပ်တွေကြားရသလို ရွာသားတွေ အချင်းချင်းလည်း သူ့မခေါ် ကိုယ့်မခေါ် ဆွေမျိုးအရင်းအချာအချင်းချင်းတွေတောင် မခေါ်မပြောတွေ ဖြစ်ခဲ့ကြတယ်လို့ သိရတယ်ဗျ"* ဟု သူ ကြားသိရသည်များကို ညီငယ်က ပြောလေသည်။

*"အခု အုပ်ချုပ်ရေးမှူးဖြစ်တဲ့သူကရော ရွာကလူပဲမဟုတ်လား"ကွ*

*"ရွာကလူပဲလေ အစ်ကိုရ။ ဒါပေမယ့် အခုထပ်မံရွေးချယ်ခံရတဲ့ အုပ်ချုပ်ရေးမှူးအသစ်က အသက်အရွယ်ကလည်းငယ်၊ အတွေ့အကြုံအရလည်းနည်းလို့ အုပ်ချုပ်ရေးမှူးမဖြစ်သင့်ဘူးလို့ ရွာခံအချို့ကသုံးသပ်ပြီး အပြစ်ပြောနေကြတယ် အစ်ကိုရ"*

*"ဘယ်လိုပဲဖြစ်ဖြစ်လေကွာ လွတ်လပ်စွာနဲ့ အများကဆန္ဒမဲပေးပြီး*

ရွေးချယ်ခဲ့ကြလို့ အုပ်ချုပ်ရေးမှူး ဖြစ်လာပြီကွာ။ အသက်အရွယ်ကြီးတာ၊ ယ်တာက သိပ်မဆိုင်ပါဘူး။ အဓိကက ရပ်ရွာဖွံ့ဖြိုးရေးအတွက် တကယ် အလုပ်လုပ်ပေးနိုင်တဲ့သူဖြစ်ဖို့နဲ့ ရပ်ရွာကိုခေါင်းဆောင်မှုပြုနိုင်တဲ့ အရည်အချင်း ပြည့်ဝဖို့ပဲလိုတယ်လေ။ ပြီးတော့ ဒီလိုလူငယ်တွေ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ဆောင် ယ့်အဖွဲ့အစည်းတွေထဲမှာ ပါလာကြတာဟာ အနာဂတ်အတွက် လက်ဆင့် မ်း တာဝန်ထမ်းဆောင်ကြတာဖြစ်လို့ လက်ခံကြိုဆိုပြီး ရပ်ရွာဖွံ့ဖြိုးတိုးတက် ရေးအတွက် ညီညီညွတ်ညွတ်လက်တွဲဆောင်ရွက်သင့်တာပေါ့”ဟု မိမိ အမြင်ကို ပြောပြမိသည်။

“အစ်ကိုပြောတာက လွယ်တယ်။ ခက်နေတာက ရပ်မိရပ်ဖ လူကြီး အချို့ကြောင့် ရွာမှာ ညီညွတ်မှုတွေ ပျက်စီးနေတယ်။ ဘာလို့လဲဆိုတော့ အချို့ ရပ်မိရပ်ဖတွေက ကိုယ့်လူ သူ့လူ ခွဲခြားဆက်ဆံပြီး ငါစွဲအတ္တတွေ ရှေ့တန်း တင်ဆောင်ရွက်နေမှုတွေ ရှိနေတယ်။ ပိုခက်တာက ရပ်မိ ရပ်ဖတွေ ထဲမှာကိုပဲ အုပ်ချုပ်ရေးမှူးအဟောင်းအဖွဲ့နဲ့ အသစ်အဖွဲ့ဆိုပြီး သဘောထားကွဲပြားမှုတွေ ရှိနေတာ အစ်ကိုရ” ဟု ညီငယ်က ဆိုပြန်လေသည်။

“အဟောင်းက ဟောင်းသွားပြီပဲလေကွာ။ အများက လက်မခံတော့တဲ့ အတွက်အဟောင်းကိုပြစ်ပြီး အသစ်ရွေးချယ်တယ်ဆိုတာကို ရပ်မိရပ်ဖများက နားလည်သင့်တာပေါ့။ အဓိကကအသစ်ဖြစ်လာတဲ့လူနဲ့ ရပ်ရွာအတွက်ဘယ်လို အကျိုးဖြစ်ထွန်းအောင်ဆောင်ရွက်ကြမလဲ။ အဟောင်းအဖွဲ့တွေ အသစ်အဖွဲ့ တွေသွေးကွဲမနေဘဲ ရပ်ရွာအတွက် ညီညီ ညွတ်ညွတ်ပူးပေါင်းဆောင်ရွက်သင့် တာပေါ့။ အသစ်ဖြစ်လာတဲ့ အုပ်ချုပ်ရေးမှူးကလည်း အခိုက်အတန့်ရရှိလာတဲ့ အုပ်ပိုင်ခွင့်တွေကို သမာသမတ်ကျကျနဲ့ ရပ်ရွာဖွံ့ဖြိုးရေးနဲ့ လူထုအပေါ် တရားမျှတအကျိုးရှိရှိ အသုံးချလုပ်ဆောင် သွားမယ်ဆိုရင် တို့ရွာဟာ ပိုပြီးဖွံ့ဖြိုး တိုးတက်လာမှာပဲမဟုတ်လား။ ဒီလိုမဟုတ်ဘဲ သူတစ်လူငါတစ်မင်း၊ အသစ်အဖွဲ့၊ အဟောင်းအဖွဲ့နဲ့ ညီညွတ်မှုတွေ ပျက်ပြားနေမယ်ဆိုရင် ရပ်ရွာ ဖွံ့ဖြိုးတိုး တက်ရေးအတွက် ထိခိုက်နစ်နာတာပေါ့” ဟု မိမိပြောဖြစ်လိုက်သည်။

× × × × ×

“နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကဦးဆောင်ပြီး မြန်မာပြည်ကြီး

*ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ငြိမ်းချမ်းရေးတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိအောင် ကြိုးစားဆောင်ရွက်နေတာကို မင်းလည်းအသိပဲကွာ။ ဒါဟာ တစ်တိုင်းပြည်လုံးနဲ့ဆိုင်တဲ့ တိုင်းရေးပြည်ရာအချင်းအရာမို့ အင်မတန်ကြီးမား ကျယ်ပြန့်တဲ့ ကြိုးပမ်းလုပ်ဆောင်မှုတွေပဲ မဟုတ်လား။ အဲဒီလို လုပ်ဆောင်နေချိန်မှာ တို့ရွာလေးက ညီညွတ်မှုတွေပျက်ပြားနေတာ ကြားသိရတော့ စိတ်ထဲမကောင်းဘူးကွာ။ တို့ရွာလိုပဲ တခြားဒေသ အချို့မှာလည်း အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်အပ်ကြတာနဲ့ပတ်သက်လို့ မပြေလည်မှုတွေ၊ ပဋိပက္ခဖြစ်နေကြတာတွေကို သတင်းစာ၊ ဂျာနယ်တွေကတစ်ဆင့် ကြားသိဖတ်မိနေရတာကလည်း မကောင်းပါဘူးကွာ။*

*ကိုယ့်တစ်ရွာတည်းနေ တစ်ရေတည်းသောက် အိမ်ခြေ ၅၀၀ ကျော်ရှိတဲ့ရွာကလေးတွေမှာ သာရေးမှာမတွေ့ရင် နာရေးမှာတွေ့၊ နာရေးမှာမတွေ့ရင် သာရေးမှာတွေ့။ တစ်နေရာ မဟုတ်တစ်နေရာ တွေ့နိုင်တဲ့အနေအထားမှာ မေတ္တာစိတ်ကိန်းနိုင်ဖို့ အမုန်းတရားတွေ မပွားကြဖို့လိုတယ်။ ဘာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် ရန်စောင်အငြိုး အတေးတွေထားပြီး ညီညွတ်ရေးတွေပျက်ပြားနေမလဲ။ ပြောင်းလဲချိန်တန်ပြီ ဆိုတုန်းကတော့ ညီညွတ်ခဲ့ကြပြီး တကယ်လည်း ပြောင်းကြတော့မယ်ဆိုတော့ မညီညွတ်မှုတွေက ပြဿနာတွေရဲ့ အစတွေဖြစ်လို့ ခက်တော့ခက်သားကွာ"* ဟု မိမိညည်းတွားပြောဆိုရင်း လက်ဖက်ရည်ဖိုးကျသင့်ငွေရှင်းကာ မြို့ရှောင်လမ်းထိပ်မှ မိမိဇာတိရွာသို့ ရိဇာ(ခဲကြမ်း)အကြမ်းခင်းထားသောလမ်းကို ဖြတ်သန်းကာ ဆိုင်ကယ်မောင်းထွက်ခဲ့ကြလေသည်။

ရွာအပြန် ဒေသအခေါ် ရိဇာဟုခေါ်သည့် (ခဲကြမ်း)လမ်းဘေးတစ်ဖက်တစ်ချက်တွင် လယ်ယာစိုက်ကွင်းများ၏ စိမ်းမြမြမြင်ကွင်းနှင့် အေးမြမြလေပြည်လေးများက သာယာလို့နေပေမယ့် မကြာခဏရိဇာ(ခဲကြမ်း)လမ်းရဲ့ ချိုင့်ခွက်ထဲသို့ ဆိုင်ကယ်ဘီးကျရောက်ချိန် ဆောင့်ချက်များကတော့ ဇာတိရွာမှ ကြားသိရတဲ့ညီညွတ်ရေးပျက်ပြားမှု ပါရာဒိုင်းအသံတွေလိုပဲ အောင့်သက်သက်ကြမ်းတမ်းနေဆဲဖြစ်သည်။

ကြမ်းတမ်းခက်ထန်သောလမ်းမကြီးတစ်ခု ပြေပြစ်ချောမွေ့သွားရန် ညီညွတ်စည်းလုံးခြင်းနှင့် အချိန်၊ ကာလ၊ နားလည်မှုများစွာတို့ လိုအပ်မည်ကို

တော့ မည်သူမျှငြင်းဆန်နိုင်လိမ့်မည်မဟုတ်ကြောင်း မိမိစဉ်းစားနေမိပြန်ပါသည်။

ညီညာချောမွေ့သည့် မဟာလမ်းမကြီးများဖြစ်ပေါ်ရန် မညီညာသော အဖုအထစ်များစွာကိုကျော်ဖြတ်ရမည်ဖြစ်ပြီး ညီညွတ်စည်းလုံးသောလူ့အဖွဲ့မှသည် ညီ ညွတ်စည်းလုံးသောနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရန် စိတ်ခွန်အားနှင့်အတူ ရုပ်ခွန်အား၊ ယုံကြည်ချက်၊ နားလည်မှု စသည့်. . . စသည့် . . . နားလည်နိုင်မှုပေါင်းများစွာတို့၏ စိန်ခေါ်မှုအခက်အခဲများစွာကို ဖြေရှင်းနိုင်ရန် မိမိတို့အားလုံးမွေးဖွားရဦးမည် မဟုတ်ပါလား။

အေလာနှင့် ပါရာဒိုင်းများသည်ကား ရွှေ့လျက်. . .။

**ရဲထွန်းနိုင်**

■

" ရှေးရိုးစွဲကြီးမားသည့်အမေကြီးကတော့
စပါးနဂျီအိမ်လေးတစ်ခုရလာပြီဆို အမွေးနံ့သာတွေပက်ဖျန်းပြီး
အလုပ်လုပ်သူတွေ ပိုးမွှားအန္တရာယ်ကင်းဖို့ စပါးအတွက်တိုးဖို့
ဆုတောင်းတတ်သေး၏။ မိုးမလာခင် အပြီးရိတ်သိမ်းနိုင်ဖို့
မနက်ဝေလီဝေလင်းထဲက••• "

# ဆောင်းခိုငှက်တို့ အိမ်ပြန်ချိန်

ကိုဇော်(မလက်တို)

အပင်မြင့်မြင့်မှ တွန်ကျူးနေတတ်သည့် ဥသြသံချိုချိုနွဲ့နွဲ့ကနွေဦး၏ ရှေ့ပြေး နိမိတ်သံဟု ဆိုရမည်ဖြစ်သည်။ နွေနေပူပူအောက် ဖုန်တွေတထောင်း ထောင်းထနေသည့်မြေသားလမ်းတွေက အပူဒဏ်ကိုအလူးအလဲခံနေရကြောင်း သက်သေပြနေ၏။ ရိုးတံကျဲကျဲနှင့် သစ်ပင်ကြီးတွေရဲ့အရောင်အသွေးက ခြောက်ခြောက်။ စိမ်းစိုခြင်းကင်းမဲ့သည့် သစ်ရွက်တွေက ရော်ရွက်ဝါတွေ သီးပြီး ဟိုတစ်စုဒီတစ်စု နေရာယူလျက်။ လေရူးတစ်ချက်အဝှေ့မှာ ရွက်ဝါမြေခ သို့ နွေသရုပ်ကို ဖော်နေကြသည်။ ဘယ်နေရာကြည့်ကြည့် ခြောက်သွေ့နေ ခြင်းက နွေဦး၏သရုပ်အမှန်ပေလော။ ချောင်းရေတွေနည်းလာသည့်အတွက် ရေနည်းငါးလေးတွေအဖို့ နေရာသစ်ကိုရှာရပေဦးတော့မည်။ မြစ်ကမ်းစပ်မှာ သောင်ကြီးတွေထွန်းလို့။ ပေါင်းမိုးပါတံငါ လှေတွေက သောင်စပ်တွေမှာနားခို နေကြ၏။ ယခင်လများကတော့ သောင်စပ်၌ ငှက်မျိုးစုံမြူးတူးပျော်ပါးနေတတ် ကြသည်။ ယခုတော့ ဆောင်းခိုငှက်တချို့က မွေးရပ်ဌာနေကို ပြန်ကြလေပြီ။ စစ်စလီငှက်တစ်ကောင်စ နှစ်ကောင်စက အဖော်မဲ့နေဟန်။ ဧည့်သည်ပြန်တော့ အိမ်ရှင်တို့ လွမ်းကျန်ခဲ့သည်အလား။ ဇင်ယော်ငှက်တစ်အုပ်က တံငါလှေတွေ ကြားဝဲပျံလျက်အစာရှာနေကြသည်။ ဆောင်းခိုငှက်တွေမရှိတော့သည့်နောက်

မြစ်ဆိပ်မှသောင်စပ်သည် သွေ့ခြောက်နေပေ၏။ ကျွန်တော်သည် နွေမှာခရီးတို လေးတွေ မကြာခဏသွားဖြစ်ခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်လေတော့ ရိတ်သိမ်းလက်စစပါးခင်းတွေ၊ လယ်စောင့်တဲတွေ၊ ငါးဖမ်းလက်စ အင်းအိုင် တွေနှင့် မြစ်ထဲမှ တံငါလှေတွေက မြင်ကွင်းထဲကိုရောက်လာမြဖြစ်သည်။ ထိုမြင် ကွင်းများနှင့်နွေရောက်တိုင်းပြန်သွားတတ်ကြသည့် ဆောင်းခိုငှက်တို့၏ပုံရိပ်ကို မြင်လိုက်တိုင်း ငယ်ဘဝအလွမ်းများဆီ စိတ်ကူးရထားလေးဖြင့် အပြေးကလေး ရောက်သွားမိ၏။

ကျွန်တော်တို့ဒေသသည် မြစ်ဝကျွန်းပေါ်ဖြစ်လေတော့ နွေစပါး မိုးစပါး အပြင် ရာသီကုန်သီးနှံတွေလည်း စိုက်ပျိုးကြသည်။ မိုးရာသီတံငါရှာခြင်းက လည်း ဒေသခံတောင်သူတို့၏ အသက်မွေးရာဖြစ်၏။ မိုးအကုန် ဆောင်းရောက် ပြီဆိုကတည်းက မိုးစပါးရိတ်သိမ်းသူတွေ နွေစပါးစိုက်ဖို့ပြင်သူတွေဖြင့် အလုပ် နှင့်လက်မပြတ်ကြတော့ပေ။ သည်ချိန်ရောက်ပြီဆိုလျှင်တော့ လယ်ကြီးသူ လယ် ကြီးသားတချို့ အဆင်ပြေရာ ရွာတွေဆီ ရွှေ့ပြောင်းကြရပြီ။ လယ်ကြီးအရပ်မှာ မိုးစပါးပြီးလျှင် နွေစပါးမရှိတော့သည့်အတွက် အလုပ်အကိုင်ပေါ်များရာရွာတွေ ဆီ ပြောင်းရွှေ့ကြခြင်းဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသထဲမှာ အတူတကွ နေကြ သော်လည်း လယ်ကြီးအရပ်က မိုးစပါးအပြီး နွေစပါးလည်း စိုက်မရ၊ ပဲစိုက်ပြန် တော့လည်းမအောင်မြင်။ သည်အခါ လက်လုပ်လက်စားတို့အဖို့ ရေကြည်ရာ မြက်နုရာ နေရာသစ်ရှာကြရသည်က သဘာဝပင်မဟုတ်လား။ သည်အချိန် ရောက်ပြီဆိုလျှင်တော့ ကျွန်တော်တို့ အမေကြီးခြံထဲမှာ လူနေတဲတွေစုပုံလာပြီ။ ဝါးခြံထဲမှဝါးတွေခုတ်ပြီး တဲတွေထိုးကြ၏။ လယ်တွေများသည်ကတစ်ကြောင်း သည်ဘက်ခေတ်လို လယ်ထွန်စက်တွေရိတ်သိမ်းစက်တွေမရှိလေတော့လုပ်အား ကိုသာ အားထားရရှာ၏။ ဒါ့ကြောင့်ထင်ပါရဲ့ စပါးစိုက်ချိန်ရောက်ပြီဆိုလျှင် ခနောင်ထော်ရွာဘက်က အမေကြီးရဲ့အသိတွေ ရွာကိုရောက် လာကြပြီ။

“မောင်သာမြိုင်တို့မိသားစုက ကန်ထောင့်မှာ တဲထိုး၊ မောင်ကုလားတို့ သား အဖတတွေကတော့ အုန်းခြံထဲမှာနေကြပေါ့”

“မြအောင်တို့က လယ်ထဲမှာသာ တစ်ခါတည်း တဲဆောက်လိုက်။ စပါးသိမ်း ချိန်လည်း လယ်တဲစပါးပုံစောင့်ရမှာဆိုတော့ တစ်ခါတည်း ပြောင်းဆင်းတာပဲ ကောင်းပါတယ်”

ဘယ်သူက ဘယ်နေရာမှာနေ ဆိုတာမျိုးကိုတော့ အမေကြီးကပဲ နေရာချပေးသည်။ အမေကြီးခမျာ နွေနေကပူတော့ အိမ်ပေါ်မှာ မနေနိုင်ရှာပေ။ နွေရောက်ပြီဆိုကတည်းက အိမ်ဘေးမြေကွက်လပ်မှာ ကုလားဖျင်းထိုးပြီး၊ တစ်နေကုန် ကုလားဖျင်းထဲမှာနေတတ်၏။ အိပ်ချိန်လေးတစ်ချက်ပဲ အိမ်ပေါ်တက်အိပ်ကြသည်။ တစ်နွေလုံး သည်ကုလားဖျင်းမှာပဲ ချက်ပြုတ်စားသောက်ကြသည်။ ဧည့်သည်လာတော့လည်း သည်ကုလားဖျင်းမှာပဲ ဧည့်ခံရ၏။ လာသမျှဧည့်သည်ကလည်း အိမ်ပေါ်မတက်ကြ ကိုင်းရွက်မိုး ကြူဖျာခင်းထားသည့် ကုလားဖျင်းကြီးကိုပဲ ဦးတည်ဝင်လာကြသည်။ ကွမ်းအစ်ကြီးတစ်လုံးရှေ့ချ ကွမ်းတမြုံ့မြုံ့ ဝါးနေတတ်သည့်အမေကြီးကိုတော့ မြင်ယောင်မိပါသေးသည်။

ရောက်လာသည့် မိသားစုတွေက ဘဝမျိုးစုံပါလာကြ၏။ ဘကြီးကုလားတို့သားအဖတတွေက ကိုယ်ပိုင်မြေယာမရှိလို့ ရေမြေအသစ်ကိုရှာရသည်။ ဦးလေးသာမြိုင်တို့က ရွာမှာ အရှုံးပေါ်ခဲ့သည့် လယ်ကြွေးကိုဆပ်ဖို့။ ဘလေးမြအောင်တို့မိသားစုက ဖိုးထွေးလေး ကျန်းမာရေးကြောင့် တင်ခဲ့သည့် အကြွေးကို ပြန်ဆပ်ဖို့အတွက် ဖြစ်သည်။ ဖြစ်ရပ်ခြင်း မတူကြသော်လည်း ရည်ရွယ်ချက်ချင်းကတော့ အတူတူပင်ဖြစ်၏။ ရွာကိုရောက်ကတည်းက အေးအေးလူလူ မနေနိုင်ကြတွေ့သမျှ အလုပ်အကုန်လုပ်ကြသည်။ အမေကြီးတို့လယ်ထဲမှာ အလုပ်အားသွားလျှင် အခြားလယ်တွေသွားလုပ်ကြပြီ။ အိုင်တွေပက် ငါးတွေဖမ်းကြ။ ငါးစင်စပ်ငါးသေးသေးလေးကအစ ငါးပိသိပ်ကြသည်။ တချို့ငါးတွေကို နွေစာမိုးစာဆိုသည့် ရည်ရွယ်ချက်ဖြင့် ငါးခြောက်လေးပင် လုပ်ထားလိုက်ကြသေး၏။

"ကျုပ်တို့အရပ်မှာ ငါးကရှားတော့ ပဲကိုဆားနဲ့နပ်ပြီး ငပိလုပ်စားရတာ။ ငါးငပိကို မပြောနဲ့မျှင်ငပိလောက်ဆို အတော်ဟုတ်နေပါပြီ ကြီးတော်ရာ"

ငါးရှာ ဖားရှာ ဝါသနာပါတတ်သည့် သူတို့မိသားစုတွေကြောင့် အမေကြီးတို့ အိမ်မှာဟင်းစားတွေဖောသီနေပြီ။ လယ်ကွက်ကလေးတွေလည်း မကြာခဏစားရ၏။ ဒင်ကြီး၊ စစ်စလီ၊ ဗျိုင်း၊ ရေကြက်မတွေလည်းရသည်။ သူတို့ဟင်းစားအတွက် လုံလောက်ပြီဆိုလျှင်တော့ အခြားအိမ်တွေကို ရောင်းပေးတတ်ကြ၏။ လယ်ကြီးသားတွေ ဖြစ်သည့်အတွက် ပျင်းပျင်းရိရိ မနေတတ်ကြ။ အုန်းလက်ခြောက်တွေ တစ်လက်ကျတစ်လက်ကောက်တတ်သည့် ဒေါ်ချိုတုတ်ကြောင့် အုန်းခြံကြီးထဲမှာလည်း အတော်လေးရှင်းသွားခဲ့ပြီ။ ကျွန်တော်တို့ ကလေးတစ်စု

လည်း ကျောင်းပိတ်ရက် ရောက်သည်နှင့်အုန်းခြံထဲ လွတ်လွတ်လပ်လပ်ကစား ကြရ၏။ ကစားလို့ မောသွားပြီဆို ခြံထဲကတဲတွေဆီ အလည်သွားကြသည်။ သူတို့ခမျာ နေ့ခင်းနေ့လည် မအိပ်နိုင်ကြ။ တချို့ကငှက်ထောင်ဖို့ ကိုင်းတံလုပ်နေကြသည်။ တချို့ကကြွက်ထောင်ဖို့ ကြွက်ထောင်ခြောက်တွေ ပြင်နေတတ်သည်။ ဟိုအရင်က အမေကြီးတို့ အိမ်အနောက်ဘက်မှာ ဆီးချဉ်သီးပင်ကြီးတစ်ပင်ရှိသည်။ အလုပ်တွေ အားသွားပြီဆိုလျှင်တော့ ဖိုးလေးကုလားနှင့်ဖိုးသာအောင်တို့က ကျွန်တော်တို့ကလေးတစ်စုကို ဆီးသီးတွေ အုန်းသီးတွေ ခူးကျွေးကြသည်။ ဒေါ်လေးချိုတုတ်က သရက်သီးတွေကို ဆေးသကြားနှင့် သုပ်ကျွေးတတ်သေး၏။ ကျောင်းမတက်တတ်သေးသည့်အရွယ် သူတို့ကလေးတွေနှင့်ကျွန်တော်တို့ အုန်းခြံကြီးထဲမှာ ဆူညံအောင်ကစားတတ်ကြပြန်သည်။ စပါးရိတ်ချိန်တွေရောက်ပြီဆိုလျှင်တော့ ကလေးတွေကိုတဲစောင့်ထားပြီး လူကြီးတွေက လယ်ထဲဆင်းကြသည်။ သည်ချိန်ရောက်ပြီဆို လှည်းစီးရမည်ဆိုသည်က တစ်ကြောင်း၊ ကောက်ညှင်းပေါင်းတွေ ဖောဖောသီသီ စားရတော့မည်ဆိုသည့် အတွေးဖြင့် ကျွန်တော်တို့မှာ ပျော်ခဲ့ရသည်။ စပါးစရိတ်မည့်မနက်ဆို အမေကြီးကလယ်ထဲက ပုန်းမကြည်မကို တင်မြှောက်သည့်အနေဖြင့် ကောက်ညှင်းပေါင်းနှင့်ငါးရံ့ခြောက်ကျွေးသည်။ လယ်ထဲက ရလာသည့် နဂျီအိမ်ဖွဲ့ထားသော စပါးနှံကိုတော့ စပါးကျည်၏ တိုင်ထိပ်မှာ ချိတ်ဆွဲထားတတ်၏။

"နဂျီအိမ်ဖွဲ့တယ်ဆိုတာ နည်းတာမှတ်လို့ ဒီနှစ်လယ်ရှင်းတွေ စပါးပိုပိုသာသာ ရမယ်ဆိုတဲ့သဘော၊ ဆန်ရေစပါးပေါများမယ့် လက္ခဏာပေါ့ ငါ့မြေးရယ်"

ရှေးရိုးစွဲကြီးမားသည့် အမေကြီးကတော့ စပါးနဂျီအိမ်လေးတစ်ခုရလာပြီဆို အမွှေးနံ့သာတွေပက်ဖျန်းပြီး အလုပ်လုပ်သူတွေ ပိုးမွှားအန္တရာယ်ကင်းဖို့ စပါးအတွက်တိုးဖို့ ဆုတောင်းတတ်သေး၏။ မိုးမလာခင် အပြီးရိတ်သိမ်းနိုင်ဖို့ မနက်ဝေလီဝေလင်းထဲက လယ်ထဲကို ဆင်းသွားကြပြီ။ နှင်းတွေထူပိတ်အောင် ကျနေသည့်ကြား လင်းရောင်လေး မပေးခင်ထဲက လယ်ထဲရောက်နေကြသည်။ ညကဟင်းအကျန်လေးတွေပြန်နွှေးပြီး ငှက်ပျောဖက်နှင့်ထုပ် ရေနွေးအိုးလေးတစ်လုံးနှင့် တစ်နေကုန်လုပ်ငန်းခွင်ဝင်ကြ၏။ စပါးဆယ်လှိုင်းကို တစ်လှိုင်းရဖို့ မနားတမ်းရိတ်နေကြသည်။

နွေရောက်ပြီဆို လယ်ထဲမှာ စပါးရိတ်သူ၊ ကောက်လှိုင်းသယ်သူ၊ စပါးနယ်

သူတွေနှင့် ပျော်စရာကောင်းလှပေ၏။ တချို့က နေ့ဘက်တင်မက ညဘက်ပါ မီးချောင်းထွန်းပြီး စပါးရိတ်တတ်သေးသည်။ ပိုလျှံလေးမလားဆိုသည့် အတွေးဖြင့်။ နေ့ရောညပါ မနားတမ်းအလုပ် လုပ်ကြသည့်အတွက် အမေကြီးက သာကူတွေကျိုတိုက်သည်။ မကျည်းဖျော်ရည်တွေ ဖျော်တိုက်သည်။ ရိတ်ပြီးသား စပါးတွေကို တလင်းထဲထည့်ပြီး စပါးနယ်သူကနယ်ကြသည်။ ကျွန်တော်တို့ကလေးတစ်စုလည်း ညအခါ ကြည်လင်တောက်ပသည့် လရောင်အောက် တလင်းထဲလှည်းနှင့်စပါးနယ်စဉ် လှည်းလိုက်စီးကြပြန်၏။ ညဘက်ဆို တော်တော်နှင့်မအိပ်ကြ ကောက်ရိုးပုံတွေပေါ် ဆော့ကစားရင်း ပျော်နေခဲ့ကြသည်။ တစ်ခါတလေ ဖိုးလေးကုလားတို့ လယ်ကွက်ထိုးက ပြန်အလာကိုစောင့်ပြီး ကွက်သားဟင်းချက်စားခဲ့ကြသည်ကို ဘယ်သောအခါမှ မေ့ပျောက်၍ရမည်မဟုတ်ပေ။ ဤသည်မှာ နွေဦး၏ကျေးလက်ပုံပြင်ဟုဆိုလေမလား။ ယခုတော့ ဤဓလေ့ကို ပျောက်ကွယ်လုပြီ။

မိုးရိပ်ကလေး သန်းလာပြီဆိုလျှင်တော့ လယ်ကြီးသားတို့အိမ်ပြန်ဖို့ပြင်ကြသည်။ တချို့လည်း စားစားသောက်သောက်နှင့် သိပ်မကျန်ကြ။ မုန်းချက်နှင့်နှမ်းထွက်ကိုက်ဖို့ပင် မနည်းရှုန်းကန်ခဲ့ရလေ၏။ တဲလေးတွေ ဖျက်ကြပြီ။ တစ်ဆောင်းနွေစုဆောင်းထားသမျှ ငါးပိငါးခြောက်လေးတွေ ထုပ်ကြ။ အဆင်ပြေသူတွေကလည်း မိုးတွင်းစာအတွက် စပါးတွေ အိမ်ပြန်သယ်သွားသည်။ အကြွေးဆပ်စရာရှိသူတွေက ကောက်ရိပ်လို့ရထားသည့် စပါးလေးတွေ ထုခွဲရောင်းချသွားသည်။ လုပ်ကိုင်ရင်း ယူစားထားသည့် ဈေးဖိုးအကြွေးလေးတွေ ပြေးဆပ်ကြ၏။ သယ်စရာပစ္စည်းတွေ လှည်းပေါ်တင်ကြပြီ။ သူတို့ပြန်ကြမည်ဆိုတော့ ကျွန်တော်တို့မှာ လွမ်းရပြီ။ ဆောင်းတစ်လီ နွေတစ်လှည့် အတူနေခဲ့ရသည်မို့ ခင်မင်မှုသံယောဇဉ်တွေက ဖျောက်မရ။ အဘိုးနှင့်အမေကြီးကို လာကန်တော့ကြတော့ သူတို့မျက်ဝန်းမှာ မျက်ရည်တွေစို့လို့။

“ဘေးမသီရန်မခ၊ ကြံတိုင်းအောင်လို့ဆောင်တိုင်းမြောက်ကြပါစေ၊ စီးပွားသာဘ်လာဘတွေ ဒီရေအလား တိုးတက်ကြပါစေကွယ်”

ကျွန်တော်လည်း အပြည့်အစုံမမှတ်မိတော့။ ကန်တော့နေစဉ် အဘိုးနှင့်အမေကြီးက ဆုတွေတသီတတန်းကြီးပေးနေ၏။ တစ်ဆောင်းတစ်နွေအတူနေသာကြသောကြောင့် တုန့်လှည့်မေတ္တာဖြင့် သံယောဇဉ်ရှိဟန်တူသည်။ အမေ

ကြီးလည်း အသံတွေတုန် မျက်ရည်တွေဝိုင်းလို့။ အဘိုးကတော့ ယောကျ်ားကြီးပီပီ မာန်တင်းထားပုံရ၏။ မသိကျိုးကျွန်ပြုလျက်။ ပေးသည်ဆုနှင့်ပြည့်ပါစေဟု နှုတ်ဖျားက ဆုတောင်းနေကြသော်လည်း ရင်ထဲက ဖြစ်မလာနိုင်မှန်းသိနေကြသည်။ ဒီရေအလား တိုးတက်ဖို့နေနေသာသာ ပုံမှန်စားသောက်နိုင်ဖို့ပင် အတော်လေးရုန်းကန်ခဲ့ရသည်။ ရွာပြန်ရောက်လျှင် အလုပ်နှင့်လက်မပြတ်ဖို့ မိုးစပါးအတွက် အခုကတည်းက အလုပ်ကိုကြိုစပ်ထားနှင့်ပြီ။ လှည်းပေါ်မှာ ပစ္စည်းတွေစုံတော့ အားလုံးကိုနှုတ်ဆက်ပြီး လှည်းပေါ်တက်ကြ၏။ သူတို့ပြန်တော့ ကျွန်တော်တို့ရဲ့ ကစားဖော်ကစားဖက် ဒေါ်လေးချိုတုတ်ရဲ့သား ဖိုးထွေးတို့ ဖိုးပုတို့ကလည်း မျက်ရည်လေးတွေ စမ်းတန်းတန်းနှင့်။ ကစားဖော်တွေကို ခွဲချင်ပုံမပေါ်။ မြေပိုင်ယာပိုင်မရှိကြသည့် ဘဝတွေများ အတော်လေးသနားစရာကောင်းသည်။ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းရင်းဖြင့် ဘဝကိုဖြတ်သန်းကြရ၏။ သည်ဘက်ခေတ်လို လယ်ယာသုံးပစ္စည်းတွေ ပေါ်ပေါက်လာချိန် လယ်သူရင်းငှားတို့ဘဝမည်သို့ အသက်မွေးကြမည်နည်း။ လယ်အလုပ်ကိုမြတ်နိုးစွာ လုပ်ကိုင်ခဲ့ကြသည့် အဘိုးနှင့်အမေကြီးလည်းမရှိတော့ပေ။

နွေရာသီရောက်လို့ ဆောင်းခိုငှက်တွေ ပြန်သွားကြတိုင်း တစ်ခါက မိုးစပါးသိမ်းပြီး နွေစပါးစိုက်ချိန် ရွာကိုရောက်လာတတ်သည့် လယ်သူရင်းငှား မိသားစုတွေရဲ့ပုံရိပ်က ကျွန်တော့်အတွေးထဲရောက်လာမြဲဖြစ်၏။

***ကိုဇော်(မလက်တို)***

***(Faces (မှ၁) မဂ္ဂဇင်း၊ ဇွန်လ၊ ၂၀၁၈ ခုနှစ်)***

***ဆောင်းခိုငှက်တို့ အိမ်ပြန်ချိန်***

■

“ လောကအကြောင်း သူကောင်းကောင်းနားမလည်ခဲ့။
သို့သော် သစ္စာတရားအပေါ် အခိုင်အမာကျောက်ချရပ်နိုင်ခဲ့သည်။
သူစဉ်းစားမိသည်မှာ လူအတော်များများသည် သစ္စာတရားကို
အလေးမထားကြခြင်းဖြစ်သည်။ သစ္စာတရားသည်
ခံဘက်ကသာများ··· ”

# အထည်ကြီးပျက်အဆောက်အအုံ

**ညေမိုးဝေ**

သူစဉ်းစားနေသည်ကား သူစဉ်းစားမရသောအကြောင်းဖြစ်သည်။ သူဦးနှောက်သည် လူစဉ်မမီခဲ့။ သူနှလုံးသားသည်ကား သစ္စာတရားကို လက်ကိုင်ထားသည်။ သို့သော် သူဖမ်းဆုပ်မရသောအရာသည် သစ္စာတရားပင်ဖြစ်နေလေသည်။ လောကသည် နားမလည်စရာများနှင့်ဖွဲ့စည်းထားခြင်းလား။ ဒါမှမဟုတ် လောကသည် သူ့ကိုနားမလည်နိုင်ခြင်းလား။ သို့တည်းမဟုတ် သူကပဲလောကကြီးကို နားမလည်နိုင်ခြင်းလား။ အတွေးများက သို့လော၊ သို့လော။ သည်လိုနှင့် တောင်တွေး၊ မြောက်တွေး၊ တောင်ပြေး၊ မြောက်ပြေး။ အချိန်နှင့်အမျှရသလောက် အစာကောက်ဖို့ အသက်ကိုရှာကြံစုဆောင်းနေရသည်။ ဘဝကို ကြံဖန်ပြီးထုပ်ပိုးနေရသည်။ လူအားလုံးနှင့် လူ့ပတ်ဝန်းကျင်တွင်သူသည် ဝန်ထုပ်ဝန်ပိုးဖြစ်နေသလိုပင်။ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ဖြစ်သမျှ အကြောင်းတွေ့ရာလမ်းစောင်းမှာ စတည်းချရသည်။ ကြုံသလိုနေ၊ ကြုံသလိုအိပ်ပြီး နေရာမရွေး၊ အချိန်အခါမရွေးလောကဓံနှင့် စိန်ခေါ် သတ်ပုတ်ခွင့်ရခဲ့သည်။ စိတ်မပျော်ပေမယ့် အတိတ်ကပြန်ခေါ် ခွင့်ရှိခဲ့သည်မဟုတ်။ လွမ်းစရာကိုဖြေဖို့ နာစရာကမရှိ၊ ဘဝကကျေးဇူးတရားတွေ ပြည့်နှက်နေလေသည်။ ကျေးဇူးရှိသူကို ကျေးဇူးဆပ်ခွင့်မရှိသောဘဝကို အစာငတ်ခံပြီး ဒဏ်တပ်ခံလိုက်ရသောနေ့တွေက

မနည်းတော့။

မည်သူကမျှ သူ့ဘဝကို နားလည်မှုမပေးခဲ့။ ခိုကိုးရာမဲ့နေခဲ့သည်။ ပတ်ဝန်းကျင်က သူ့အပေါ် မသိကျိုးကျွံပြုကြသည်။ တရားမဝင်စွန့်ကျဲပေးကမ်းသော အစာအတွက်ကိုပင် ကျေးဇူးတရားကို သူကမေ့ချင်ယောင်ဆောင်၍မရခဲ့။ အန္တရာယ်မြင်သည်နှင့်ခေါင်းထောင်ပြီး ထိုးဟောင်ပေးရသည်။ ဒါကိုတောင် ကျေးဇူးရှင်များက အသိအမှတ်မပြုယောင်ဆောင်ပြီး မောင်းနှင်ထုတ်ကြသည်။ သူ့မျက်နှာဘယ်မှာထားရမည်မသိ။ သူ့စကားသံကို သူမှတစ်ပါး အခြားကြားနိုင်မည်သူမရှိပေ။ သူ့မျက်နှာငယ်နှင့်အမြဲနေရသည်။ ထိုအခါမျိုးတွင် သူသွားရမည့်လမ်းမှာ သူ့ခြေထောက်တွေ မပါသလိုခံစားနေရသည်။ ခြေဦးတည်ရာသွားနေရသောစိတ်နှင့် ခြေဦးမပါသောခရီးတစ်သားတည်း မကျခဲ့ပေ။ သူ့နောက်ကြောင်းပြန်ငေးကြည့်တော့ ခြေရာတွေအထပ်ထပ်နှင့်။

တစ်ခါတစ်ရံ သူ့ဘဝကို သူ့စိတ်နာလေသည်။ ဝမ်းနည်းစိတ်နှင့်မျက်ရည်က တလိမ့်လိမ့်စီးလာသည်။ ဖေးကူမည့်သူအလျှဉ်းမရှိ။ ဆင်းရဲဒုက္ခက မိုင်ကုန်နီးပါးပြေးနေသည်။ သူ့တတ်နိုင်သလောက်အပြေးလိုက်နေရသည်။ ဘဝအမောတွေက အကြိမ်ကြိမ်ဖောက်လို့။ သူ့အကြောင်းသူ လေးလေးနက်နက်စဉ်းစားနေမိသည်။ တကယ်တော့ သူသည် အထည်ကြီးပျက်သွားသော လမ်းဘေးခွေးတစ်ကောင်ဖြစ်လေသည်။ သူ့သခင်တွေ ဘယ်ရောက်သွားသည်သူမသိခဲ့။ သူတစ်ကောင်တည်းကျန်ခဲ့သည့်နေ့က သူ့သောက ငယ်ထိပ်တက်စောင့်ခဲ့သည်။ သူ့သခင်များသွားလေ့ရှိသည့်နေရာများကို သူအနံ့လိုက်ရှာခဲ့သည်။ ရှာမတွေ့ခဲ့။ သူ့စိတ်အကြီးအကျယ်ပျက်ရသည်။ သူ့သခင်များကိုလွမ်းရသည်။ သူ့သခင်များအိမ်ပြန်လာမည့်အချိန်ကို မျှော်ရသည်။ ပိတ်ထားသောခြံတံခါး၊ အိမ်တံခါးများကို ပွင့်လာမည်လားဟူသော မျှော်လင့်ချက်နှင့်သူ့မျက်လုံး၊ သူ့စိတ်အားလုံးကို အမြဲဖွင့်ပြီး အမြဲနားစွင့်နေမိသည်။ သို့သော် သူ့မျှော်လင့်ချက်က အိပ်မက်မျှသာ။ သူကတော့ ဘဝပျက်ရှာခဲ့ပြီ။

သူစဉ်းစားမရသည်မှာ သူ့သခင်များ ဘာကြောင့် သူ့ကိုထားသွားကြတာလဲ။ အပြန်ပြန်အလှန်လှန်စဉ်းစားရသည်။ အဖြေမရှိ။ ဝမ်းနည်းခြင်းအတိသာဖြစ်ခဲ့သည်။ သူ့သခင်များ၏အသံ၊ သခင်များ၏ဟန်နှင့်သခင်များ၏ ကိုယ်ရနံ့ကိုသူခြေရာခံကြည့်သည်။ သူ့သင်္ကေတများက အလကားသာဖြစ်ခဲ့လေသည်။

စိတ်ပျက်ခြင်းများသာ ခြေရာဖမ်းမိသည်။ သခင်ပျောက်တွေကား ပေါ်မလာတော့ပေ။ ပိုင်ရှင်မဲ့ ခွေးတစ်ကောင်၏ဘဝသည် နေစရာဧရိယာများအလိုလို ကျုံ့ဝင်သွားသလိုပင်။ ကြုံရာနေရာကို ကျူးပြီး၊ ခြေသလုံးအိမ်တိုင်ဘဝတည် ဆောက်လိုက်ရသည်။ လမ်းပေါ်မှာပဲ သူ့ဘဝသောင်တင်နေရသည်။ အသိအမှတ်မပြုသော ဆက်ဆံရေးများနှင့်သာနိစ္စမူဝ သူကြုံတွေ့ခဲ့ရလေသည်။

ပိုင်ရှင်ရှိခွေးများကိုကြည့်ပြီး သူ့ဘဝအတွက် ယူကြုံးမရဖြစ်ခဲ့ရသည်။ ထိုအခါမျိုးတွင် သူ့သခင်များကို အပြေးသတိရတမ်းတမိသည်။ ပိုင်ရှင်ရှိခွေးများက သူနှင့်တွေးလျှင် အပေါ်စီးကဆက်ဆံကြသည်။ ပိုင်ရှင်များကလည်း သူတို့ခွေးဘက်မှအမြဲပါတတ်ကြသည်။ ဘယ်လမ်းကိုသွားသွား၊ ခွေးတိုးပေါက်ကသွားနေရသည်။ လုံခြုံစိတ်ချစွာမသွားရပေ။ သခင်အားကိုးပြီး ရဲရဲဝံ့ဝံ့မနေရဲတော့ပေ။ သူ့အားနည်းချက်က သူ့မျက်နှာပေါ်တွင် အမြဲပေါ်လွင်နေသည်။ သူ့မှာအားကိုးအားရာမဲ့သလို ခံစားရတိုင်း သူ့အမြီးကလေးကို ကုပ်ပြနေရသည်။ လမ်းပေါ်တွေ့သမျှလူများကို အမြီးနှံ့ပြီးမိတ်ဖွဲ့နေရသည်။ သူအားကိုးရှာနေရသည်။ မည်သူကမျှ အဖတ်မလုပ်ကြ။ သူ့ကိုမောင်းထုတ်ကြသည်။ လူ့အများက သူ့ကိုခွေးပေါ်အဖြစ် သတ်မှတ်လိုက်ကြသည်။ သူ့ဘဝဘယ်တော့များမှ အဖတ်ဆယ်၍ရတော့မည်လဲဟုတွေးကာ ဝမ်းနည်းမျက်ရည်ကျရပြန်လေသည်။

တစ်လုပ်စားဖူး သူ့ကျေးဇူးရှိသူများကို ကျေးဇူးဆပ်ရန်အတွက် သူ့အသိစိတ်ဖြင့်စောင့်ရှောက်ပေးသည်။ သို့သော် လူတွေကား စိတ်မှန်သူက နည်းလေသလားဟု သူတွေးနေမိသည်။ အလိုကျလျှင် ဥပဒေသတစ်မျိုးထုတ်သည်။ အလိုမကျလျှင် ဥပဒေကတစ်မျိုးထုတ်ကြသည်။ ထမင်းရှင်အိမ်သို့ သူစိမ်းလာလျှင် သူက အသိပေးခြင်းဖြင့် ထိုးဟောင်မိလေသည်။ သို့သော် ထမင်းရှင်တို့က သူတို့လိုလျှင်ဟောင်ခွင့်ပေးပြီး၊ သူတို့မလိုလျှင် ဟောင်ခွင့်ကိုပိတ်ပင်ကြသည်။ အပြစ်တင်ကြိမ်းမောင်းကြသည်။ သူသည်လူတွေ၏ စိတ်ကိုခန့်မှန်းရခက်လာသည်။ တစ်ခါတစ်ရံ သူ့ဘဝကို သူမကျေမချမ်းဖြစ်ရသည်။ တစ်ခါတလေတော့ ရှုံချင်စိတ်ပေါက်လာရသည်။ နောက်တော့ သူသည် လူမနေသောအိမ်ခြံထဲတွင် ယာယီနေထိုင်ဖို့ဆုံးဖြတ်လိုက်သည်။ ဝမ်းရေးအတွက် တစ်နေကုန်အစာရှာထွက်ရသည်။ အဆင်ပြေသည့်နေ့လည်း အဆင်ပြေသလို၊ အဆင်မပြေသည့်နေ့တွေတွင်လည်း အနာတရအပြည့်၊ ဗိုက်ဟောင်းလောင်းနှင့်အိပ်

တန်းပြန်ရလေသည်။

တစ်နေ့တွင် သူ့နေထိုင်ရာအိမ်သို့ အိမ်ငှားနေသူများရောက်လာသည်။ သူကတော့ အိမ်ရှင်တွေပဲဟု သတ်မှတ်ထားလေသည်။ သူပြန်၍ ကံကောင်းလာ၍လားမသိ။ အိမ်ရှင်ဇနီးမောင်နှံကသဘောကောင်း၊ စေတနာကောင်းလှ သူပျော်နေမိသည်။ ထိုဇနီးမောင်နှံသည် အစပိုင်းတွင် သူ့အားသတိမထားမိကြ။ နောက်ပိုင်းတွင် အိမ်၏လှေခါးဝတွင် အိပ်တတ်သော သူ့အားသတိပြုမိကြလေသည်။ ထိုဇနီးမောင်နှံက သူ့အတွက် အစားအစာဖန်တီးပေးကြသည်။ ကံတရားကိုပင်ကျေးဇူးတင်ရမလား။ သူစိတ်ထဲသခင်အသစ်ရပြီးဟူသော အတွေးဖြင့် သူပျော်နေမိသည်။ ကျေးဇူးရှင်ကို ကျေးဇူးပြန်ဆပ်ရမည်ဟူသော အသိတရားက သူ့အသိစိတ်အားအမြဲတပ်လှန့်နေလေသည်။ တစ်ပြိုင်တည်းမှာပင် သူသည် ထိုဇနီးမောင်နှံ၏လုံခြုံရေးကိုအထူးကြပ်မတ်ဆောင်ရွက်ပေးလေသည်။ သူ့သခင်ဟု သဘောထားကာ သခင်သွားရာလိုက်၍ စောင့်ရှောက်ပေးသည်။ သခင်အလုပ်သွား၊ အလုပ်ပြန်အကြိုအပို့လုပ်ပေးသည်။ သခင်မဈေးသွားလျှင် လိုက်ပို့ပေးသည်။ ဈေးပြန်လျှင်ကြိုပေးလေသည်။ ဤသို့ဖြင့် သူ့ဘဝထဲပျော်ရွှင်စရာများပြန်လာခဲ့လေသည်။

သူ့အပျော်ဘာနဲ့မျှမလဲနိုင်တော့ပေ။ ခွေးဖြစ်ရတဲ့ဘဝ ယခုမှပဲ ပျော်ရတော့သည်။ သူ့ဘက်ကတာဝန်ကျေအောင် သူ့ဝတ္တရားကို အပျက်မခံပေ။ သူ့သခင်နေမကောင်း၍ အန်နေလျှင်ပင် သူ့သခင်၏ကျောကို သူ့လက်နှင့်နှိပ်နယ်ပေးမိသည်။ သူ့ကျေးဇူးရှင်တွေမဟုတ်ပါလား။ သည်လိုနှင့်လကိုရက်စားပြီး အချိန်တွေနှစ်သို့ကူးပြောင်းခဲ့သည်။ တစ်နေ့တော့ သူ့သခင်ဖြစ်သူတွေမျက်နှာမကောင်း၊ သူ့ခေါင်းကလေးအား ပုတ်ပြီးစကားပြောနေကြောင်းပဲသိခဲ့သည်။ တကယ်တော့ သူ့သခင်များအိမ်ပြောင်းရမည်အကြောင်း သူစိုးစဉ်းမျှ နားမလည်ခဲ့ပေ။ သည်လိုနှင့်သခင်အသစ်များက သူ့ကိုပစ်ထားခဲ့ကြပြန်လေသည်။ သူ့ဘဝမည်မျှအထိဆိုးနေဦးမည်မသိပေ။ သူ့မျက်နှာမကြည့်ချင်လောက်အောင် စိတ်ပျက်ရပြန်သည်။

လမ်းဘေးခွေးတစ်ကောင်ဘဝ သူပြန်ရခဲ့ပြန်သည်။ သူသည် မည်သည့်ခွေးအဖွဲ့အစည်း၊ လူ့အဖွဲ့အစည်းနှင့်မျှ အစေးမကပ်တော့ပေ။ သစ္စာတရားသည် ခွေးတစ်ကောင်နှင့်လားလားမျှ မထိုက်တန်သည့်အလား၊ ခွေး ဖြစ်ရ

သည်ကအမှားပဲလေ။ ကူညီမည့်သူကား ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမျှ မရှိ တော့ပါလားဟု စဉ်းစားကာ သူ့အသဲနှလုံးများမာကျောလာခဲ့လေသည်။ သည် လိုနှင့် သူ့ဘဝကို သူအမာခံယူပြီး မည်သူကိုမျှ သူအလေးမထားတော့။ သူနေ ချင်သလိုနေသွားမည်ဟု ဆုံးဖြတ်လိုက်သည်။ ကိုယ့်ဝမ်း၊ ကိုယ်ကျောင်းပြီး ကိုယ့် ခေါင်းမရှေ့ဖို့ သူကြိုးစားလာသည်။ သူအလေးအနက်ထားသော သစ္စာတရား က သူ့ကိုအမြဲချနင်းနေသည်ဟု ခံစားနေရသည်။ ခွေးတစ်ကောင်ရဲ့လောကခံ ကို ခါးစည်းခံဖို့ သူအသင့်ပြင်လိုက်သည်။

တစ်ရက်တွင် သူ့သခင်ဇနီးမောင်နှံက သူ့ကိုလာခေါ်သည်။ သူက ဘာမျှ မသက်ဆိုင်သည့်အတိုင်း ကျောခိုင်းနေလိုက်သည်။ သည်တစ်ခါတော့ သူအနိုင် ရပြီဟု သူ့စိတ်ထဲကြုံးဝါးလိုက်သည်။ သို့သော် သူမျက်ရည်အလိမ်းလိမ်းကျလာ သည်ကို သူသတိပြုမိသည်။ မတတ်နိုင်ဘူးလေ။ သံယောဇဉ်ကအနှောင် အဖွဲ့ အဖြစ်ခံစားချက်စစ်တလင်းကို ခံစစ်အသွင်ပဲပြောင်းပေးတတ်သည်မဟုတ် လား။ အရာအားလုံးကို မေ့ပစ်လိုက်ခြင်းသာ ပေါ့ပေါ့ပါးပါးဖြစ်သွားမည်ဟု ဆုံး ဖြတ်ချက်ချလိုက်သည်။ သို့သော် သူ့ရင်ထဲမကောင်း။ ဖြစ်သမျှအကြောင်းပဲလို့ သာ သူလက်ခံထားလိုက်သည်။ သစ္စာတရားကလမ်းကြောင်းမှမဖြောင့်တာကို။

လောကအကြောင်း သူကောင်းကောင်းနားမလည်ခဲ့။ သို့သော် သစ္စာတရား အပေါ် အခိုင်အမာကျောက်ချရပ်နိုင်ခဲ့သည်။ သူစဉ်းစားမိသည်မှာ လူအတော် များများသည် သစ္စာတရားကိုအလေးမထားကြခြင်းဖြစ်သည်။ သစ္စာတရားသည် ခံဘက်ကသာများသည်။ အပြန်အလှန်သက်ရောက်မှုမရှိသလောက် နည်းပါး လာလေသည်။ ပို၍အံ့ဩစရာကောင်းသည်မှာ သစ္စာတရားနှင့်သစ္စာခံသူသည် ခွေးတစ်ကောင်လိုပင် အလေးမမူခံရခြင်းဖြစ်လေသည်။ တိရစ္ဆာန်တစ်ကောင် သည် လူ့အဖွဲ့အစည်းကို သစ္စာထား၍ မိတ်ဖွဲ့သလောက် လူ့အဖွဲ့အစည်းက သစ္စာတရားကို ဆက်သွယ်မှုပြင်ပရောက်အောင် မောင်းထုတ်နေသည်ဟု မြင် လာမိသည်။ သစ္စာတရားမထွန်းကားရာအရပတိုင်းတွင် ချစ်ခြင်းမေတ္တာများ ခမ်းခြောက်နေဦးမည်ဟု သူတစ်ထစ်ချယုံကြည်လိုက်တော့သည်။

**ညီမိုးဝေ**

■

"စေတနာ" ဆိုသည့် မြန်မာစာသင်ခန်းစာတစ်ပုဒ်ထဲက
နောက်မျိုးဆက်အတွက် သရက်ပင်စိုက်ပေးခဲ့သည့်
အဘိုးအိုကိုလေးစားကြည်ညိုနေမိသည်။ ရယူခြင်းသက်သက်မှုသာ
မဟုတ်ဘဲ ပေးဆပ်ခြင်းဖြင့်ရှင်သန်နေထိုင်ခဲ့ပုံလေးက ကျွန်တော်တို့
အတုယူဖို့ကောင်း...

# မိသားစုတိုင်းပြည်

**ကိုကိုလင်း(အမေ့အိမ်)**

## (၁)

အခုချိန်မှာသေချာပြန်တွေးမိတော့ အဖေနှင့်အမေကိုနှလုံးသား၏အနက်ရှိုင်းဆုံးနေရာဆီက ကျေးဇူးတင်နေမိပါသည်။ မိဘနှင့်သားသမီးပဲအထွေအထူးကျေးဇူးတင်စရာမလိုပါဘူးလို့ ပြောကြပေလိမ့်မည်။ ဟုတ်ပါသည်။ သို့သော်အဘက်ဘက်က မွန်းကြပ်လာသည့်ယနေ့ခေတ်ကြီးမှာ မိသားစုတစ်စုကသားသမီးဘယ်နှယောက်ယူတတ်ကြပါသလဲ။ တချို့ကတစ်ယောက်၊ တချို့ကနှစ်ယောက်၊ မိသားစုသိုက်သိုက်ဝန်းဝန်းရှိလိုသူတို့ သုံးယောက်၊ လေးယောက်ပါ။ ဈေးတွက်တွက်ပြီး သားသမီးယူနေကြသည့်ခေတ်ပဲမဟုတ်လား။ ကျန်းမာရေးအသိနည်းသည်ဟုပဲဆိုဆို ကျွန်တော့်မိဘတွေကတော့ သားသမီးခုနစ်ယောက်တောင် ယူခဲ့ပါသည်။ မိသားစုတွင် အငယ်ဆုံးဖြစ်သည့်ကျွန်တော့်မှာ မိဘတွေကိုပို၍ ကျေးဇူးတင်ရပါ၏။ သူတို့သာ ဈေးတွက်ဖြင့်သားသမီးယူခဲ့လျှင်။

သားသမီးခုနစ်ယောက်ဖြင့် ကျွန်တော်တို့မိသားစုလေးသည် အတော်သာယာကြည်နူးဖို့ကောင်းခဲ့၏။ ပြန်တွေးမိတိုင်း ကြည်နူးမှုအငွေ့အသက်က ခုထိခံစားမိနေဆဲ။ ဆောင်းဦးပေါက်ကာလလေးကို ပိုလို့သတိတရရှိနေမိသည်။ ကျွန်တော့်အထက်က အစ်ကိုအစ်မတွေလည်း ပြန်သတိရနေမိမှာပါ။ မနက်စောစောနေလုံးကြီးမထွက်မီ ကျွန်တော်တို့အိမ်မှာ စည်ကားနေ၏။

*"ကျွန်မကို ငါးကြင်း ၃ ပိဿာ။ ကျွန်မကို ငါးဒန် ၂ ပိဿာပေးပါ မငွေး"*

စသဖြင့် ခေါင်း ရွက်ဈေးသည်များ၏ အသံတွေက ညံစီလို့။ မီးပုံလေး၏ အနွေးဓာတ်ဖြင့် အအေးဒဏ်ကို အံတုရင်း အဖေနှင့်အမေတို့သည် ကျွန်တော်တို့ကို အေးချမ်း စွာ အိပ်စက်နိုင်အောင် ကြိုးစားခဲ့ကြ၏။ အမေက ချိန်ခွင်ကိုင်၊ အဖေက စာရင်းမှတ်ပေါ့။ ခေါင်းရွက်သည်တွေကို ငါးချိန်ပေးပြီးရင် နေလုံးကြီးက အရှေ့အရပ်မှ ထွက်ပြူစပြုပြီ။

*"ဟော့ကောင်တွေ ထကြ။ ပဲကတ္တီပါမြှုတ် သုပ်ထားတယ်။ ထမင်းကြော်နဲ့။ ထကြတော့ဟေ့"*

ဟူသော အဖေ့နှိုးစက်သံကြားမှ ကျွန်တော်တို့တွေ ထကြရသည်။ မီးပုံလေးနဘေးမှာ စကားတွေဟိုပြောသည်ပြောဖြင့် ထမင်းပန်းကန်ကိုယ်စီဖြင့် မနက်စာ စားခဲ့ကြသည်။

ဩော် မနက်ခင်းက ကျေးငှက်တို့ သာယာညွတ်ပြောင်းသော တေးဆိုသံများဖြင့် သက်ဝင်လှုပ်ရှားလို့။

အမှတ်ရနေမိသေးတော့သည်။ အဖေက ရန်ကုန်က မြို့ငါးတွေကို လော်ကယ်ရထား (ကုန်ရထား)ဖြင့် သယ်ယူလာသည်။ အမေက တောငါးတွေကို လက်ခံဝယ်ယူသည်။ ပြောရရင် အသေးစား ငါးဒိုင်တစ်ခုပေါ့။ အဖေပြန်လာရင် ငုံးဥစားရမည်ဆိုတာ သိနေတတ်သည့် အငယ်ဆုံးဖြစ်သည့် ကျွန်တော်တို့ ညီအစ်ကိုက အဖေပြန်အလာကို ဘူတာရုံလေးက စောင့်မျှော်နေတတ်ပြီ။ လွယ်အိတ်လေးကို ကြိုးသိုင်းလွယ်၊ ပုဆိုးတိုတို၊ စစ်အကျီလက်ရှည်ဝတ်ထား သည့် အဖေ့အသွင်ကို ယခုတိုင်မြင်ယောင်နေမိတော့သည်။

× × × × ×

## (၂)

မိဘစုံညီရှိစဉ်ကတော့ အငယ်ဆုံးဖြစ်ရတာကို ကျေနပ်မိပါသည်။ အမေ အဖေကလည်း အလိုလိုက်၏။ အကြီးတွေကလည်း အကြိုက်ဆောင်အလျှော့ ပေး၏။ ကျွန်တော်ဟာ ထိုအချိန်က အိမ်၏ဗိုလ်ကြီးပေါ့။ ဗိုလ်ကျစိုးမိုးတာကို ပြောတာပါ။ မိသားစုဝင်များတော့ မုန့်ခွဲတမ်းကျဝေပေးရင်တောင် ကျွန်တော် က သူများတစ်ခုဆို ကိုယ်ကနှစ်ခုရမှ ကျေနပ်တာ။

*"အိမ်မှာအငယ်ဆုံးတွေက လက်တွေ့လောကထဲရောက်ရင်*

*လူတွေနဲ့ပေါင်းရသင်းရ ခက်နေတတ်တယ်။ သူက အိမ်မှာဗိုလ်လေကွာ”*

ဆိုသည့် ကျွန်တော့်ဆရာတစ်ဦး ပြောဖူးတာလေး သတိရမိသည်။

၂၀၀၄ ခုနှစ်မှာ ရုတ်တရက် အဖေဆုံးပါးသွားခဲ့သည်။ လေဖြတ်တုန်းက အဖေပြောဖူးတာလေး ပြေးသတိရမိသည်။

*“ခုလေဖြတ်တာက အဝါကတ်ပြ ခံရတာ။ နောက်ဘယ်တော့ အနီကတ်ပြခံရပြီး အထုတ်ခံရမလဲမသိဘူး”*

ရယ်ကာမောကာဖြင့် အဖေ ပြောခဲ့သည်။ သူပြောခဲ့သလိုပဲ မိသားစုထဲက သူ အထုတ်ခံလိုက်ရသည်။ လေပြန်တော့ ကံဇာတ်ဆရာက အနီကတ်ဖြင့် လူ့ လောကထဲက ထုတ်လိုက်သည်။ သို့သော် ကျွန်တော့်နှလုံးသားထဲမှာတော့ အဖေဟာ ထာဝရသက်ရှိ ကဗျာတစ်ပုဒ်ပမာ။ ရှင်သန်နေဆဲ။ အသက်ဝင်နေဆဲ။

အဖေဆုံးသွားတော့ စည်းချက်ညီညီရပ်တည်နေခဲ့သော မိသားစုလေးက ယိမ်းယိုင်လာခဲ့သည်။ ခေါင်းရွက်ဈေးသည်တွေက လင်မရှိ မုဆိုးမတစ်ယောက်ကို ဆန့်ကျင်လာကြပြီ။ ခေါက်ပြန်ကြွေးတွေ မပေးတော့ပြီ။ သနားသဖြင့် ညှာတာခဲ့သည့်မျက်နှာကို မထောက်တော့ပြီ။ အကြွေးတွေမဆပ်တော့ပြီ။

“တံခွန် မရှိတဲ့ဘုရား။ လင်မရှိတဲ့မိန်းမ မတင့်တယ်ဘူး”ဆိုသည့် စကားက အမေ့အတွက်များ ဖြစ်နေမလားမသိ။ ယခင်က “မဒွေး မဒွေး”ဖြင့် တသသခေါ်ခဲ့သည့်လူတွေက ကွယ်ရာမှာအတင်းတွေပြော။ အကြွေးကို မျက်နှာပြောင်တိုက်ပြီး မပေးစကားဆိုကြပြီ။ အဖေမရှိတော့မှ အမေ့ခမျာသားသမီးတွေ အရေးတစ်ဦးတည်း ကျိတ်ပြီးပူတွေးခဲ့ရှာပေမည်။ အမေ အိပ်မရသည့်ညပေါင်း မည်မျှရှိခဲ့လေမည်နည်း။

အဖေဆုံးတော့ ကျွန်တော်က လူမမယ်။ ရှစ်တန်းကျောင်းသားအရွယ်ပေါ့။ ဘာသိဦးမလဲ လောကအကြောင်း၊ လူ့အကြောင်း။ ယခင်က ကိုယ့်အဝတ်တောင် ကိုယ်မလျှော်ခဲ့ရတာ။ ထမင်းဟင်းဆိုတာ အဖေချက်တာမြင်ဖူးရုံမျှသာ။ လောကကြီးက ဆန်းကြယ်လွန်းလှ၏။ ရွှေဘုံရွှေနန်းဖြင့် စံမြန်းခဲ့ရာမှ ချက်ချင်း မြေဘုံမြေနန်းသို့ လျှောကျသက်ဆင်းခဲ့ရပြီ။ အားငယ်ခဲ့ရသည့် အဖမဲ့ ရေနည်းငါးဘဝနေ့ရက်များ။

အကြီးဆုံးအစ်ကိုနှစ်ယောက်က အိမ်ထောင်တွေကျပြီးပြီ။ သူ့အိုးသူ့အိမ်တွေဖြစ်နေကြပြီ။ အဖေဆုံးတော့ တက္ကသိုလ်ပညာ တစ်ပိုင်းတစ်စကျန်ခဲ့သည့်

အကြီးနှစ်ယောက်။ ရှစ်တန်းကျောင်းသားနှစ်ယောက်တို့၏အရေးက အမေ တစ်ဦးတည်း ခေါင်းပေါ်ပုံကျလာခဲ့တော့သည်။ တီးတိုးတိုင်ပင်စရာအဖေမရှိ တော့သည့်နေ့ရက်တွေက အမေ့အတွက် ကန္တာရနေ့ရက်များသာဖြစ်ခဲ့ပေမည်။ တက္ကသိုလ်တက်နေသည့် သားလုပ်သူက စာမေးပွဲတွေအကြိမ်ကြိမ်ကျ။ မိခင် ကြီး၏ အတန်းပညာ အားနည်းခဲ့သည်ကို အခွင့်ကောင်းယူပြီး ငွေကို တောင်း ကောင်းကောင်းဖြင့် အားမနာဘဲတောင်းခဲ့၏။ အမေလေ သိပ်အံ့ဩဖို့ကောင်း ၏သားတောင်းသမျှ မရရအောင်ပို့ပေးခဲ့၏။ သူများတွေက "နင့်သားကျောင်း မှာ ဖဲတွေရိုက်တယ် သတင်းကြားတယ်နော်" လို့ပြောလည်း အမေနားမယုံခဲ့။ နောက်ဆုံးတော့ နေ့ပြန်တိုးတွေ မပေးနိုင်တော့သည့် အမေ့ခမျာ နေပြည်တော် သို့ ပြောင်းရွှေ့သွားခဲ့ရသည်အထိပဲ။ ထိုစဉ်က နေပြည်တော် စတည်ကာစ။ ငါးဒိုင်ဖွင့်ခဲ့သည့်အမေ ဈေးဆိုင်ခန်းကျဉ်းလေးတစ်ခုမှာ ကုန် ခြောက်ကလေး တွေ ရောင်းခဲ့ရရှာသည်။ ကိုယ့်ရပ်ကိုယ့်မြေမှာအိမ်ဝိုင်းအကျယ်ကြီးဖြင့်နေလာ သည့် အမေနေပြည်တော်၏လူသူမနီးသည့်တောထဲမှာတဲကလေးဖြင့် နေခဲ့ ရသည်။ နောက်ဖေးသွားဖို့ အိမ်သာဆိုတာဝေးရော။ သို့ပေမဲ့ သားနှင့်သမီး ကတော့ ဘွဲ့ရကျောင်းပြီးသွားရှာလေ၏။

သားသမီးခုနစ်ယောက်မှာ အကြီးဆုံးအစ်မကြီးမှလွဲ၍ ကျန်သူများသည် ဆယ်တန်းအထိ အနိမ့်ဆုံးရောက်ရှိခဲ့ကြ၏။ အစ်မကြီးအောက်က အစ်ကိုက ဆယ်တန်းနှစ်ခါကျ။ နောက်အစ်ကိုက ဘွဲ့ရ။ နောက်အစ်ကိုကဘွဲ့ရ။ နောက်အစ်မလေးက ဘွဲ့ရ။ နောက်အစ်ကိုက ဆယ်တန်းနှစ်ခါကျ။ ကျွန်တော် က. . ။ အဖေက ခုနစ်တန်းအောင်။ အမေက နှစ်တန်းအောင်သည့်မိဘနှစ်ပါး မှ ဆင်းသက်လာသည့် သားသမီးတွေက သူတို့ထက် ပညာတွေမြင့်သွားကြ သည်။ သည့်အတွက် အမေ လူစုံလျှင် ထုတ်ဖော်ဂုဏ်ယူနေတတ်သည်။ အမေ ဂုဏ်ယူစရာလည်းဖြစ်ခဲ့သည်ဆိုပါတော့။

× × × × ×

(၃)

*"သက်ကိုထွေး နင့်မှာ အကျႌရှိလား"*

ဆယ်တန်းတုန်းက ဆရာမဒေါ်မြင့်မြင့်ထွေး၏ အမေးစကား။ ခုထိ မမေ့ သေးပေ။ တိုင်းအဆင့် ထူးချွန်ဖြေမည့် ကျွန်တော့်မှာ အကျႌအသစ်လေးတွေရှိ

လားလို့ မေးတာကို ကျွန်တော်က လက်ရှိဝတ်ထားသည့် အင်္ကျီကိုကိုင်ပြကာ "ရှိတယ်လေဆရာမ ဒီမှာ"လို့ ပြန်ဖြေခဲ့သည်။ အင်္ကျီလေးနှစ်ထည်ဖြင့် ဆယ်တန်းကို ဖြတ်ကျော်ခဲ့၏။ မီးပူဆိုတာ မကြားဖူးခဲ့။ (ထိုအချိန်တုန်းက မီးကမမှန်။ မီးလာရင် ဝမ်းသာရ၏။ သို့သော် လာပြန်ရင်လည်း ခရမ်းချဉ်းသီးလောက်ပဲ အလင်းရောင်ရသည်။ သို့နှင့် ပညာခေတ်ကို အမှောင်ထဲက စိန်ခေါ်ခဲ့ဖူးသည်။) အင်္ကျီတွေက ရေသည်ယောကျ်ားအင်္ကျီနှင့် နင်လားငါလား။ ဖားဥတွေဗရပွဖြင့်။ နောက်တော့ အစ်မကြီးက အင်္ကျီအဖြူအသစ်လေး ချုပ်ပေးရှာသည်။ (ပြန်တွေးတိုင်း အမေ့ပါဘူး အစ်မကြီးရယ်။ အစ်မကြီးရှိနေခဲ့လို့ ကျွန်တော်ပညာဆက်သင်နိုင်ခဲ့တာပါ။) တိုင်းအဆင့်မှာ ဓာတုဗေဒပထမ။ မြို့နယ်အဆင့်မှာ ဓာတုဗေဒပထမ။ ရူပဗေဒပထမ။ မြို့နယ်အဆင့် အိုလံပစ်သင်္ချာ ဒုတိယရခဲ့တာတွေကိုကောပေါ့။ အသပြာမရှိသည့် ကျွန်တော့်အတွက် ဆရာတွေ၏ဖြူစင်သော မေတ္တာစေတနာတွေက ရေနည်းငါးတစ်ကောင်အတွက် ဘဝအားမာန်တွေ ဖြစ်စေခဲ့သည်။

နှင်းတွေ စွတ်စိုသည့်ညတွေမှာ မြို့လယ်ကောင် ကျောက်ဖျာကြီးမှာ စပါးပုံစောင့်ပြီး ဖယောင်းတိုင်မီးလေးဖြင့် စာကျက်ခဲ့ရတာတွေက ယနေ့တိုင်မမေ့နိုင်သော နှလုံးသားထဲက ဆောင်းညများသာဖြစ်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲကြီးမဖြေမီ အမေ့ဆီ လူကြုံဖြင့်ပါးလိုက်သည့် စာမေးပွဲအဆောင် ပိတ်အဝါလေးကလည်း စာမေးပွဲခန်းထဲ ယူခွင့်မရခဲ့သော်လည်း အမေ့မေတ္တာကြောင့်ကျွန်တော် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ရသည်။ သြော် ဘဝမုန်တိုင်းတွေကြားက ခက်ခက်ခဲခဲ ရုန်းထွက်လာခဲ့ရသည့် နေ့ရက်များက ကျွန်တော့်အစွမ်းအစကို ပိုလို့တိုးတက်စေခဲ့လေသည်။

× × × × ×

## (၄)

"စေတနာ"ဆိုသည့် မြန်မာစာသင်ခန်းစာတစ်ပုဒ်ထဲက နောက်မျိုးဆက်အတွက် သရက်ပင်စိုက်ပေးခဲ့သည့် အဘိုးအိုကို လေးစားကြည်ညိုနေမိသည်။ ရယူခြင်းသက်သက်မျှသာမဟုတ်ဘဲ ပေးဆပ်ခြင်းဖြင့် ရှင်သန်နေထိုင်ခဲ့ပုံလေးက ကျွန်တော်တို့ အတုယူဖို့ကောင်း၏။ မိဘတွေ စီးပွားရေးကောင်းတုန်းက အကြီးတွေက လက်ဖြန့်ရယူခဲ့ကြသည့် ကျွန်တော့်မိသားစု၊ ကျွန်တော်တို့ လူလား

မြောက်ချိန်မှာ ဘာမှရစရာမရှိတော့သည့် ကျွန်တော့်မိသားစု၊ လူ့ဘဝကို အစေ ရောက်ခဲ့သည့်သူတို့က မိဘရှိတာမှန်သမျှ သုံးစွဲပစ်လိုက်တာ တရားပါသလား။ နောင်မျိုးဆက်အငယ်တွေအတွက် စားသုံးစရာချန်ထားပေးဖို့ မလိုဘူးလား။ အဖူးအညွှန့်တွေကို လောကထဲ စောရောက်ခဲ့သူတို့က အခန့်သားခူးဆွတ်စား သောက်ရုံမက အကိုင်းအခက်တွေပါ ချိုးဖျက်ခဲ့သည့်အတွက် ကျွန်တော်တို့ မျိုးဆက်သစ်များ မျက်နှာငယ်ခဲ့ရ၏။ ရယူခြင်းနောက်က ပေးဆပ်ခြင်းလိုက်ပါမှ လောကသည် သာယာလှပနိုင်ပေမည်ဖြစ်ပါသည်။

မိသားစုဆိုတာ စည်းလုံးမှုပြယုဂ် ဖြစ်သင့်ပါသည်။ ချစ်ခင်မှု၊ နားလည်မှု၊ စာနာသနားမှု၊ သည်းခံမှုတို့ဖြင့် လောကဓံစစ်ပွဲကို အားလုံးပါဝင်ဆင်နွှဲကြရ ပေမည်။ တကယ်တော့ မိသားစုဆိုတာ တိုင်းပြည်တစ်ခုသာ ဖြစ်ပါသည်။ မိသားစုတိုင်းပြည်၏ သယံဇာတပိုင်ဆိုင်မှုတွေကို လူ့လောကသို့ အစောရောက် လာသူတို့က ကိုယ့်အတွက်တစ်ခုသာ အပိုင်စီးသုံးဖြုန်းလိုက်ခြင်းသည် အနာဂတ်မျိုးဆက်အပေါ် ငဲ့ညှာမှုကင်းမဲ့ခြင်းဖြစ်ပါသည်။ ရှေ့ဆောင်ဖြစ်သော အကြီးများက အကြီးပီသမှသာ နောက်က အငယ်မျိုးဆက်သစ်များကလည်း အမွေကောင်းများကို ရရှိကြမည်ဖြစ်ပါ၏။

***ကိုကိုလင်း(အမေ့အိမ်)***

■

ကျွန်တော်နေသော လူ့လောကနှင့် တိရစ္ဆာန်လောကမတူပေ။
တိရစ္ဆာန်လောကမှာမရှိသောဥပဒေ လူ့လောကမှာရှိသည်။
လူတို့သည် ဥပဒေများကို လူ့အဖွဲ့အစည်းအတွင်းမှာ
တရားမှု၊ မတရားမှုများဖြစ်ပေါ်ရင်း တီထွင်ဖန်တီးလာကြသည်။
ဥပဒေတွင်လည်း တရားမှုတသော...

# သိင်္ဂီရတေးနှင့် တောနက်ကြီးဝါဒ

ချမ်းငြိမ်းနိုင်

ကျွန်တော်နံနက်စောစော အိပ်ရာထသည်နှင့် မျက်နှာသစ်ပြီး ခြံထဲခဏလမ်းလျှောက်သည်။ တစ်ခါတလေ နေကြောင့်မညှိုးခင် လန်းဆန်းနေသော ကုမုဒြာတွေကို တွေ့ရသည်။ စကြာပန်းတွေက တော့ အတော်ပွင့်နေကြသည်။ မြေပေါ်မှာလည်း ကြွေကျနေသည်။ အရိုးပြိုင်းပြိုင်းထနေသော ခံပင်ကိုလည်း ကြည့်ရသည်။ ဆန်မွှေးရွက် ပင်တွေကတော့အတော်များနေသည်။ သေသွားပြီးဟုထင်ရသော မာလကာချဉ်သီးပင်မှာအရွက်နုလေးတွေထွက်လာ၍ ဝမ်းသာရ သည်။ အိမ်ခေါင်းရင်းထောင့်က ခတ္တာပန်းပင်ကလည်း ကြီးထွားနေသည်။ စိန်တလုံးပင်ကလည်း လောင်းရိပ်အောက်ကထိုးထွက်နေသည်။ မနက်တိုင်း ခြံထဲကအပင်တွေကိုကြည့်ပြီး စိတ်ကျေနပ်ရသည်။

***"လေချိုအေးသန့်၊ စံပယ်နံ့၍***
***သင်းပျံ့လှိုင်စွာ၊ အဘယာဝယ်***
***တဝါတမိုးခိုချင်ပြီ"***

ဆရာမနုယဉ်၏ ယာခင်းသာကလေးသည် အပင်မျိုးစုံလှသည်။ အလွန်လည်းသာယာလှသည်။ ကျွန်တော့်၏ခြံလေးသည် ယာသမားအဘ၏ ယာလေး

ယောက် မသာယာပေမယ့် ကြွက်လည်းကြွက်အထွာလောက်တော့ သာယာပါသည်။ ကျွန်တော့်ခြံလေး၏စိမ်းလန်းစိုပြေမှုသည် ကျွန်တော့်ကို အေးမြစေပါသည်။

ခြံတစ်ပတ်ကြည့်ပြီးလျှင် ကျွန်တော်လုပ်နေကျ အလုပ်တစ်ခုရှိ သည်။ စာကလေးတွေကို အစာကျွေးခြင်းပင်ဖြစ်သည်။ သူတို့ရောက် နေကြပြီဖြစ်သည်။ ခံပင်ပေါ်တွင် ဆူညံနေကြသည်။ တချို့လည်း အိမ်ပေါက်ဝသို့ ရောက်နေကြသည်။ တချို့လည်း ငါးကန်ဘောင်ပေါ် နားထိ လာနားပြီး အသံစုံပေးနေသည်။ သူတို့အဆာလာတောင်းနေ ကြပြီဖြစ်သည်။ မနက်တိုင်း ဆန်များကြဲပက်ကျွေးနေ၍ သူတို့သိနေကြပြီဖြစ်သည်။ နောက်ကျနေလျှင် အစာတောင်းတတ်နေကြပြီဖြစ် သည်။

ကျွန်တော်သူတို့အတွက် ဆန်ကိုကြဲပက်ပေးလိုက်သည်။ စာ ကလေးအကောင် ၂၀၊ ၃၀ လောက်ရောက်လာကြသည်။ ကျွန်တော် မနက်ခင်းတိုင်းကို ထိုဒါနလေးဖြင့် စတင်အောင်အကျင့်လုပ်နေရသည်။ ပြီးတော့ ကျွန်တော်သူတို့ကို ငေးကြည့်နေမိသည်။ ကြောက်လန့်နေသည့် စာကလေးများကတော့ သုံးလေးခါအစာကောက်လိုက် အပင်ပေါ်ပျံတက်လိုက်လုပ်နေကြသည်။

ကျွန်တော် သူတို့ကို ထိတ်လန့်မှုမရှိဘဲ စားသောက်စေချင်သည်။ သို့သော် သူတို့မှာ ဗုံးကြဲလေယာဉ်အသံကို နားစွင့်နေရသလိုပင် အသံလေးနည်းနည်းကြားလိုက် ဝုန်းခနဲထပျံလိုက်။ အရိပ်အခြေကြည့်ပြီး ပြန်ဆင်းအစာကောက်လိုက် လုပ်နေကြသည်။ ကျွန်တော် “ခဲမှန်ဖူးသော စာသူငယ်”ဆိုတာကို သွားသတိရမိသည်။ မိမိ၏ အသက်အိုးအိမ်အတွက် ထိတ်လန့်နေရသည်။ သူတို့ကတိရစ္ဆာန် ပေကိုးဟု တွေးမိလိုက်သည်။

စာကလေးများ အစာကောက်နေသည်ကို ငေးကြည့်နေတုန်း ဇရက်နှစ်ကောင်ရောက်လာသည်။ စာကလေးများကို အနိုင်ကျင့်၍ အစာလုစားနေကြသည်။ ကျွန်တော် မကျေမနပ်ဖြစ်သွားသည်။ ဒါအနိုင်ကျင့်မှုပင်ဖြစ်သည်။ မတရားမှုပင်။ သို့သော် ကျွန်တော် မမောင်းမိသေးပါ။ စာကလေးများကအလျှော့မပေးဘဲ လွတ်သည့်နေရာတွင် ခုန်ပျံပြီး စားသောက်နေကြ၍ဖြစ်သည်။ ကျွန်တော်မောင်း လိုက်လျှင် သူတို့ပါ လန့်သွားပေတော့မည်။ ဒါကြောင့် အနိုင်ကျင့်မှု ကို မြင်တွေ့နေရပေမဲ့လည်း ကျွန်တော်မကျေမနပ်ဖြင့် ဆက်ကြည့်

နေရသည်။

ဟော ကျီးကန်းနှစ်ကောင်ရောက်လာပြန်သည်။ တစ်ကောင်တွင် လည်ပင်း၌ အဖြူရစ်ပါသည်ကို တွေ့လိုက်ရသည်။ သူတို့လည်း ဇရက်များနှင့် စာကလေးများကို ထိုးဆိတ်၍ အစာလုစားနေကြပြန် သည်။ နံနက်စောစောမှာ မြင်နေရသော အစာလုပွဲဖြစ်နေသည်။ တိရစ္ဆာန်လောကသည် ကြီးနိုင်ငယ်ညှဉ်းဖြစ်နေသည်။ အားကြီးသူက အားငယ်သူကို အနိုင်ကျင့်နေကြသည်။ သူတို့မှာ ယဉ်ကျေးမှုမရှိ။ ကိုယ်ချင်းစာစိတ်မရှိ။ တရားသည် မတရားသည်မသိ။ မိမိအတွက်သာကြည့်ပေတော့သည်။ စာကလေးကို ဇရက်က အနိုင်ကျင့်သည်။ ဇရက်ကို ကျီးကန်းက အနိုင်ပြန်ကျင့်သည်။ တကယ်လို့ သူတို့မှာသာ ဥပဒေရှိလျှင် ခုလို သူတို့အနိုင်ကျင့်ခံရမည်မဟုတ်ပေ။

ကျွန်တော်နေသော လူ့လောကနှင့် တိရစ္ဆာန်လောကမတူပေ။ တိရစ္ဆာန်လောကမှာမရှိသော ဥပဒေလူ့လောကမှာရှိသည်။ လူတို့ သည် ဥပဒေများကို လူ့အဖွဲ့အစည်းအတွင်းမှာ တရားမှု၊ မတရားမှု များဖြစ်ပေါ်ရင်း တီထွင်ဖန်တီးလာကြသည်။ ဥပဒေတွင်လည်း တရား မျှတသော ဥပဒေနှင့်တရားမမျှတသော ဥပဒေတို့ရှိကြသည်။ တရားမျှတမှု မရှိလျှင်တော့ ဥပဒေမခေါ်ထိုက်ပေ။ ကြီးနိုင်ငယ်ညှဉ်း တိရစ္ဆာန်လောက အမူအကျင့်ပင်ဖြစ်သည်။ လူ့အဖွဲ့အစည်းက လက်ခံယူပြီး ကျင့်သုံးလျှင် ဥပဒေဖြစ်နေသည်။

ကျွန်တော်ငယ်ငယ်က ခရေပန်းကောက်သည်ကို မှတ်မိပါသေးသည်။ ကျွန်တော်တို့ ညနေရောက်လျှင် ရွာလယ်ရွာမရှိ ခရေပင်ကြီး အောက်ရောက်ကြတော့သည်။ စကောလားတွေ ကိုယ်စီကိုယ်စီဖြင့် ခရေပင်ကြီးအောက်တွင် နေရာယူကြသည်။ ခရေပန်းကောက်သူတွေများနေ၍ အပွင့်မားခရေပင်အောက်တွင် မရှိကြတော့ပေ။ ခရေပန်း ကောက်သူ အားလုံးနီးပါး အပင်ပေါ်သို့ မော့ကြည့်နေကြသည်။ ခရေပန်းတစ်ပွင့် ဝေ့လည်ဝေ့လည်ဖြင့် ကြွေကျလာသည်နှင့်တစ်ပြိုင်နက် စကောကိုယ်စီဖြင့် လုခံကြတော့သည်။ တစ်ယောက် စကော တစ်ယောက်တိုက်မိရင်း ကောက်ထားသော ပန်းတွေထွက်ကျလာသည်။ ရန်တွေဖြစ်ကြသည်မှာ ခဏခဏပင်ဖြစ်သည်။

နောက်တော့ ကျွန်တော်တို့ ပန်းကောက်သူတွေ နားလည်မှုဖြင့် ဥပဒေ ထုတ်ကြတော့သည်။ ခရေပန်းပင်ကြီးအောက်မှာ ပန်းကောက်သူတွေ ဦးရေ

အလိုက် ညီတူညီမျှ စည်းထားကြသည်။ သူ့စည်း ကိုယ့်စည်းခွဲကြသည်။ ဘိုးဘွားပိုင်မြေကို ညီအစ်ကိုမောင်နှမတွေ အညီအမျှ ခွဲဝေနေသလိုပင်ဖြစ်နေသည်။ သူ့စည်းထဲကြွေကျလျှင် သူ ကောက်၍၊ ကိုယ်စည်းထဲ ကြွေကျလျှင် ကိုယ်ကောက်ရုံပင်ဖြစ်သည်။ ကျွန်တော်တို့အချင်းချင်း သဘောတူညီစွာ ထုတ်ထားသော ဥပဒေကြောင့် ကျွန်တော်တို့ငြိမ်းချမ်းရသည်။ ပန်းလုကောက်စရာမလိုတော့ပေ။ ရန်ဖြစ်စရာလည်းမလိုတော့ပေ။

'ငါ့အားဖုံးလွှမ်းထားသော လက္ကယ်သန်းခေါင်
ဤမိုက်မှောင်တွင်းမှနေ၍ အနိုင်မခံအရှုံးမပေးတတ်သော
ငါ၏စိတ်ကို ဖန်ဆင်းသည့် နတ်သိကြားတို့အား
ငါကျေးဇူးဆိုပါ၏"

## ဟင်နလေ

တစ်ခါတလေမှာ ကျွန်တော်တို့လူ့လောကတွင် ဥပဒေမဲ့စွာကြီးနိုင်ငယ်ညှဉ်းသဘော တိရစ္ဆာန်လောက အပြုအမူတွေကို တွေ့ကြုံခံစားရသည်။ မတရားမှုကို တွန်းလှန်လိုသောစိတ်၊ အနိုင်မခံလိုသော စိတ်တို့ကဖြစ်ပေါ်လာသည်။ ဝီလျံအားနက်ဟင်နလေ၏ အနိုင်မခံကဗျာလေးကို သဘောကျပြီး မကြာမကြာနှုတ်လုံးသွင်းနေမိသည်။

ကျွန်တော်တို့နေသော လူ့လောကသည် တိရစ္ဆာန်လောကနှင့် ကွဲအောင် ဥပဒေစိုးမိုးမှုရှိရပေမည်။ ဥပဒေသည် တရားမျှတရမည်။ ဥပဒေကို လူတိုင်းလေးစားလိုက်နာရမည်။ ဥပဒေသည် အားကြီးသူ၏ အနိုင်ကျင့်မှုကို အကာအကွယ်ပေးနိုင်ရမည်။ သို့မှသာ ကျွန်တော်တို့ လူ့လောကသည် တိရစ္ဆာန်လောကနှင့် ကွဲပြားမည်ဖြစ်သည်။ အကယ်၍ အားကြီးသူတို့၏ အနိုင်ကျင့်မှုကို ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေများက အကာအကွယ်မပေးနိုင်ပါက ဥပဒေဟူသော စကားလုံး၏အဓိပ္ပာယ်မှာ မည်သို့လျှင်အဓိပ္ပာယ်ရှိတော့ပါမည်နည်း။

နံနက်စောစော ခြံထဲမှ ကျေးငှက်ကလေးများ၏ သိင်္ဂီရတေးသံကို နားထောင်နေရင်းနှင့် ကျွန်တော်တွေးနေမိလေသည်။

**ချမ်းငြိမ်းနိုင်**

■

"တစ်ခုသတိထားမိတာကတော့ ရန်ကုန်တက္ကသိုလ်
ကျောင်းသူကျောင်းသားတွေဟာ ဘယ်လိုပဲပြောပြော
ရန်ကုန်တက္ကသိုလ်ထဲက စစ်ကိုင်းလမ်းဆိုတာကို မစွန့်လွှတ်ကြတာပါပဲ။
အဲဒီလို ငြင်းခုန်နေကြတဲ့အချိန်မှာ…"

# စစ်ကိုင်းလမ်းသို့ သွားချိန်တန်ပြီလားကွယ်

ရဲရင့်ဘုန်း

သီချင်းချစ်သူတွေကြားမှာ "စစ်ကိုင်းလမ်း"လို့ ပြောလိုက်တာနဲ့ ဘယ်သူ့သီချင်းလဲ၊ ဘယ်နေရာလဲဆိုတာကို လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ပြောပြစရာရှင်းပြစရာမလိုခဲ့ပါဘူး။ ဆွတ်ပျံ့ဖွယ်ကောင်းတဲ့ ဒီသီချင်းလေးကို သီချင်းချစ်သူတွေ ခံစားနှစ်သက်ခဲ့ကြပေမယ့် ဒီသီချင်းထဲက စစ်ကိုင်းလမ်းဆိုတာကိုတော့ ဘယ်သူကမှအငြင်းပွားပြောဆိုခဲ့ခြင်းမရှိကြပါဘူး။ ဒါကလည်း Facebook မပေါ်ခင်လွန်ခဲ့တဲ့ နှစ်အစိတ်ဝန်းကျင်လောက်က ဆိုပါတော့။

ကျွန်တော်ကတော့ ဒီစစ်ကိုင်းလမ်းသီချင်းကို ကြိုက်နှစ်သက်ခဲ့ပေမယ့် ကျွန်တော့်အကြိုက်ဆုံးကိုခိုင်ထူးသီချင်းတွေထဲမှာတော့ မပါခဲ့ပါဘူး။ ဒီသီချင်းလေးဟာ ရန်ကုန်တက္ကသိုလ်ထဲက စစ်ကိုင်းလမ်းကို ရည်ညွှန်းထားတဲ့သီချင်းလို့ပဲ အားလုံးကခံစားလက်ခံထားကြပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အဲဒီသီချင်းထဲက စာသားလေးတစ်ကြောင်းဟာ စဉ်းစားစရာဖြစ်နေခဲ့ပါတယ်။ အဲဒါကတော့ "ကြားရတဲ့ရထားသံ ရင်ခုန်သံလား"ဆိုတဲ့ နေရာလေးပါပဲ။ တကယ်ပဲ ရန်ကုန်တက္ကသိုလ်ဝင်းထဲကနေ ရထားသံကို ကြားရနိုင်သလားပေါ့။ ဒါပေမဲ့ အဲဒီအတွေးလေးနဲ့ပဲ နှစ်ပေါင်းများစွာကုန်လွန်သွားခဲ့ပါတယ်။ ဒီသီချင်းထွက်ပြီး နှစ်ပေါင်းအတော်ကြာမှ ကျွန်တော်တို့မြို့ကို အလည်အပတ်ရောက်ရှိလာခဲ့

တဲ့ သီဆိုသူကိုခိုင်ထူးနဲ့ တွေ့ဆုံခွင့်ရခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်မှာပါ။ ပြောမယ်ဆိုရင်တော့ အဲဒီ ၁၉၉၉ ခုနှစ်ဟာ သီချင်းတွေနဲ့ပတ်သက်လို့ အပျော်ရွှင်ရဆုံးနဲ့ အမှတ်ရစရာအကောင်းဆုံး နှစ်လေးတစ်နှစ်ဖြစ်ခဲ့ရပါတယ်။ သူရယ်၊ ကိုဗစ်တာရယ်၊ PlayBoy/LPJ က အော်ဂင်တီးတဲ့ ကိုရော်နီကောင်းအိမ်မှာ နေကြပါတယ်။ ဖြစ်ချင်တော့ ကျွန်တော့်အိမ်နဲ့က မိနစ်နှစ်ဆယ်လောက်ပဲဝေးတယ်။ သူတို့ကလည်း ဘယ်မှသိပ်မသွားရဘဲ ပျင်းနေကြတော့ ကျွန်တော်နဲ့လာနေကျ သူငယ်ချင်းတွေကိုပဲ မျှော်နေတတ်ကြပါတယ်။ ကိုခိုင်ထူးက ဂစ်တာမရှိရင် မနေတတ်သူမို့ ရောက်ရောက်ချင်းပဲ Yamaha ဟော်လိုဂစ်တာလေးတစ်လုံး ဝယ်လိုက်ပါတယ်။ ကျွန်တော်ကတော့ သောကြာလိုညနေမျိုးဆို အရက်လေးတစ်လုံးနဲ့အမြည်းဝင်ဝယ်ပြီး သူတို့ဆီကိုရောက်သွားတတ်ပါတယ်။ ပြီးတော့ ဘာရယ်မဟုတ် စကားလေးတွေဝိုင်းဖွဲ့၊ သီချင်းလေးတွေ ဆိုကြပေါ့။ ကိုခိုင်ထူးက တကယ်တော့ စကားများတဲ့သူ (စကား များများပြောတတ်တဲ့သူ)တွေထဲမှာ မပါပါဘူး။ သူစိတ်ပါမှပြောတတ်တာ။ ဘယ်သူမှ ကိုယ့်ကိုအင်တာဗျူးမေးသလို မေးရင်မကြိုက်တတ်ကြပါ။ ကျွန်တော်ကလည်း တစ်ခါတလေ စကားစပ်မှ သီချင်းတွေအကြောင်းမေးလေ့ရှိပါတယ်။ အခုနေ ပြန်တွေးကြည့်ရင် အဲဒီတုန်းက မမေးဖြစ်၊ မပြောဖြစ်ခဲ့ရတဲ့အကြောင်းလေးတွေကို တကယ်ပဲနောင်တရမိတာအမှန်ပါ။

တစ်ခါမှာတော့ သူနဲ့တိုနီတင်ရဲ့ အလွင့်တွေထဲမှာ သီချင်းလေးအကြောင်းကို အချိန်အတော်ကြာမြင့်သွားအောင် ပြောဖြစ်ခဲ့ကြပါတယ်။

ဒီနေ့တော့ ဘာရယ်မဟုတ်ဘူး။ ဆယ့်ငါးနှစ်ကြာ ရင်ထဲမှာရှိနေခဲ့တဲ့ စစ်ကိုင်းလမ်းအကြောင်းကို ရောက်သွားပါတယ်။ ကျွန်တော်တို့ ငယ်စဉ်တီဗီတွေ မပေါ်သေးခင်အချိန်က စနေနေ့ညမျိုးမှာ ကျွန်တော့်အဖေက အမေနဲ့ ကျွန်တော်တို့ညီအစ်ကို သုံးယောက်ကိုခေါ်ပြီး အိမ်ကကားလေးနဲ့ ရန်ကုန်မြို့တဝိုက်က အမျိုးတွေအိမ်ကို သွားလည်လေ့ရှိပါတယ်။ သွားနေကျ အိမ်တစ်အိမ်ကတော့ ကြည့်မြင်တိုင်စစ်ကိုင်းလမ်းက သူ့အဒေါ်ကြီးကြီးညွန့်တို့အိမ်ပါပဲ။ ကြည့်မြင်တိုင်ဗားကရာအကွေ့ကို ကွေ့တတ်ပြီး ဘူတာရုံကိုဖြတ်၊ ဘယ်ဖက်ကို ချိုးဝင်ပြီး လမ်းလေးတွေကိုဖြတ်လာရင် စစ်ကိုင်းလမ်းကိုရောက်ပါတယ်။ ဒါနဲ့ ကျွန်တော်က ကိုခိုင်ထူးကို "စစ်ကိုင်းလမ်းဆိုတာ ဘယ်က စစ်ကိုင်းလမ်းလဲ"

လို့မေးလိုက်ပါတယ်။ အဖြေကတော့ ကျွန်တော်တို့အားလုံးမျှော်လင့်ထားတဲ့ ရန်ကုန်တက္ကသိုလ်ဝင်းထဲက စစ်ကိုင်းလမ်းမဟုတ်ပါဘူး။ သူကတော့ ထုံးစံအတိုင်း ခပ်အေးအေးပဲ "ကြည့်မြင်တိုင် ဘူတာရုံနားက စစ်ကိုင်းလမ်းဗျ"တဲ့။ ကျွန်တော်လည်း ရုတ်တရက်တော့ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ်။ သူက ဆက်ပြောပါတယ်။ "ဟုတ်တယ်လေ ရထားသံက အဲဒီကြည့်မြင်တိုင်ဘူတာရုံကပေါ့"တဲ့။ ကျွန်တော့်အတွက်တော့ ထင်မှတ်မထားတဲ့ အကြောင်းအရာတစ်ခုပါပဲ။ အဲဒီစစ်ကိုင်းလမ်းအကြောင်းကို ပြောပြစရာ လူကလည်း မရှိလေတော့ ကျွန်တော့်ညီနဲ့တွေ့တုန်းမှာ သူ့ကိုပဲ ပြောပြလိုက်မိပါတယ်။

ဒီလိုနဲ့ပဲ နောက်ဆုံးမှာ Facebook ခေတ်ကို ရောက်လာခဲ့ပါတယ်။ ထုံးစံအတိုင်း သီချင်းလေးတွေနောက်ကို လိုက်ရင်းနဲ့ ၇၀၊ ၈၀ ၉၀ စတီရီယိုသီချင်းသည်များ အဖွဲ့လေးထဲကို ရောက်လာခဲ့ပါတယ်။ အဲဒီတော့မှပဲ ကိုယ့်ထက်ရူးသွပ်တဲ့၊ ကိုယ့်ထက်နားလည်တတ်ကျွမ်းတဲ့ လူများစွာကိုတွေ့ရပြီး လူမှန်နေရာမှန်ရောက်သွားပါတော့တယ်။ အဲဒီအဖွဲ့ထဲမှာ တစ်ချို့ဆို ဂီတလောကနဲ့ပတ်သက်ပြီး တကယ့်ကိုသေသေချာချာသိကြတာပါ။ ဖြစ်ချင်တော့ အဖွဲ့ထဲမှာ စစ်ကိုင်းလမ်းလို့ ပြောလိုက်မိတာနဲ့ ငြင်းခုန်ပွဲကြီး စတင်တော့တာပါပဲ။

တစ်ခုသတိထားမိတာကတော့ ရန်ကုန်တက္ကသိုလ်ကျောင်းသူကျောင်းသားတွေဟာ ဘယ်လိုပဲပြောပြော ရန်ကုန်တက္ကသိုလ်ထဲက စစ်ကိုင်းလမ်းဆိုတာကို မစွန့်လွှတ်ကြတာပါပဲ။ အဲဒီလို ငြင်းခုန်နေကြတဲ့အချိန်မှာပဲ ကျွန်တော်လုံးဝမျှော်လင့်မထားတဲ့ တေးရေးကိုနေဝင်းကိုယ်တိုင်က ရှင်းပြတဲ့ စစ်ကိုင်းလမ်းအကြောင်းကို သိလိုက်ရပါတယ်။ ကိုနေဝင်းကိုယ်တိုင်လည်း တီဗွီက အင်တာဗျူးအစီအစဉ်တစ်ခုမှာ သေသေချာချာ ဖြေထားပေးခဲ့ပါတယ်။ သူပြောတဲ့ စစ်ကိုင်းလမ်းဆိုတာ မန္တလေးစစ်ကိုင်းသွားရာလမ်း ဖြစ်နေပါတော့တယ်။ ရန်ကုန်မြို့ကနေရာနှစ်ခုကလွဲရင် တခြားနေရာမဖြစ်နိုင်ဘူးလို့ တွက်ဆထားတဲ့ ကျွန်တော်တို့ဟာ အမှားကြီး မှားကုန်ကြပါပြီ။

တကယ်တော့ တေးရေးဆရာတွေဟာ သူတို့ရေးဖွဲ့ခဲ့တဲ့ သီချင်းတွေထဲမှာ သဲလွန်စပါးပါးမျှင်မျှင်လေးတွေထည့်ပြီး ရေးဖွဲ့တတ်ကြပါတယ်။ စစ်ကိုင်းလမ်းထဲမှာဆိုရင် "ချိန်းထားတဲ့ သဲမြေပြင်အိုရိပ်ဆီ" ဆိုတဲ့ စာသားလေးပါဝင်ပါတယ်။ ဘာပဲပြောပြော "သဲမြေပြင်အို"ဆိုတာ ထူးခြားနေတာမို့ နေရာတကာမှာတော့

မဖြစ်နိုင်ပါဘူး။ အဖြေက ရှင်းလင်းသွားပေမယ့် နောက်ဆက်တွဲပြဿနာက ရန်ကုန်အဝန်းအဝိုင်းက တက္ကသိုလ်ကျောင်းသူကျောင်းသားတွေဟာ ဒီအဖြေကို လုံးဝလက်မခံကြတာပါပဲ။ နှစ်ပေါင်းသုံးဆယ်နီးပါး ကြာမြင့်ခဲ့အောင် ရန်ကုန်တက္ကသိုလ်ထဲက စစ်ကိုင်းလမ်းလို့ လက်ခံနှစ်သက်ခဲ့တဲ့ မန္တလေးသူ မန္တလေးသားတွေကလည်း အခုကျမှ အောင်ပွဲထခံပြီး ဒါငါတို့သီချင်းပဲဆိုပြီး ကြွေးကြော်ကြကုန်ပါတယ်။ ခင်မင်ရတဲ့ မန္တလေးက သီချင်းမိတ်ဆွေ ဆရာဝန်မလေးဆိုရင် အရမ်းကိုပျော်ရွှင်သွားပြီး အဲဒီနရာလေးကို သူအသေအချာရောက်ဖူးပါတယ်တဲ့။ ရောဝတီမြစ်ကမ်း စစ်ကိုင်းတံတားဘေးနားကပါဆိုပြီး နေရာဒေသအညွှန်းနဲ့တကွ အတိအကျပြောလာခဲ့လေတော့ ကျွန်တော်တို့ ရန်ကုန်သားတွေမှာ တုံ့ပြန်စရာစကားလုံးဆိုတာ မရှိတော့ပါဘူး။ ကိုနေဝင်းရဲ့ ရှင်းလင်းပြောဆိုမှုအရဆိုရင် စစ်ကိုင်လမ်းဟာ မန္တလေးက ဆရာဝန်မလေးရဲ့ အညာဒေသဘက်ကို လုံးလုံးလျားလျား ရောက်ရှိသွားခဲ့ပြီမို့လား။

ကျွန်တော်ကတော့ တကယ့်ကို အံ့ဩမင်သက်ရင်း မေးခွန်းနှစ်ခုနဲ့ တိတ်ဆိတ်ငေးလွင့်ပြီး ကျန်နေရစ်ခဲ့တယ်။ အကြောင်းတိုက်ဆိုင်မှုရှိလေတိုင်းလည်း အဲဒီမေးခွန်းနှစ်ခုထဲမှာ တစ်ကိုယ်တည်း ပျော်ဝင်အေးခဲသွားတာကလည်း မကြာခဏပါပဲ။

(၁) သီဆိုသူ ကိုခိုင်ထူးဟာ ဘာဖြစ်လို့များကြည့်မြင်တိုင် စစ်ကိုင်းလမ်းလို့ ပြောခဲ့ရတာပါပဲ။

(၂) တေးရေးကိုနေဝင်းကရော နှစ်ပေါင်းများစွာကြာမြင့်ပြီးကာမှ ဒီစစ်ကိုင်းလမ်းကို ဘယ်သူမှထင်မထားတဲ့ မန္တလေးစစ်ကိုင်းလမ်းလို့ ပြောလိုက်ရတာလဲ။

ဒီသီချင်းလေးကို သီဆိုခဲ့တဲ့ ကိုခိုင်ထူးကတော့ လောကကြီးမှာမရှိတော့ပါဘူး။ တေးရေးကိုနေဝင်းကတော့ သူရေးခဲ့တဲ့သီချင်းလည်းဖြစ်၊ ကိုယ်တိုင်ကလည်း ချစ်ကြည်လေးစားဖွယ်ဂန္ထဝင်တေးရေးဆရာတစ်ဦးဆိုတော့ သူ့သီချင်းနဲ့ပတ်သက်ပြီး သူရှင်းလင်းပြောဆိုတာကို ကျွန်တော်တို့အားလုံးလက်ခံကြရပါလိမ့်မယ်။

ကျွန်တော့်တစ်ဦးတည်းအမြင်အရတော့ တချို့အနုပညာနဲ့ တချို့သောအမေးပုစ္ဆာတွေဟာမေးခွန်းအတိုင်းပဲ ဆက်လက်ထားရှိတာဟာ ပိုပြီးတော့ကောင်းမွန်ပါလိမ့်မယ်။ နိုင်ငံခြားသီချင်းတွေမှာလည်း ရှိခဲ့ဖူးပါတယ်။ နာမည်

ကျော် အမေရိကန်အဆိုတော် Don Mclean ရဲ့ American Pie (မြန်မာသီချင်းကိုလေးလွင်ရေး၊ Playboy သန်းနိုင်ဆိုထားတဲ့ သီချင်းလေးသေရင် လိုက်သေမယ်)ဆိုတာ လူတွေက ဘာကိုဆိုလိုတာလဲလို့ သိချင်ကြတယ်။ သူ့ကို မေးရင်သူဘယ်တော့မှ မဖြေပါဘူး။ တစ်ခါတလေတော့ သူအမြင်သိပ်ကပ်လာခဲ့ရင်ဒေါ်လာတစ်သန်းပေးရင်ဖြေမယ်လို့ပြောတတ်ပါတယ်။ ကိုနေဝင်းဆိုရင် သူ့မှာနာမည်ကျော်သီချင်းများစွာရှိတဲ့အထဲက တချို့သီချင်းတွေကို တေးချစ်သူတွေကဒီလိုပဲမေးတတ်ကြပါတယ်။ မြန်မာပြည်မှာက ဆင်ဆာလည်းရှိ နိုင်ငံရေးနဲ့ပတ်သက်ရင်လည်း အခန့်မသင့်ခဲ့ရင်ဆွဲစေ့တတ်တာလေးတွေရှိနေတတ်တော့တေးရေးဆရာတွေဟာ တစ်ခါတလေတော့လည်း သဲလွန်စလေးတွေပဲ ပေးလိုက်နိုင်ပါတယ်။ ကိုနေဝင်းရဲ့ နောက်ဆုံးအိပ်မက်ဆိုရင်လည်း အတော့်ကို လူပြောသူပြောများခဲ့တဲ့ သီချင်းပါ။ နောက် နာမည်ကြီးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "မိုးရဲရင်ဆောင်းရဲရမယ်"ဆိုရင်လည်း အမှန်အတိုင်းပြောရရင် သိပ်နားမလည်ပါဘူး။ သူကိုယ်တိုင်လည်း သပြေမဂ္ဂဇင်း တခြားမဂ္ဂဇင်းတစ်ခုမှာလား မိုးရဲရင် ဆောင်းရဲရမယ် သီချင်းအကြောင်းကို အကျယ်တဝင့်ရှင်းပြခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း သူရှင်းပြတာနဲ့ ကျွန်တော်ခံစားရတာဟာ တစ်ထပ်တည်းမကျခဲ့ပါဘူး။

အနုပညာနဲ့ပတ်သက်ရင် နားလည်ခံစားရတာချင်းမတူညီဘဲ ရသအမျိုးမျိုး ပေးနိုင်စွမ်းရှိတာ ကျွန်တော့်အမြင်မှာတော့ Classical Music နဲ့ ပန်းချီပါပဲ။ တခြားအနုပညာများမှာလည်း မရှိဘူးလို့ မဆိုလိုပါဘူး။ များတာကို ပြောပြတာဖြစ်ပါတယ်။ Classical Music ရဲ့ သက်တမ်းမှာ နှစ်ပေါင်းရာထောင်ချီနေပါပြီ။ ဒါပေမဲ့လည်း အခုချိန်အထိ လေ့လာသင်ယူတီးခတ်နေကြဆဲပါပဲ။ နာမည်ကျော်တေးရေး (Composer) ဗီသိုဗင်တို့ မိုးဇက်တို့ရဲ့ သီချင်းတွေကိုလည်း အခုအချိန်အထိ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုနေကြရတုန်းပါပဲ။ တချို့သီချင်းသံစဉ်တွေကနားထောင်နေတဲ့သူရဲ့ မုဒ် (Mood) အပေါ်မှာ မူတည်ပြီးလည်း ပြောင်းလဲတတ်သလို နားထောင်သူတွေ တစ်ချိန်တည်း နားထောင်ကြပေမယ့် ပြန်မေးကြည့်ရင်သူတို့တစ်ယောက်ချင်းစီ ခံစားရတဲ့ ရသချင်းက ဘယ်လိုမှ မတူညီနိုင်ပါဘူး။ တချို့ပန်းချီကားတွေဆိုရင်လည်း ဒီလိုပါပဲ။ မိုနာလီဇာရဲ့ အပြုံးကိုလည်း အခုအချိန်အထိ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုနေကြတုန်းပါပဲ။

ကျွန်တော့်အတွက်တော့ စစ်ကိုင်းလမ်းဟာ ရသပေါင်းစုံပေးစွမ်းနိုင်တဲ့ သီချင်းလေးတစ်ပုဒ်ပါပဲ။ ရန်ကုန်တက္ကသိုလ် ကျောင်းသူကျောင်းသားတွေ အတွက်ကတော့ ဒီသီချင်းကို ကြားကြားချင်းမှာ မျက်စိထဲမှာ မြင်လာတာက သစ်ပင်ကြီးတွေနဲ့ စိမ်းလန်းနေတဲ့ တက္ကသိုလ်ပရဝုဏ်၊ ကိုခိုင်ထူးနေခဲ့တဲ့ စစ်ကိုင်းလမ်း၊ Phoenix တေးဂီတအဖွဲ့ "ခိုင်၊ မိုး၊ ပြည့်" ကို ဖွဲ့ခဲ့တဲ့ အမှတ် (၂) စစ် ကိုင်းလမ်းအိမ်ရှေ့က အုတ်ခုံလေး။ အပူအပင်ကင်းကင်းနဲ့ ပျော်ရွှင်စွာ သွားလာခဲ့ကြတဲ့ ကျောင်းသားဘဝ၊ ကြင်နာခဲ့ရတဲ့ ချစ်သူလေးနဲ့ ခပ်ဝေးဝေး လှည်းတန်းတံတားအောက်က ကြားခဲ့ရတဲ့တိုးတိုးသဲ့သဲ့ရထားသံလေး။ သီဆိုသူအတွက်ကတော့ နောက်တစ်နေ့မှာ တွေ့ရတော့မယ့် ချစ်သူလေးကို မျှော်တွေးပြီး အိပ်မရတဲ့ည၊ သူနေတဲ့ စစ်ကိုင်းလမ်းကနေကြားရတဲ့ ကြည့်မြင် တိုင်ဘူတာရုံက ရထားသံ၊ စိတ်လှုပ်ရှားလွန်းလို့ ပြန်ကြားနေရတဲ့ ရင်ခုန်သံ။ မန္တလေးသား၊ စစ်ကိုင်းသူ စစ်ကိုင်းသားတွေအတွက်ကတော့ ဧရာဝတီမြစ် ကမ်းနံဘေးမှာ စီရရီရှိနေတဲ့သစ်ပင်ကြီးအောက်မှာတွေ့ပြီး ဘဝတစ်ခုကို အတူရပ်တည်ဖို့ ချိန်းဆိုထားတဲ့ချစ်မက်ရသူ၊ လာလိမ့်နိုးနိုးမျှော်ကိုးရင်း အထုပ် ကလေးတစ်ခုနဲ့ စောင့်စားနေသူ၊ အမြန်ယာဉ်ကိုစီးပြီး ခရီးပြင်းနှင်လာခဲ့ရာ အဝေးကချစ်ရသောသူ။

အနုပညာဆိုတာဟာ နှလုံးသားထဲက နူးညံ့စွာခံစားဖို့ပါ။ ပိုင်ဆိုင်ဖို့မဟုတ် ပါဘူး။ ကောင်းမွန်လှပတဲ့ ပန်းချီကားတစ်ချပ်ဟာ လူအများမျှဝေကြည့်ရှု ခံစားနိုင်ဖို့အတွက် ပြတိုက်တစ်ခုထဲမှာပဲ ရှိနေသင့်ပါတယ်။ တစ်ဦး တစ်ယောက်ရဲ့ခံစားမှုဆိုတာကလည်း လွတ်လပ်ခွင့်ရှိပါတယ်။ အနုပညာ ဖန်တီးမှုတစ်ခုအပေါ်မှာ သူနှစ်သက်သလို ချဉ်းကပ်ခံစားခွင့်ရှိရပါမယ်။ ပိုင်ရှင်က သူ့ရဲ့ရည်ရွယ်ချက်နဲ့ခံစားချက်ကိုရှင်းပြရင်လည်း နားလည်းစွာနဲ့ ကိုယ်ခံစားရသလို ခံစားပိုင်ခွင့်ရှိပါတယ်။ ဒီအတွက် အနုပညာဖန်တီးသူက လည်းနားလည်ကျေးဇူးတင်နေမှာပါ။ လွတ်လပ်စွာခံစားနားလည်နိုင်တဲ့ ဘောင်ခတ်ထားခြင်းမရှိတဲ့ ခံစားမှုဟာ အနု ပညာရဲ့ အထွတ်အထိပ်ပါပဲ။

ဒီစာစုလေးကို ရေးနေရင်းနဲ့ လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကျော်က သီချင်းလေးကို နားထဲမှာ ပြန်လည်ကြားယောင်လာပါတယ်။ အပြင်ဘက်မှာလည်း အမှောင်ထု က လွင့်ပြယ်စပြုလာပြီ၊ ရောင်နီပျပျလေးတွေကို ဟိုတစ်စ သည်တစ်စနဲ့ မြင်

တွေ့လာရပြီ။ သိပ်မကြာခင်မှာ အလင်းရောင်ဟာ အသေအချာတိုးဝင်လာတော့မှာ. . .

မွတ်သိပ်တဲ့ မျှော်လင့်ချက်နဲ့စောင့်စားခဲ့ရတဲ့ နေ့သစ်တစ်နေ့ဟာ နောက်ဆုံးတော့ ရောက်လာခဲ့ပြီမို့ ပူးနွေးနေတဲ့ ရင်ခုန်သံနဲ့အတူ ပြတင်းတံခါးကို အသာအယာတွန်းဖွင့်လိုက်ပါတယ်။ ကြားရတဲ့ ရထားသံ ရင်ခုန်သံလား. . . စစ်ကိုင်းလမ်းသို့ သွားချိန်တန်ပြီလားကွယ်. . .။

**ရဲရင့်ဘုန်း**
*(2nd May 2018)*

■

“ သည်မုန့်ထုပ်ကလေးက စာဖတ်ဗိုဗိတ်ပင်သောမိဘများ
စာပေကိုချစ်ရကောင်းမှန်းမသိသော ပတ်ဝန်းကျင်များကို
တော်လှန်သည့်ကွတ်ကီးမုန့်ထုပ်ကလေးဟု ကျွန်တော်မြင်သည်။
စာဖတ်ခွင့်မရ၍ ကိုယ်၏အခွင့်အရေးကို စွန့်လွှတ်ခဲ့သည့်
သမီးကလေး၏လုပ်ရပ်ကိုကြိုဆိုရင်း . . . ”

# မစားရက်သော ကွတ်ကီးတစ်ထုပ်

မျိုးထွဋ်ငြိမ်း

***"ကလေးများက ပန်းပွင့်ကလေးပေါ့ကွယ်
လောကအတွက် အလှအပရောင်စုံပေးနိုင်တယ်
ပန်းပွင့်လေးပါပဲ ကလေးများသင်းပျံ့မွှေးစေတယ်"***

ဆိုင်တစ်ဆိုင်မှဖွင့်သော ထူးအိမ်သင်သီချင်းလေး ပျံ့လွင့်လာတော့ ကျွန်တော်ကျွန်းတောကုန် အ. ထ. က ကို ကျော်လာခဲ့ပြီ၊ မနက်ခင်း ကျောင်းတက်ခေါင်းလောင်းမထိုးသေးသဖြင့် ကလေးများ ကျောင်းဝင်းထဲမှာဆော့ကစားနေကြသည်။ တချို့ကျောင်းတက်ရန်လာနေကြသည်။ ကျောင်းတက်ရန်လာနေသောကလေးများကိုတွေ့ရတော့ တစ်ခါက ကဗျာဆရာ(ကို)နိုင်မောင်ပြောသော စံပါယ်ခင်းလေးတွေ ကျောင်းလာတက်တယ်ဟူသော စကားကို ပြန်သတိရသည်။ အစိမ်းရောင်ဘောင်းဘီ၊ ဂါဝန်၊ လုံချည်၊ ထဘီ စံပါယ်ရုံနှင့်တူပြီး အဖြူရောင်အင်္ကျီများမှာ စံပါယ်ပန်းကလေးများပင်မဟုတ်ပါလား။

ဆောင်းဦးပေါက်မနက်ခင်းနှင်းကြားမှာ မြူးတူးဆော့ကစားနေကြသည်မှာ "ထူးအိမ်သင်၏ ပန်းပွင့်များရဲ့ရာဇဝင်"ကို သရုပ်ဖော်နေကြသလိုပင်။ အနာဂတ်ပန်းကလေးများ လန်းလန်းဆန်းဆန်းဖူးပွင့်နေကြသော မြင်ကွင်းက ကျွန်တော့်ရင်ကို လှုပ်ခတ်စေခဲ့သည်။

* * * * *

***"ကြီးပြင်းတော့ ပန်းသီးလေးပေါ့ကွယ်
လောကအတွက် ပေးဆပ်ချိုမြိန်ခြင်းတွေရယ်
ပန်းသီးလေးပါပဲ ကြီးတော့ကောင်းကျိုးပေးနိုင်တယ်"***

ကျွန်တော်စာပေပျိုးခင်း(အခမဲ့စာကြည့်တိုက်)ထဲလှမ်းဝင်တော့ ဆရာမျှဝေနှင့်ကိုတင်ဝင်းတို့ကို အဆင်သင့်တွေ့ရသည်။ ဆိုင်းမပါ ဗုံမဆင့် ဖုန်းမဆက်ဘဲ ရောက်လာသော ကျွန်တော့်ကို သူတို့အံ့သြစွာကြိုဆိုကြသည်။ ကျွန်တော်က ရိုးမစပ်ဖျား ရာဘာစိုက်ခင်းမှာနေသဖြင့် စာပေပျိုးခင်းသို့ အရောက်အပေါက် နည်းသည်။

တစ်နေ့မှာ ဆရာမျှဝေ ကျွန်တော့်ကိုဖုန်းဆက်သည်။ အခမဲ့စာကြည့်တိုက် (စာပေပျိုးခင်း)လုပ်ရန်ဖြစ်သည်။

"ဆရာမောင်မောင်လှမြင့်ကိုလည်း ဖုန်းဆက်ပြီးပြီ၊ ဆရာလက်ခံတယ်၊ သူ့မှာရှိတဲ့စာအုပ်တွေလည်းပေးမယ်၊ ကလေးတွေကို အဓိကရည်ရွယ်ဖွင့်မှာဆိုတော့ စာအုပ်ငှားခမယူဘူး။ အခမဲ့လုပ်မယ်၊ လိုအပ်တဲ့စာအုပ်တွေကို စာရေးဆရာတွေ(ဥက္ကံမြို့က စာရေးဆရာများ)တစ်လတစ်လထောင်စုပြီးဝယ်မယ်၊ ဆရာမုဒုံ (ကျွန်တော့်ကိုခေါ်သောအမည်) စာကြည့်တိုက်တွေကိုလှူဖို့ပေးထားတဲ့စာအုပ်တွေကို စာပေပျိုးခင်းအတွက် သုံးချင်တယ်၊ ဆရာ့ဆီက ခွင့်ပြုချက်တောင်းတာပါ"

စာကြည့်တိုက်များသို့လှူဒါန်းရန် ဆရာမျှဝေထံ ကျွန်တော်ပေးပို့ထားသော ဆာလာအိတ်နှင့်စာအုပ်များကို ဖွင့်လှစ်မည့် အခမဲ့စာကြည့်တိုက်အတွက် အလှူခံသဖြင့် ဝမ်းမြောက်ဝမ်းသာစွာ ကျွန်တော်လှူဒါန်းခဲ့သည်။

"ဆရာမောင်မောင်လှမြင့် စာအုပ်တွေရယ်၊ ဆရာမုဒုံစာအုပ်တွေရယ်၊ ကျွန်တော့်စာအုပ်တွေရယ်ပေါင်းပြီး နိဒါန်းပျိုးလိုက်မယ်၊ နောက်ပိုင်းလှူမယ့်စာအုပ်တွေရော ဝယ်မယ့်စာအုပ်တွေပါ တဖြည်းဖြည်းဖြည့်ဆည်းသွားမယ်ဆရာ၊ ဖွင့်ပွဲကိုတော့ အောက်တိုဘာ(၁)ရက်နေ့မှာလုပ်မယ်၊ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ဘူး။ ဧည့်သည်တွေကို ကော်ဖီနဲ့မုန့် ဧည့်ခံမယ်၊ ဆရာလည်း လာခဲ့ပါ"

ဆရာ၏စကားက စာပြေမြတ်နိုးသူများအတွက် မုဒိတာစကားဖြစ်သဖြင့် ကျွန်တော်ကြိုဆိုခဲ့သည်။ လိုအပ်လျှင် ကျွန်တော့်သူငယ်ချင်း စာပေသမားများ၊ ရင်းနှီးသည့်မဂ္ဂဇင်းဂျာနယ်တိုက်များမှစာအုပ်များ အလှူခံပေးခဲ့သည်။

နောင်တွင် စာရေးဆရာများ၊ စာပေဝါသနာရှင်များ၊ စာအုပ်တိုက်များမှ

လည်း ပံ့ပိုးကူညီကြသဖြင့် စာပေပျိုးခင်းလေးမှာ နှစ်လတာကာလအတွင်း အစို့အညှောင့်ပေါက်လာခဲ့သည်။

× × × × ×

***လောကမှာ အလှဆုံး အလှဆုံးပဲ***
***လောကမှာ အချိုဆုံး အချိုဆုံးပဲ***
***ကလေးများ ပန်းတွေ ပန်းတွေပွင့်ဦး ပွင့်ဦးကွယ်***

စာပေပျိုးခင်း၏အဓိက ရည်ရွယ်ချက်မှာ ကလေးငယ်များ အသိပညာ၊ ဗဟုသုတတိုးပွားရန်နှင့် ၎င်းတို့၏မုန့်ဖိုးများမကုန်ဘဲ စာအုပ်များ အခမဲ့ဖတ်နိုင်ရန်ဖြစ်သည်။ စာပေမြတ်နိုးသူများကလည်း ကလေးအကျိုးရှိစေမည့် ပုံပြင်စာအုပ်များ၊ ကာတွန်းစာအုပ်များ၊ ဗုဒ္ဓဝင်စာအုပ်များအပြင် ကလေးများစာကြည့်တိုက်မှာပျော်ရွှင်အောင် ကော်ဖီနှင့်မုန့်များ ကျွေးမွေးလှူဒါန်းပေးကြသည်မှာ အားရစရာကောင်းသည်။

စာပေပျိုးခင်းဖွင့်စကဆိုလျှင် စာအုပ်ငှားမည့်သူတစ်ယောက်မှမရှိသော်လည်း နှစ်လအတွင်း နေ့စဉ်စာအုပ်ငှားကလေးပေါင်း သုံးလေးဆယ်ခန့်ရှိလာသည်။ သည်လိုအခြေအနေမျိုးရောက်အောင် ကလေးငယ်များဖုန်းပွတ် ဂိမ်းဆော့သောအချိန်ကိုလျှော့၍ စာဖတ်ချင်လာအောင် စည်းရုံးရသည်မှာ အပြောထက် လက်တွေ့က ပိုမိုခက်ခဲပါသည်။ အထူးသဖြင့် သူတို့၏မိဘများကို နားလည်သဘောပေါက်လာအောင် ရှင်းပြရသည်မှာ ပိုလို့ပင်ခက်ခဲသည်။

တကယ်တော့ လောကမှာ အလှဆုံးပန်းကလေး၊ အချိုဆုံးသစ်သီးလေးဟာ ကလေးများပါပဲ။ သည်ကြားထဲ သဘောမပေါက်သော ပညာကိုရင်းနှီးမြှုပ်နှံရကောင်းမှန်းမသိသော ပညာရေးသည် ပြန်မရသောရင်းနှီးမြှုပ်နှံမှုဟု ယုံကြည်နေကြသော မိဘများကိုစည်းရုံးရသည်မှာ ကံမကောင်းလျှင် အငြိုအငြင်ပင်ခံကြရသည်။

"မနေ့က ကလေးတစ်ယောက်စာအုပ်လာငှားတော့ သူ့အဖေ စက်ဘီးနဲ့နောက်ကရောက်လာပြီး လမ်းမပေါ်ကနေ စာအုပ်မငှားနဲ့နော်လို့အော်ပြောတယ်။ ကလေးက ကျောင်းပိတ်ရက်မှာဖတ်ဖို့ငှားတာပါလို့ ပြန်ပြောမယ့် အဖေလုပ်သူကမလိုချင်ဘူး ကျောင်းစာပဲလုပ်ရမယ်ဆိုပြီး ထွက်သွားတယ်၊ ကလေးမျက်နှာတော့ ဘယ်လိုနေမယ်မပြောတတ်ဘူး။ ကျွန်တော့်မျက်နှာတော့ ဘယ်နားသွားထားရမှန်းမသိဘူး။ ကလေးကလည်း ကျွန်တော့်ကို အားနာတဲ့အကြည့်နဲ့

ကြည့်ပြီး မျက်ရည်လေးစမ်းစမ်းနဲ့ စာအုပ်ပြန်ထားပြီး ထွက်သွားတာ ကျွန်တော့် မျက်စိထဲကမထွက်ဘူး။ တစ်ညလုံးလည်း အိပ်လို့မရဘူး”

ဆရာမျှဝေ၏ဝမ်းနည်းစကားက ကျွန်တော့်ရင်ဘတ်ကို လာရောက်ရိုက်ခတ်သည်။ ထိုသို့စာပေကို ဦးစားမပေးသော ပတ်ဝန်းကျင်ကို စိန်ခေါ် ရင်း ဆူးကြားမှဘူးခါးကလေး သီးပွင့်လာခဲ့သည်မှာ ယခုဆိုလျှင် စာအုပ်လာငှားသော ကလေးငယ်များ အယောက်လေးငါးဆယ်ကျော်လာခဲ့ပြီ။ ကျောင်းပိတ်ရက်များမှာလည်း စာဖတ်ဝိုင်းလေးလုပ်ပေးသဖြင့် ကလေးငယ်များ စာပေမှာပျော်မွေ့လာကြပြီ။

***“ပန်းသီးကလေးတွေ လာဦး လာဦးကွယ်***
***လောကမှာ အလှဆုံးကလေးများပါပဲ***
***လောကမှာ အချိုဆုံးကလေးများပါပဲ”***

× × × × ×

သည်နေ့မနက်တော့ စာပေပျိုးခင်းကို နောက်တစ်ခေါက်ရောက်ခဲ့သည်။ ပျိုးခင်းဝိုင်းတော်သားများဖြစ်သော ဆရာမျှဝေကိုတင်ဝင်းတို့နှင့် ဖေ့စ်ဘုတ်ပေါ်မှာ စာပေပျိုးခင်းပေ့ချ်ထူထောင်ပြီး ဆိုရှယ်မီဒီယာကို အကျိုးရှိရှိအသုံးပြုရန် ဆွေးနွေးရင်း ကော်ဖီနှင့်မုန့်ကျွေးပါသည်။

“ကိုမှုဒုံရောက်တုန်း၊ မနက်ကစာအုပ်လာငှားတဲ့ ကလေးလေးတစ်ယောက် အကြောင်း ပြောရဦးမယ်”

“ဟုတ် ပြောပါဆရာ”

“ဒီနေ့ အလှူရှင်တစ်ယောက် ကွတ်ကီးမုန့်ထုတ်တွေလာလှူတယ်၊ စာအုပ်ငှားတဲ့ကလေးတွေကို ပေးပါတဲ့။ ဒီနေ့ဆို စာအုပ်လာငှားတဲ့ကလေးတွေ သုံးဆယ်ကျော်ပြီပေါ့။ ဒါပေမဲ့ ဆရာ့ရယ် စိတ်မကောင်းစရာတစ်ခုဖြစ်သွားတယ်”

ဆရာမျှဝေ၏ ပြောလက်စစကားများ တိမ်ဝင်ပြီး ရပ်ဆိုင်းသွားတော့ ကျွန်တော်အားမလိုအားမရဖြစ်ကာ အလျင်စလိုမေးလိုက်သည်။

“ဘာဖြစ်တာလဲဆရာ၊ သူ့မိဘက အရင်က ကလေးအဖေကို စာအုပ်မငှားရဘူးလို့ပြောပြန်တာလား”

“အဲသလိုတော့မဟုတ်ဘူး။ ကလေးမလေးက ငှားသွားတဲ့စာအုပ်လာအပ်တော့ လှူထားတဲ့ ကွတ်ကီးထုပ်လေး ကျွန်တော်ကမ်းပေးလိုက်တယ်။ ကလေးမလေးက မယူဘူးဆရာ၊ ကျွန်တော်ကလည်း ခါတိုင်းမုန့်ဝေရင်ပြောနေကျစကား

စာအုပ်ငှားဖတ်တဲ့အတွက် ဆုချတာလို့ပြောပေးတာလေ။ ကလေးက ကျွန်တော့်ကို အားငယ်တဲ့အကြည့်နဲ့ကြည့်ပြီး သမီးစာအုပ်မငှားတော့ဘူးတဲ့။ ဒါနဲ့ကျွန်တော်က သမီးမိဘတွေကိုပြောပေးရမလား၊ ကျောင်းစာမထိခိုက်အောင် ကျောင်းပိတ်ရက်မှငှားပေးမယ်ဆိုတော့ ကလေးမလေးက ရမှာမဟုတ်ဘူးဘဘ၊ သမီးပြောပြီးပြီ၊ မငှားရဘူးတဲ့။ ဒါဆို မုန့်လေးတော့စားသွားပါဦးဆိုတော့၊ ခေါင်းခါပြီး ဟင့်အင်းတဲ့၊ ကျွန်တော် တော်တော်စိတ်ထိခိုက်သွားတယ်။ ကလေးတွေ စာဖတ်ခန်းလာဖို့ လူကြီးတွေကို အများကြီးစည်းရုံးရဦးမယ်ဆရာရေ့ ဒီမုန့်ထုပ်လေးက ကလေးမလေးထားသွားတဲ့ မုန့်ထုပ်လေးပေါ့။ ရော့. . . ဆရာပဲစားလိုက်ပါ"

ဆရာမျှဝေ ကျွန်တော့်ကို မုန့်ထုပ်လေးကမ်းပေးရင်း သူ၏ရင်တွင်းဖြစ်စကားကို ဆက်ပြောသည်။ ဆရာမျှဝေ ကမ်းပေးသော ကွတ်ကီးမုန့်ထုပ်ကို မဝံ့မရဲကြည့်ရင်း ကျွန်တော်လှမ်းမယူရဲပါ။ ယူ၍စားလိုက်လျှင် စာပေအပေါ် ကျွန်တော်သစ္စာဖောက်ရကျမည်။ ကျွန်တော်မစားရက်ပါ။ သည်မုန့်ထုပ်ကလေးက စာဖတ်ဖို့ပိတ်ပင်သောမိဘများ၊ စာပေကိုချစ်ရကောင်းမှန်းမသိသော ပတ်ဝန်းကျင်များကို တော်လှန်သည့် ကွတ်ကီးမုန့်ထုပ်ကလေးဟု ကျွန်တော်မြင်သည်။ စာဖတ်ခွင့်မရ၍ ကိုယ်၏အခွင့်အရေးကို စွန့်လွှတ်ခဲ့သည့် သမီးကလေး၏ လုပ်ရပ်ကို ကြုံဆိုရင်း ကွတ်ကီးမုန့်ကို ကျွန်တော်မစားခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် အနာဂတ်ပန်းကလေးများသင်းပျံ့ဖို့ ကလေးငယ်များကို တိုက်တွန်းနှိုးဆော်သူများထဲတွင် ကျွန်တော်လည်း ပါဝင်နေသောကြောင့် ဖြစ်ပါသည်။

× × × × ×

***"ပန်းပွင့်က ပန်းသီးလေးဖြစ်မယ်***
***ပန်းသီးက ပန်းပွင့်ရောင်စုံဖြစ်မယ်***
***ပန်းပွင့်လေးပါပဲ ကြီးတော့ပန်းသီးဖြစ်လာမယ်"***

သီးပင်စိုက်ခြင်းသည် ခန္ဓာကိုယ်အင်အားကို တောင့်တင်းစေပြီး ပန်းပင်စိုက်ခြင်းသည် စိတ်ဓာတ်အင်အားကို နူးညံ့စေပါသည်။ စာပေပျိုးခင်းမှာ စိုက်ပျိုးထားသော မုဒိတာပန်းပင်ကလေးသည် ပန်းပွင့်မှတစ်ဆင့်နောင်တစ်ချိန်မှာ ချိုမြိန်သောသစ်သီးကလေးများ သီးလာမည်မှာသေချာသော သဘာဝတရားပင်ဖြစ်ပါသည်။

***မျိုးထွဋ်ငြိမ်း***

“ဘုံလုံတလှည့်ငါးပုံတလှည့်နဲ့ကိုယ့်ဒေသကို ကျောခိုင်းထားခဲ့ရတာ
ကျန်ခဲ့တဲ့နေရာတချို့ ဖြစ်ရပ်တချို့ တိုက်ဆိုင်သတိရစရာတွေကြုံလာတိုင်း
အမှတ်ရနေမိတာတော့အမှန်ပါ။ သူများလွင်ပြင်မှာ
ပျော်ပျော်ကြီးရှန်းကာန်နေခဲ့”

# ရေစီးကြောင်းနဲ့ထပ်တူပေါလောမျောနေတဲ့ လိမ္မော်သီးတစ်လုံးရဲ့ မနက်ဖြန်

ကျော်စိုးလှ

(၁)

နှစ်သုံးဆယ်ကြာ ရေမျောကမ်းတင်ဘဝတွေနဲ့ ရေကြည်ရာမြက်နုရာမှာ ယာယီဖြတ်သန်းဖူးတဲ့အချိန် အရှေ့ထဲက ရက်စွဲတချို့အားကျေနပ်စွာဖြတ်သန်းခွင့်ပြုခဲ့လို့ ကျေးဇူးတင်ကြောင်း၊ ပြောကြားခွင့်ပြုပါ။ ဒီလမ်းကြောင်းတွေ ဘယ်သူကမှ အမိန့်ပေးရွေးချယ်ခိုင်းခဲ့တာမဟုတ်ဘူး။ ဘယ်ကိစ္စမဆို၊ မလှုပ်မရှက်၊ ငြိမ်သက်နေတာ၊ ပျင်းစရာကြီးပါပဲ၊ လှုပ်လှုပ်ရှားရှားနဲ့ပြေးပြေးလွှားလွှားမှ မိမိဇာတာက လက်ခံတာဖြစ်တယ်။ အထင်နဲ့လက်တွေ့ဘဝဟာ ဘယ်နေရာမှာမှ ထင်ထားသလို ပီပီပြင်ပြင် ရုပ်လုံးပေါ်နေတာမှမဟုတ်တာ။ ကောင်းကွက်တချို့၊ ဆိုးကျိုးတစ်ဝက်က ကျွန်တော့်ဘဝရဲ့ နောက်ကျောနဲ့ရှေ့ဘက်မှာတွဲသီလို့။ ကြွတ်ဆတ်ပြီး ထိလွယ် ရှလွယ်တဲ့သတ်မှတ်ချက်တွေက ကျွဲကူးရေပါဆိုသလို တသီကြီးတွဲရက်ပါနေတာ။ သူဟာ ဘဝစုန်ဆန်ထဲမှာ အလျားလိုက်၊ ထောင်လိုက် အတူတူတိုးတိုးဝှေ့ဝှေ့၊ ကျေနပ်ပါတယ်လောကကြီးရေ။

(၂)

ဘုံလုံတလှည့်ငါးပျံတလှည့်နဲ့ ကိုယ့်ဒေသကို ကျောခိုင်းထားခဲ့ရတာ ကျန်ခဲ့တဲ့နေရာတချို့ ဖြစ်ရပ်တချို့ တိုက်ဆိုင်သတိရစရာတွေ ကြုံလာတိုင်း အမှတ်

ရနေမိတာတော့အမှန်ပါ။ သူများလွင်ပြင်မှာ ပျော်ပျော်ကြီးရှန်းကန်နေခဲ့ရတာ ဒဏ်ရာဒဏ်ချက်အား အဆွဲပြေးချင်တော့ပါဘူး။ စိတ်ဓာတ်ကျအတိုင်း ရောမ ရောက်ရင်ရောမလိုကျင့်ရမယ်ဆိုတာ စကားတွေက စွမ်းအားနဲ့တွန်းအားကိုဖြစ် ပါတယ်။ သမိုင်းထဲမှာ မမြို့ကြီးမီးဟုန်းဟုန်းလောင်နေတာ တယောထိုးမပျက်တဲ့ ခေတ်သစ် နီယိုဘုရင်တွေက သမိုင်းအတွေ့မှာ သရဖူတစ်ကားကားနဲ့။

## (၃)

နှစ်ပေါင်းသုံးဆယ်ကြာကြာ (ယာယီ) မေ့ထားခဲ့တဲ့ ကိုယ်မြို့ကလေးကို ရောက်ရှိလာတော့၊ ပွိုင့်ကမ်းခြေက သူရဲ့လက်နှစ်ချောင်းကို ဗွီပုံသဏ္ဌာန် ထောင်ပြပြီး ဝမ်းပန်းတသာကြိုဆိုပါတယ်။ ဂဠုန်ပန်နဒီမြစ်ဖြတ်လေညင်းကတော့ ဝတ္ထာရားမပျက်လေနုအေးဖွဖွလေးနဲ့ ကျွန်တော်ဘယ်ဖက်ပါးကို နမ်းပါတယ်။ ကျောရိုးရှည်ရှည် မွဲမွဲခြောက်ခြောက်ပုံသဏ္ဌာန်နဲ့နာရီစင်ကြီးက တလေးတစား ဦးညွှတ်နှုတ်ဆက်ပါတယ်။ ခေတ်တစ်ခု၊ စနစ်တစ်ခု၊ လူမှုဗေဒအဝင်းကျင်းမှာ ပြေး လွှားအမိလိုက်နေတာတွေ့မြင်နေရပါတယ်။ ပွဲလန့်တုန်းဖျာခင်းကြပြီလား၊ အရွေ့တွေရဲ့အကွေ့တွေမှာ နေချင်းညချင်း ဘဝတောက်ပြောင်ပြောင်းလဲသူတွေ နဲ့ ခေါက်ဆွဲထုတ်ပြုတ်ရန် သုံးမိနစ်ပဲစောင့်ပါ။ ပြောင်းလွဲသွားခဲ့ပြီ။ ဘဝဟာ ငြိမ်သက်ခြင်းမှာ ဒီအတိုင်းပဲထား။ ရှန်းကန်လှုပ်ခေတ်မှာ မှုဟာဘယ်မျိုးဆက် ကို လွဲပြောင်းပေးမလဲ။ မိုးကြိုးပစ်ထန်းလက်နဲ့ကာဖို့ မစဉ်းစားနေနဲ့၊ ပြောင်းလဲ သွားပြီ။ မေးခွန်းတချို့က အဖြေရမဲ့နောက်သို့ တကောက်ကောက်လိုက်သွားကြ တော့ ဘယ်ရောက်လို့နေမှန်း သတင်းတောင် သဲ့သဲ့မကြားမိသေးဘူး။

## (၄)

လွန်လေပြီးသော ကာလတချို့မှာ မြို့ကလေးရဲ့အရှေ့ဘက်မှာရှိတဲ့ ပန်လန်တောကမ်းပေါ်က ဟိုးခပ်လှမ်းလှမ်းကမြင်တွေ့နေရတဲ့ 'ဝဖြိုးချပ်' တောင် တန်ပေါ်ကျကျနနထိုင်ပြီး ဝေးရီလို့ရခဲ့တယ်။ အခုတော့ ကမ်းခြေမမြင်ရအောင် (ကုလားတန်၊ အိန္ဒိယ၊ ပလက်ဝ) စီမံကိန်းရဲ့အုတ်တံတိုင်းကြီး ပိတ်ဆို့ကာရံမှု ကြောင်း အတွေးရသဟာဘုံပျောက်နေခဲ့ပြီ။ အခုတော့ "No" ပါပဲ။ မြစ်ထဲမှာ တနိုင်တပိုင်ဆင်းပြီး 'ရင်းဒွန်း' (ငါးရှာနည်းတမျိုး) ထိုးသူတွေ (ကြက်ပျောက်၊

ငှက်ပျောက်) တယောက်မှမတွေ့၊ နာမကျန်းသောမြစ်ဖြတ်လေဟာ သမိုင်းမှန်ကို ဘယ်ဖက်ရှုထောင့်ကလျှောက်လဲချက်ပေးမလဲ၊ လူမှုအပျက်ပျက်၊ လူမှုအနုပညာတချို့က လွမ်းလောက်စရာတကွက်မှမရှိခဲ့ဘူး။ အခုတော့ ပါးစပ်ရာဇဝင်တွင်ခဲ့ပြီ၊ လူများ၊ နှစ်ကာလများ၊ အချိန်များ၊ လည်ပတ်သံသရာမှာ တပတ်-နှစ်ပတ်-ဆက်ကာဆက်ကာ သမိုင်းဆက်ထုံးဟာ ဖြေဖို့ဘယ်သူမှ စိတ်မဝင်စားကြဘူးလား။

## (၅)

ကျွန်တော်တို့မြို့ကလေးဟာ ကစ္ဆပနဒီနဲ့ဘင်္ဂလားပင်လယ်အော်ဆိုတဲ့ တောင်ကွေ့သောင်ကွေ့တွေရှိရာ နေရာမှာတည်ရှိပါတယ်။ မြို့စောင့်နတ်ဖြစ်တဲ့ "ဗုဒ္ဓေါမောရှင်နတ်" ကျွန်တော်တို့မြို့ကလေးကို သဘာဝဘေးဒဏ်ရန်သူငါးပါးဘေးဒဏ်တို့မှ ကင်းဝေးအောင်၊ စောင့်ရှောက်နေပါကြောင်း (ပြောကြားခွင့်ပြုပါ) မြို့ကလေးရဲ့ မြို့လယ်ခေါင်တည့်တည့်မှာ အရှေ့/အနောက်ဖြတ်စီးနေတဲ့ မြို့လည်ချောင်း (သို့မဟုတ်) ဘီလူးမချောင်း(သို့မဟုတ်) ကုလားချောင်းဆိုတဲ့ချောင်းကျယ်ကြီးတစ်ခုရှိပါတယ်။ ဒီချောင်းထဲမှာ (မိုးတွင်း/ဆောင်းတွင်းမှာ ပိုရီပြင်လွင်ပြင်နဲ့ လေးမြို့ချောင်းလွင်ပြင်နဲ့ အနီးအနားလွင်ပြင်ဒေသတွေက ထွက်ရှိတဲ့ (သီးနှံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ လိမ္မော်သီး၊ ကြံ၊ ထင်းများရောင်းဝယ်ဖောက်ကား ပို့ဆောင်လာတဲ့ကုန်လှေ၊ သင်္ဗာန်ကြီးတွေဟာ ချောင်းရိုးတလျှောက် ဖွေးဖွေးလှုပ်လို့ပါ။ မိုးတွင်း (ဝါတွင်းကာလ များမှာ) စနေနေ့၊ တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့ကျောင်းပိတ်တဲ့အခါ ကျွန်တော်တို့ကလေးတစ်စုဟာ (ကုလားချောင်းရေမြစ်ထဲသို့ ရေကူးကစားကြတာ၊ ရေကူးရင်းလိမ္မော်သီးသင်္ဗာန်တွေဆီက လိမ္မော်သီးတောင်းစားကြ၊ တချို့ကရေထဲပစ်ပေးပါတယ်။ တချို့ကလည်းမပေးပါ အော်ငေါက်ခြင်းခံနေရ။ နောက်တော့လည်း ပေးတာပါပဲ။ ကလေးဘဝပွင့်လင်းလွတ်လပ်စွာ ကျွန်တော်တို့ပခုံးပေါ် ဘာလေးလေးလံလံမှ တင်ထားတာမရှိသေးဘဲ ဖြတ်လတ်၊ တက်ကြွ၊ လွတ်လပ်ပေါ့ပါးမှုတွေနဲ့ဘာအရောင်မှမဆိုးရသေးတဲ့ ဖြူဆွတ်ဆွတ်အဖြူရောင်ပန်းချီကားတစ်ချပ်လိုဘဝများဟာ (ဟိုတုန်းကအနေအထားလိုပြောတာပါ) ရေကူးရင်း ရေပြင်ပေါ်ကို လှေ၊ သင်္ဗာန်တွေပေါ်ကပစ်လိုက်တဲ့ ပုပ်တော့မဲ့အသီးတွေ နာနေတဲ့အသီး

တွေ ရေပြင်ပေါ်ပစ်ထားတာ ပေါလောပေါလောနဲ့ လိမ္မော်သီးတွေဖြစ်ပေါ်မှာ အဲဒီပစ်လိုက်တဲ့ လိမ္မော်သီးတွေက ခွဲလိုက်ရင်တစ်မွှာနှစ်မွှာလောက်ပစ်ရပြီး ကျန်အမွှာတွေက ဘာမှမဖြစ်ဘဲ အကောင်ကြီးပါ။ ရေကူးလိုက် ရေဆီမျောနေတဲ့ လိမ္မော်သီးတွေဆယ်လိုက်၊ ခွဲစားလိုက်နဲ့ ကျန်ခဲ့သောပုံရိပ်များ ပုံရိပ်များ။

## (၆)

ချောင်းထဲမှာ ပေါလောပေါလောမျောရင်း ဒီချောင်းကလေးမှ မြစ်ပြင် ပင်လယ်အော်၊ အိန္ဒိယသမုဒ္ဒရာ၊ အတ္တလန်တိတ်သမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာ၊ ပင်လယ်နီ၊ ပင်လယ်နက်၊ ပင်လယ်ဝါတွေ တခြားသောမြစ်တွေ၊ မြစ်တွေထိ ခရီးစဉ်မဲ့လိမ္မော်သီး ဒဏ်ရာရလိမ္မော်သီးတွေ ရေစီးကြောင်းရဲ့သယ်ဆောင် အတိုင်း ရေပြင်ပေါ်မှာ ကြာကြာမျောနေရပါဦးမည်။ အဲဒီအချိန်က ရေကူး ကစားခဲ့ကြတဲ့ ကျွန်တော်တို့ အ. မ. က (၃) ကျောင်းကသူငယ်ချင်းတချို့ ဖြတ်ခနဲသတိရလာပါတယ်။ မိတ်ဆွေတွေလည်း သိပ်မတွေ့ဖြစ်ပါ။ သိရသလောက်က ကနေ ရုံးကျော်ရှေ့နေဖြစ်သူ မောင်ထွန်းကျော်(ကွယ်လွန်) လေကြောင်းဦးစီးမှာလုပ်တဲ့ ဦးအောင်ကြီး(ကွယ်လွန်)၊ ဈေးရောင်းတဲ့ ‘ငတိ(ခ)မောင်တင်ထွဋ်’(ကွယ်လွန်)၊ စည်ပင်(ဈေး ကောက်)လှသိန်း(ကွယ်လွန်) နဲ့ အမေရိကရောက် ဦးစောရွှေပြည်သူရဲထဲရောက်နေတဲ့ ရွှေဇံမောင်နဲ့ခင်ဇော် လင်း(ကျန်တဲ့သူငယ်တွေတော့ ဘယ်ရောက်မသိဘူး ပြန်လည်မဆုံတော့တာ အဲသည့်အချိန်ကနေသည် နေ့အထိပါပဲ။

## (၇)

လူရယ်လို့ဖြစ်လာရင် ကံအကျိုးပေးကမတူဘူး တစ်ယောက်နဲ့တစ်ယောက် ဖြတ်သန်းမှု၊ ကြိုးစားမှုကလည်းကွာပါတယ်။ ထပ်တူတော့မကျနိုင်၊ မရပါနိုင်ပါ ဘူး၊ ဖြစ်တည်ခွင့်၊ ရပိုင်ခွင့်တွေ ကံအကျိုးပေးတော့ ပြောင်းလဲမှုရှိပါတယ်။ မိမိရှေ့ကို တည့်တည့်မတ်မတ်ရောက်ရှိလာမဲ့ အခွင့်အရေးတွေအတွက် မိမိ ကလည်း ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားရပါတယ်။ ဒါမှ အံဝင်ခွင်ကျဖြစ်မှာ ပါ။ လိုက်လျောညီထွေ ဖန်တီးပြုပြင်ဖို့လည်း အရေးကြီးပါတယ်။ လောကမှာ လူရယ်လို့ဖြစ်လာရင် (တနည်းအားဖြင့်)ပြေးလမ်းပေါ် တာလွှတ်လိုက်ပြီဆိုမှ

တော့ ရပ်နေလို့မရဘဲ ပြေးကိုပြေးနေရမှာပါ။ အချိုးအကွေ့တွေမှာ သဏ္ဍာန်အမျိုးမျိုးနဲ့ စိမ်ခေါ်မှုတွေကျော်လွှားရင်ဆိုင်ဖြေရှင်းရပါမယ်။ ဘာမှအပူပင်မရှိသေးတဲ့ကလေးဘဝပီပီ ကုလားချောင်းရေပြင်ထဲမှာ ရေကူးရင်း ရေပြင်ပေါ်မှာ လှေတွေပေါ်က ပစ်လိုက်တဲ့ တကွက်နာ(ပုပ်မဲ့လိမ္မော်သီး) တွေဟာ ရေပြင်ပေါ်လောပေါ်လော မျောနေသလို ကျွန်တော်လည်း ဘဝပင်လယ်ပေါ် ဒဏ်ရာဒဏ်ချက်တွေနဲ့ နာကြဉ်လို့လဲ ရပ်နေလို့မရဘဲ ပြေးရ၊ ရုန်း ရင်ဆိုင်ရမည်မှာမလွဲမတွေကိစ္စတွေဖြစ်ပါတယ်။ ဒါဒဏ်ရာရ လိမ္မော်သီးတစ်လုံးဟာ သူ့ဘဝသူ့အခြေအနေရှိ ကျွန်တော်တို့လူသားတွေလည်း ပြေးလမ်းပေါ်မှာ ဆက်၍ဆက်၍ပြေးလွှား ရင်ဆိုင်ရမှာတွေရှိသလို ကုလားချောင်းရေစီး ကြောင်းထဲက ရေစီးအတိုင်းမျောပါသွားမဲ့ လိမ္မော်သီးတစ်လုံးဟာ ဘယ်ဆောင်ဘယ်ပင်လယ် ဘယ်သမုဒ္ဒရာထဲ ရောက်မည်ဆိုတာ ဘယ်သူမှ တိတိကျကျမပြောနိုင်သလို လိမ္မော်သီးလူသား၊ လူသားလိမ္မော်သီးတို့ဟာ ဘဝပြေးလမ်းပေါ် ရေထဲပေါ်က၊ မျော ကာ. . . . . ရှေ့သို့. . . မျောကာ. . . မျောကာ. . . ဘယ်သောင်ကမ်းမှာအခြေ ချမဲ့ရလဒ်တွေ မဝံ့မရဲစဉ်းစား လိမ္မော်သီးတစ်လုံးထဲမှာ လူတစ်ယောက်ဘဝရှိနေသလို. . .၊ လိမ္မော်သီးတစ်လုံးရဲ့ မနက်ဖြန်ဟာ. . .၊

**ကျော်စိုးလူ**

■

## ဆိပ်ကမ်းသာစာပေမှ
### ဆက်လက်ထွက်ရှိမည့်

# တွေးရှုရေးသော ကြူးနှစ်အက်ဆေးများ

ကြူးနှစ်



“ လူကြီးမင်းတို့ ထုတ်ဝေသည့်စာအုပ်များကို ရန်ကုန်မြို့တွင်းနှင့်
အနယ်နယ်အရပ်ရပ်ရှိ စာအုပ်အရောင်းဆိုင်ကြီးများသို့
အချိန်နှင့်တစ်ပြေးညီရောက်ရှိရန် "ဆိပ်ကမ်းသာစာပေ" က
ကူညီဆောင်ရွက်ဖြန့်ချိပေးလျက်ရှိပါသည်။ ”

ဆိပ်ကမ်းသာစာပေ
ဆိုင်အမှတ် ၁၃ ၊ ၃၈ လမ်းနှင့်ဆိပ်ကမ်းသာလမ်းကြား။
ဖုန်း -၀၉ ၇၈၆ ၈၃၇ ၃၀၅၊ ၀၉ ၉၆၃ ၆၉၉၈၃၄
email: seikkamthar@gmail.com